The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 20, NO. 18
တနင်္လာနေ့တိုင်းထုတ်ဝေသည်
June 22, 2020

# အရေးပေါ် ရိက္ခာ ဝယ်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အရေးပေါ် ရိက္ခာဆန် လက်ခံထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၃ ➢



# COVID -19 ကြောင့် လယ်ယာကဏ္ဍ တုံ့နှေးသွားခြင်းအား မြှင့်တင်ရန် ကြိုးပမ်းကြပါစို့

စာမျက်နှာ - ၁၈ ➢




## မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိ

စာမျက်နှာ - ၁၁ ➢

## ဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပါစို့

စာမျက်နှာ - ၂၀ ➢


MIKKO
INSTANT
COFFEEMIX
MIKKO
MIKKO


STAR EVENT PRODUCTION
www.stareventproduction.com
Tailor Made Event Managed By JOHN LWIN
(Stars & Models INT'L)
WE ARE STARS
A specialist event production company with the knowledge, technical expertise, years of experience and an impressive track record of delivering international live events. We always deliver on time and on budget.
★ Event Management,
★ Event promotion,
★ Event Marketing
★ corporate meeting,
Whether you want to brief us on a live project or to discuss a concept you may have in mind we are more than happy to talk with you.
APACHE
Star Event Production
Stars & Models Int'l Yangon
Myanmar Int'l Fashion Week By JOHN LWIN
Contact: starbizgroup@gmail.com
Ph: 01 551143, 553711, 400760,09 43112002,09 8611203,09 5027733.
No.90, 8th Floor, Room(A/B), Kabaraye pagoda Road, Shwe Gon Daing Post Office, Bahan Township, Myanmar.

# အရေးပေါ်ရိက္ခာ ဝယ်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အရေးပေါ် ရိက္ခာဆန် လက်ခံထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

အရေးပေါ်ရိက္ခာဆန်ဝယ်ယူရေးဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ MAPCO ဆန်စက်တွင် နိုင်ငံတော်အရေးပေါ်ရိက္ခာဆန်ဝယ်ယူလက်ခံထားရှိမှု အခြေအနေများအားသွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက အရေးပေါ်ရိက္ခာဆန်အား စနစ်တကျ အရည်အသွေးစစ်ဆေးလက်ခံထားမှု အခြေအနေများနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အရေးပေါ်ရိက္ခာဆန်အား လက်ခံဝယ်ယူလျက်ရှိရာ ဇွန် ၁၂ ရက်အထိ ရန်ကုန်မြို့တွင် တန် ၃၅၀၀၀၊ မန္တလေးမြို့တွင် တန် ၃၀၀၀၊ နေပြည်တော်တွင် တန် ၁၀၀၀ စုစုပေါင်း တန်ချိန် ၃၉၀၀၀ ကျော် ဝယ်ယူလက်ခံရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**MOC (IR)**



# နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဖို့ ခရီးသွားပူဖောင်း (Travel Bubbles) အစီအစဉ်

ကမ္ဘာ့နိုင်ငံအများစုက COVID-19 ကာလအတွင်း နိုင်ငံတကာ ခရီးသွားလုပ်ငန်းများပြန်လည်စတင်ရန် ခရီးသွားပူဖောင်း (Travel Bubbles) လို့ ခေါ်တဲ့အယူအဆကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ ခရီးသွားပူဖောင်း (Travel Bubbles) က ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်တဲ့ ဒေသ၊ နိုင်ငံများအကြား ဝင်/ထွက်ပေါက်များ အပြန်အလှန် ဖွင့်လှစ်ခွင့်ပြုရန် သဘောတူညီချက်ရယူပြီး အခြားနိုင်ငံများနှင့် ဝင်/ထွက်မှုများ ဆက်လက်ပိတ်ထားကာ ခရီးသွားပူဖောင်းဒေသတစ်ခုတည်ဆောက်ပြီး အဆိုပါဒေသအတွင်း အပြန်အလှန် သွားရောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီ ခရီးသွားပူဖောင်းဒေသအတွင်းကို သဘောတူညီထားတဲ့ နိုင်ငံများမှလွဲပြီး အခြားနိုင်ငံများက ဝင်ရောက်နိုင်မှာမဟုတ်ဘဲ အဲဒီအယူအဆက လူအများ လွတ်လပ်စွာခရီးသွားလာခွင့် ရရှိနိုင်မှာဖြစ်လို့ ထိခိုက်နစ်နာမှုမရှိကြောင်း လေ့လာသူပညာရှင်များက လက်ခံထားကြပါတယ်။

ယခုအခါ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့အကြား၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်နဲ့ ထိုင်ဝမ်ဒေသ၊ ကိုရီးယားသမ္မတနိုင်ငံတို့အကြား၊ အစ္စရေး၊ ဂရိနဲ့ ဆိုက်ပရပ်စ်နိုင်ငံတို့အကြား၊ ဥရောပနိုင်ငံသုံးနိုင်ငံဖြစ်တဲ့ အက်စ်တိုးနီးယား၊ လပ်ဗီးယားနဲ့ လစ်သူရေးနီးယားနိုင်ငံတို့အကြား ဘောလ်တစ်ပူဖောင်း (Baltic Bubble) အဖြစ် တည်ဆောက်ပြီး လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် အခွင့်အလမ်းတွေကို ရှာဖွေလျက်ရှိပါတယ်။ အဆိုပါ ခရီးသွားပူဖောင်း (travel bubbles) အရ သဘောတူညီထားတဲ့ ဒေသများအကြား လွတ်လပ်စွာသွားလာခွင့်နှင့် မိမိကိုယ်ကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု (Self-quarantine) လိုအပ်ချက်တွေကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် နိုင်ငံအများစုက စတင်ဆောင်ရွက်တော့မယ့် ခရီးသွားပူဖောင်း (Travel Bubbles) ဒေသကို မြန်မာနိုင်ငံအနေနဲ့ ခရီးသွားကန့်သတ်မှုတွေကို ပြန်လည်ပြီး စတင်ဖြေလျှော့ချိန်မှာ ရောဂါကူးစက်မှုနည်းပါးတဲ့ ဟောင်ကောင်ဒေသ၊ မကာအိုဒေသနဲ့ ကိုရီးယားသမ္မတနိုင်ငံတွေလို အစရှိတဲ့ ဒေသ/နိုင်ငံများနဲ့ ပြန်လည်စတင်ဖွင့်လှစ်ပြီး ဒေသတွင်းမှာ အခွင့်အလမ်းတွေကို လက်ဦးမှုရယူပြီး ခရီးသွားပူဖောင်း (Travel Bubbles) တည်ဆောက်ကာ လုပ်ငန်းရှင်များနှင့် ခရီးသွားများ သွားလာဝင်/ထွက်နိုင်ရန် ဆောင်ရွက်သွားမယ်ဆိုရင် COVID-19 ကြောင့် သက်ရောက်မှုရှိခဲ့တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဟောင်ကောင်ဒေသမှာရှိတဲ့ လုပ်ငန်းရှင်တွေက COVID-19 ကာလအတွင်း သူတို့ရဲ့ လုပ်ငန်းတွေ ခေတ္တရပ်ဆိုင်းထားရပေမယ့် COVID-19 အလွန်ကာလမှာ သူတို့ရဲ့လုပ်ငန်းတွေ ပုံမှန်လည်ပတ်စေဖို့နဲ့ လုပ်ငန်းတွေချဲ့ထွင်ရန် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိပါတယ်။ ဟောင်ကောင်ဒေသမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ပြင်းထန်သည့် ကာလများဖြစ်တဲ့ မတ်လ နဲ့ ဧပြီလတွေမှာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ လာရောက်၍ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ကြပါတယ်။ သူတို့နဲ့ ဆွေးနွေးချက်များအရ မြန်မာနိုင်ငံဟာ ဒေသတွင်းမှာ COVID-19 ကူးစက်ခံရမှု အနည်းဆုံးဖြစ်တဲ့အတွက် မြန်မာနိုင်ငံကို ကူးသန်းသွားလာရန် စိတ်ချရတဲ့ နိုင်ငံဖြစ်တယ်လို့ ယူဆတဲ့အတွက်၊ COVID-19 အလွန်ကာလ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကုစားရေး အစီအမံများအပေါ် ယုံကြည်မှုရှိကြတဲ့အတွက် ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံကို ပေးအပ်ထားတဲ့ ကုန်သွယ်မှုအထူးအခွင့်အရေး(GSP) ခံစားခွင့်ခိုင်မာလာတဲ့အတွက် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဖို့နဲ့ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူ များပြားလာနိုင်ကြောင်း အသိပေးလိုက်ပါတယ်။

**ဒေါက်တာထိန်လင်း Myantrade**
**Ref: Myanmar Hong Kong Chamber of Commerce and Industry**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
မင်းအောင်အေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်
သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၃၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
မြင့်ဇော်မိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမွန်မွန်သူ၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန်လေးသောင်းခန့် တင်ပို့

ဇွန် ၆ ရက်မှ ၁၂ ရက်ထိ မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၅၂၀၀ ခန့်တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၄၆၀၀ ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၃၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၃၀၀ နီးပါးတင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၈၀၀ ခန့်ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုတစ်ပတ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၄၂၀၀ ခန့်နှင့် မြဝတီကုန်သွယ်ရေးဇုန်မှ တန်ချိန် ၂၅၀ စုစုပေါင်းဆန်ကွဲတင်ပို့မှုတန်ချိန် ၄၄၀၀ ခန့်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၃ သန်း တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၂၅၀၀ ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ဇွန် ၇ ရက်မှ ၁၃ ရက်ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၄၀၀၀ ကျော်တင်ပို့နိုင်ခဲ့သည်ဟု သိရသည်။ တင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ တန်ချိန် ၇၀၀၀ ခန့်၊ အာရှနိုင်ငံများသို့ တန်ချိန် ၆၃၀၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ တန်ချိန် ၁၀၀၀ နီးပါးတင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၀၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ဆန်ကွဲတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၁၀ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၇၈၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။ အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၉၂၀၀ ခန့်၊ အာရှနိုင်ငံများသို့ တန်ချိန် ၇၄၀၀ ခန့်နှင့်အာဖရိကနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၂၀၀ ခန့် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၄၂၀၀၀ ခန့် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၅၀၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# ပြည်နှံ့စပါးဈေးကွက် ယခင်နှစ်ထက် ဈေးပိုရ

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင်အနေဖြင့် နွေစပါးစိုက်ဧကမှာ ၅၀၈၀၃ဧက စိုက်ပျိုးပြီးစီးခဲ့သည်။ နွေစပါးကို ဇွန်လဆန်းမှ စတင်ရိတ်သိမ်းပြီး ယခုအချိန်အထိ ဧကတစ်သောင်းကျော် ရိတ်သိမ်းပြီးဖြစ်သည်။ အများဆုံးရိတ်သိမ်းပြီးစီးသည့် မြို့နယ်များမှာ သဲကုန်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်တို့ဖြစ်သည်။

နွေစပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၉၂ ဒသမ ၇၄တင်းထွက်ရှိပြီး ဈေးနှုန်းမှာ ၄၆ ပေါင် တင်း၁၀၀လျှင် ကျပ် ၅၁၅၀၀၀ ဖြင့် စက်အရောက်ရောင်းချလျက်ရှိပြီးယခင်နှစ်ထက်စာလျှင် ယခုနှစ်မှာဈေးပိုလာခဲ့သည်။

**အေးမျိုးရွှေ(ပြည်)**

# ပုသိမ်ခရိုင်အတွင်း ပေါ်ဆန်းနှင့် ဧည့်မထစပါး၊ ဆန်ဈေး အနည်းငယ်မြင့်တက်

ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့တွင် ဇွန်လဒုတိယပတ်အတွင်း ပေါ်ဆန်းစပါး/ဆန်နှင့် ဧည့်မထမိုး/နွေစပါး ဆန်ဈေးအနည်းငယ်မြင့်တက်လျက်ရှိကြောင်း တိုင်းဆန်/စပါးသတင်းများအရ သိရသည်။

ပုသိမ်မြို့ပေါ်တွင် ယခင်ပေါ်ဆန်းစပါး၊ ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၇၄၅၀၀၀ဈေးမှ ယခုဈေး ကျပ် ၇၆၂၀၀၀ ဆန်တစ်အိတ်ကို ကျပ် ၃၅၀၀၀ဈေး မှ ယခုကျပ် ၃၆၀၀၀ ဖြစ်သွားသည်။ စပါးတင်း ၁၀၀ကို ကျပ် ၁၅၀၀၀ ခန့်နှင့် ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀မြင့်တက်လျက်ရှိပြီး ဧည့်မထမိုးစပါး ၄၆ ပေါင်တင်း ၁၀၀ကို ကျပ် ၅၈၉၀၀၀ ဈေးမှ ကျပ် ၅၉၈၀၀၀ ဖြစ်သွားသည်။ စပါးတင်း ၁၀၀ကို ကျပ် ၁၀၀၀၀ ဝန်းကျင်မြင့်တက်၍ ဆန်တစ်အိတ်ကို ကျပ် ၂၅၀၀၀ မှ ၂၅၅၀၀ ဖြစ်သွားသည့်အတွက် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ မြင့်တက်သွားသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခင်မိုးစပါး ၄၆ ပေါင်တင်း၁၀၀ကို ကျပ် ၅၇၀၀၀၀ ဈေးမှ ယခုဈေးကျပ် ၅၈၉၀၀၀ မြင့်တက်၍ ဆန်တစ်အိတ်ကို ကျပ် ၂၅၀၀၀ မှ ၂၅၅၀၀ ဖြစ်သွားသည့်အတွက် စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ခန့် နှင့် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ မြင့်တက်သွားသည်။

သာပေါင်းမြို့နယ်တွင် ယခင်နွေစပါး ၄၆ ပေါင်တင်း ၁၀၀ကို ကျပ် ၅၁၀၀၀၀ ဈေးမှ ယခုဈေး ၅၂၅၀၀၀ ဖြစ်သွားသည့်အတွက် စပါးတင်း ၁၀၀ကို ကျပ် ၁၅၀၀၀ ခန့်မြင့်တက်လျက်ရှိပြီး ဆန်စပါးဈေးကွက် အရောင်းအဝယ်သွက်၍ စပါးလက်ကျန်လျော့နည်းလာမှုကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးသတင်းများအရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# သထုံမြို့၏ စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင် စီးထွက်မှုအခြေအနေ

ဇွန်လ တတိယပတ်အတွင်း သထုံမြို့၏ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၆၄၀၀၀၀ ပေါ်ဆန်း ကျပ် ၉၃၀၀၀၀ ဖြစ်ပြီး ၂၄ ပြည်ပါဆန်တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၂၄၅၀၀ နှင့် ပေါ်ဆန်း ကျပ် ၃၅၀၀၀ ဖြစ်ရာ ယခင် COVID-19 ကာလမတိုင်မီ မတ်လပထမပတ်နှင့် နှိုင်းယှဉ်လျှင် ဧည့်မထစပါးဈေးမှာ ကျပ် ၈၀၀၀၀ ခန့်၊ ပေါ်ဆန်းစပါးဈေးမှာကျပ် ၁၀၀၀၀၀ ခန့် ဈေးနှုန်းမြင့်တက်ပြီး ဆန်ဈေးနှုန်းမှာ ဧည်မထ ကျပ် ၂၅၀၀ခန့်၊ ပေါ်ဆန်း ကျပ် ၅၅၀၀ ခန့် ဈေးနှုန်းမြင့်တက်ကြောင်း သိရှိရသည်။

စီးဝင်/စီးထွက်မှုအခြေအနေမှာ အခြားတိုင်းဒေသကြီးများမှ ဆန်ဝင်ရောက်မှုမှာ တစ်နေ့လျှင် ပေါ်ဆန်း ဆန်အိတ်၃၀၀ ခန့်ရှိပြီး သထုံမှ ဘားအံသို့ တစ်နေ့လျှင် ဧည့်မထ ဆန်အိတ် ၄၀၀ခန့် ထွက်ရှိကြောင်း သိရှိရသည်။

**ထိန်လင်း(သထုံ )**

# အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၉-၆-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၄၅ | ၅၄၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၂၉ | ၅၂၈ | ▽ | ၄၇၃ | ၄၆၃ | ▽ | ၃၆၈ | ၃၆၈ | □ | ၄၄၈ | ၄၃၈ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၅၀၆ | ၅၀၆ | □ | ၄၅၃ | ၄၄၈ | ▽ | ၃၃၈ | ၃၃၈ | □ | ၃၉၃ | ၃၈၀ | ▽ |
| ပေါင်းဆန် | ၅၃၈ | ၅၃၈ | □ | - | - | - | ၃၆၈ | ၃၆၈ | □ | ၄၆၆ | ၄၆၆ | □ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၁၉-၆-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ - ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၈၀၀ | △ | ၂၃၀၀၀ | △ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | △ | ၂၅၅၀၀ | △ | ၇၆၂၀ | △ | ၃၆၀၀၀ | △ |
| ပဲခူး | ၅၇၅၀ | △ | ၂၄၀၀၀ | □ | ၇၂၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၁၀၀၀၀ | □ | ၄၅၀၀၀ | □ | ၁၃၀၀၀ | □ | ၄၈၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၃၀၀၀ | □ | ၈၅၀၀ | □ | ၄၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၄၃၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | △ | ၂၃၅၀၀ | □ | - | - | ၅၁၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၈၅၀၀ | □ | - | - | ၅၃၀၀၀ | △ |
| မော်လမြိုင် | ၅၃၀၀ | □ | ၂၇၀၀၀ | △ | ၈၃၀၀ | □ | ၃၆၀၀၀ | □ |
| လှိုင်ကော် | ၈၃၁၀ | □ | ၃၇၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၂၅၀ | △ | ၂၆၅၀၀ | △ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၆၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၁၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

### ၁၂-၆-၂၀၂၀မှ ၁၈-၆-၂၀၂၀ရက်နေ့အထိ Online CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 376 | 7 | - | - | 1 | 384 |
| | Form AANZ | 8 | 1 | - | - | - | 9 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 35 | 2 | - | - | - | 37 |
| | Form AJ | 21 | - | - | - | - | 21 |
| | Form AK | 133 | 3 | - | - | - | 136 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | 1 | - | - | - | - | 1 |
| | Form E | 102 | 7 | - | - | 2 | 111 |
| | Form Korea | 14 | 2 | - | - | - | 16 |
| | E Form D | 254 | - | - | - | - | 254 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 945 | 22 | - | - | 3 | 970 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၉-၆-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၈၈ | ၁၆၃၂ | ▲ | ၁၅၃၃ | ၁၅၈၃ | ▲ | ၁၄၇၅ | ၁၅၂၅ | ▲ | ၁၄၇၅ | ၁၅၇၅ | ▲ |
| ပဲစင်းငုံ | ၁၂၆၉ | ၁၂၈၁ | ▲ | ၁၂၀၀ | ၁၂၀၈ | ▲ | ၁၂၁၀ | ၁၂၀၅ | ▼ | ၁၂၂၅ | ၁၂၃၅ | ▲ |
| ပဲတီစိမ်း | ၁၇၅၀ | ၁၈၃၀ | ▲ | ၁၈၄၉ | ၁၈၈၄ | ▲ | ၁၈၁၆ | ၁၈၄၂ | ▲ | ၁၇၆၅ | ၁၉၂၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၇၅၀ | ၁၆၅၀ | ▼ | ၁၃၁၀ | ၁၂၇၅ | ▼ | ၁၃၀၀ | ၁၂၇၉ | ▼ | ၁၂၆၅ | ၁၂၅၀ | ▼ |
| ပဲလွန်းဖြူ | ၁၅၆၅ | ၁၆၅၀ | ▲ | ၁၅၀၀ | - | - | ၁၀၅၃ | - | - | ၁၃၇၀ | ၁၄၇၅ | ▲ |
| ထောပတ်ပဲ | ၁၀၄၀ | ၁၀၆၀ | ▲ | ၁၀၆၇ | ၁၀၄၉ | ▼ | ၉၄၇ | ၉၂၁ | ▼ | ၉၉၀ | ၉၇၅ | ▼ |

＊ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၆.၆.၂၀၂၀)ထိ | ယခုတစ်ပတ် (၁၃.၆.၂၀၂၀)ထိ | (၁.၁.၂၀၂၀) မှ (၁၃.၆.၂၀၂၀) ထိ |
| မတ်ပဲ | ၂၉၁၁၁၀ | ၁၀၇၈၈ | ၃၀၁၈၉၈ |
| ပဲတီစိမ်း | ၁၇၁၉၄၀ | ၅၂၆၉ | ၁၇၆၂၀၉ |
| ပဲစင်းငုံ | ၁၂၅၃၀ | ၁၂၂၂ | ၁၃၇၅၂ |
| ကုလားပဲ | ၈၁၆၈ | ၅၇၄ | ၈၇၄၂ |
| ပဲလွန်းဖြူ | ၁၈၆၈၄ | ၅၀၅ | ၁၉၁၈၉ |
| မြေထောက်ပဲ | ၁၁၉၃၅ | ၁၀၈၁ | ၁၃၀၁၆ |

## မကွေးကုန်စည်ဒိုင်တွင် မတ်ပဲနှင့် စားတော်ပဲဈေး မြင့်တက်

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်၌ ယခုတစ်ပတ် ဇွန် ၁၇ရက်တွင် ဝယ်လိုအားကြောင့် မတ်ပဲနှင့်စားတော်ပဲဈေး မြင့်တက်သွားသည်။ မတ်ပဲပိဿာ ၂၀တစ်တင်းလျှင် ကျပ် ၃၀၅၀၀၊ စားတော်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇွန် ၁၀ရက်တွင် မတ်ပဲ ပိဿာ ၂၀တစ်တင်းလျှင် ကျပ် ၂၉၀၀၀၊ စားတော်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၄၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကာလတူနှိုင်းယှဉ်ပါက မတ်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၅၀၀၊ စားတော်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၀၀၀ ထိဈေးသိသိသာသာ မြင့်တက်သွားကြောင်း သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မတ်ပဲဈေးနှုန်းများ

ယခင်သီတင်းပတ် ကာလအတောအတွင်း ဧရာဝတီတိုင်းဒေသကြီး မတ်ပဲဈေးနှုန်းသည် တစ်တင်းလျှင် ကျပ် ၃၀၄၀၀ မှ ၃၀၈၀၀အတွင်းရှိခဲ့ပြီး အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူနေသော်လည်း ရောင်းချမည့် တောင်သူနည်းပါးလျက်ရှိခဲ့သည်။ ယခုသီတင်းပတ် ဇွန် ၁၁ ရက်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၃၀၄၀၀ ထိ အနည်းငယ်ပြန်ကျသွားပြီး ဇွန် ၁၂ ရက်မှ စတင်ကာ တဖြည်းဖြည်းဈေးနှုန်းပြန်တက်လာကြောင်း တွေ့ရှိရသည်။ ဇွန် ၁၂ ရက်တွင် တစ်တင်းလျှင် ကျပ် ၃၀၇၀၀၊ ဇွန် ၁၃ ရက်တွင် ကျပ် ၃၀၈၀၀၊ ဇွန် ၁၄ ရက်တွင် ကျပ် ၃၀၉၀၀ မှ ၃၁၀၀၀ စသည် ဖြင့်အနည်းငယ်ပြန်တက်လာခဲ့သည်။ ဇွန် ၁၅ ရက်တွင် ကျပ် ၃၁၂၀၀၊ ဇွန် ၁၆ ရက်တွင် ကျပ် ၃၁၃၀၀ နှင့် ဇွန် ၁၇ ရက်တွင်ကျပ် ၃၁၃၀၀ မှ နေ့လယ်ပိုင်းတွင် ကျပ် ၃၁၇၀၀/၃၁၈၀၀ ထိ ဈေးပေးဝယ်ယူနေကြောင်း တွေ့ရသည်။ တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များအလိုက်တစ်တင်းလျှင် ကျပ်ရာဂဏန်းမျှသာ ကွာခြားချက်ရှိပြီး အချို့ရက်များတွင် နံနက်၊ နေ့လယ်၊ ညနေဈေးနှုန်းများ ကွာခြားချက်ရှိနေသေးသည်။

အိန္ဒိယနိုင်ငံသည် မတ်ပဲတင်သွင်းခွင့်ပါမစ်များချထားပေးပြီးနောက် မြန်မာမတ်ပဲ ဝယ်ယူတင်သွင်းရတော့မည်ဖြစ်သဖြင့် မတ်ပဲဈေးများ အနည်းငယ် ပြန်တက်လာကာ ယခင် သီတင်းပတ်ကာလထက် တစ်တင်းလျှင် ကျပ် ၁၀၀၀ ခန့် ဈေးပိုလာသည်။ တင်သွင်းခွင့်ပါမစ်ကြောင့် မတ်ပဲဈေးပြန်မာလာသော်လည်း ပြည်တွင်းလက်ကျန် နည်းပါးနေခြင်း၊ တောင်သူများနှင့် မတ်ပဲ လက်ဝယ်ရှိသူများက ထပ်မံ၍ ဈေးတက်လာမည့်အချိန်ကို ဆက်လက်စောင့်ဆိုင်းနေကြသောကြောင့် လက်ရှိတွင် အဝယ်သာရှိပြီးအရောင်းပမာဏ နည်းပါးနေသေးကြောင်း သိရှိရသည်။


**နေဝင်းစိုး(ဧရာကုန်သွယ်မှုဇဟိုဌာန)**

## ဟင်္သာတကုန်စည်ဒိုင်၌ မတ်ပဲဈေး တရိပ်ရိပ်မြင့်တက်လာ၊ ဖွဲနုနှင့် ဆန်ကွဲဈေး ယခင်တစ်ပတ်ထက် မြင့်တက်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် ဇွန်လ ဒုတိယပတ်က မတ်ပဲဈေးအနည်းငယ်အေးသွားသော်လည်း ဇွန် ၁၄ ရက်မှစ၍ တရိပ်ရိပ်ဈေးမြင့်တက်ခဲ့ရာ ဇွန် ၁၈ ရက်တွင်ကျပ် ၃၁၇၀၀ ဈေးပေါက်ခဲ့သည်။

ယခင်သီတင်းပတ်ထက် ကျပ် ၁၄၀၀ မြင့်တက်ခဲ့ကာ အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ အတက်မှန်းသည့်အတွက် အဝယ်များပြီး အရောင်းအားနည်းခဲ့သည်။ ဇွန်လ ဒုတိယပတ်က တစ်တင်းလျှင် ကျပ်၁၁၂၀၀ ဈေးပေါက်ခဲ့သော အစေ့ထုတ်ပြောင်းသည် ဇွန်လ တတိယပတ်တွင်လည်းကျပ် ၁၁၂၀၀ ဈေးတွင် တည်ငြိမ်လျက်ရှိသည်။ ပဲတီစိမ်း(ဆီပြောင်) တစ်တင်းလျှင် ကျပ် ၃၆၅၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ပဲတီစိမ်း(ဝါးခယ်မ) တစ်တင်းလျှင် ကျပ်၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကာ ယခင်သီတင်းပတ်ထက်ကျပ် ၅၀၀ ကျဆင်းခဲ့သည်။ ပဲလွမ်းဖြူတစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀၀ မြင့်တက်ခဲ့ကာ ပဲလွမ်းနီတစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၉၀၀ မြင့်တက်ခဲ့သည်။ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၂၀၀ မြင့်တက်ခဲ့ကာ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ မြင့်တက်ခဲ့ကြောင်းသိရှိရသည်။

**မောင်မောင်မြတ်ခိုင် (ဟင်္သာတ)**



## ပြည်ပဲဈေးကွက်ရှိ ပဲသီးနှံများ၏ ဈေးနှုန်းနှင့်ဈေးကွက်အခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲမျိုးစုံ လက်လီလက်ကား ရောင်းဝယ်လျက်ရှိရာ မတ်ပဲ၊ပဲစင်းငုံ၊ကုလားပဲ၊ ပဲကြီးစသည့်သီးနှံများ၏ အရောင်းအဝယ်ဖြစ်မှုပမာဏမှာ အခြားပဲများနှင့်ယှဉ်လျှင်များနေခဲ့ပြီး လက်ကားရောင်းဝယ်မှုဖြစ်သောပဲသီးနှံများဖြစ်ခဲ့ကြသည်။ မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ နေ့စဉ်အရောင်းအဝယ်မဖြစ်သော်လည်း ရက်ခြားရောင်းဝယ်မှုဖြစ်ခဲ့ကြသည်။ ကုလားပဲနှင့်ပဲကြီးသီးနှံမှာ နေ့စဉ်အရောင်း အဝယ်ဖြစ်ပြီး အိတ်ရာကျော်ရောင်းဝယ်မှုဖြစ်ခဲ့သည်။

**မတ်ပဲ**

မတ်ပဲသီးနှံမှာ ပဲအဝင်နည်းနေသော်လည်း လက်ကျန်ပဲများရှိခဲ့ကြကာ ဝယ်လိုအားရှိသည့်ရက်တွင် ရောင်းဝယ်မှုပမာဏအနေဖြင့် အိတ် ၂၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၃၁၀၀၀ ဖြင့် မေလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပဲဈေးနှုန်းထက် ဈေးပိုလာခဲ့ကြောင်းသိရသည်။ ယခင်နှစ်က ဇွန်လအတွင်း မတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၂၈၅၀၀သာ ရောင်းဝယ်ခဲ့သည့်အတွက် ယခုနှစ်မတ်ပဲ သိသိသာသာဈေးမြင့်တက်လာခြင်းမျိုး မရှိသော်လည်း ဈေးကောင်းသည့် ပဲသီးနှံထဲတွင် ပါဝင်ခဲ့သည်။

**ပဲစင်းငုံ**

ပဲစင်းငုံသီးနှံမှာလည်း ပဲအဝင်မရှိဘဲ လက်ကျန်ပဲများရှိနေမှုအပေါ် အိတ် ၁၀၀/၂၀၀ကျော် ရောင်းဝယ်ခဲ့ကြရပြီး ပဲဈေးအနေဖြင့် ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နေကာ ယခင်က ဈေးအတိုင်း တစ်တင်းကျပ် ၂၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲစင်းငုံသီးနှံမှာ မတ်ပဲသီးနှံကဲ့သို့မဟုတ်ဘဲ ယခုနှစ်မှာယခင်နှစ်ဈေးထက် ဈေးလျော့သွားခဲ့သည်။ ယခင်နှစ်က ပဲစင်းငုံသီးနှံသည် တစ်တင်းကျပ်သုံးသောင်းအထက်ရနေခဲ့ကြောင်းသိရသည်။

**စားတော်ပဲ**

စားတော်ပဲသီးနှံမှာ လက်ကျန်ပဲများရှိနေပြီး လက်ကားဝယ်ယူမှု တစ်ခါတစ်ရံမှဖြစ်ကာ လက်လီဝယ်ယူမှုနေ့စဉ် ပုံမှန်အဝယ်ရှိခဲ့ကြသည်။ နေ့စဉ်အိတ် ၂၀ ကျော်ရောင်းဝယ်မှုဖြစ်ပြီး ဈေးနှုန်းမှာတစ်တင်းကျပ် ၃၅၀၀၀ ဖြင့်နှစ်စဉ်လိုလို ဈေးကောင်းရသည့်သီးနှံဖြစ်သည်။ ယခင်နှစ်က စားတော်ပဲသီးနှံ တစ်တင်းကျပ်သုံးသောင်းဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် လက်လီပဲဈေးကွက်တွင် ဈေးအမြင့်ဆုံးရခဲ့သလို ယခုနှစ်တွင်လည်း လက်လီပဲဈေးကွက်မှာ ဆက်လက်ပြီး ဈေးအမြင့်ဆုံးဖြစ်နေခဲ့သည်။

**ပဲလွမ်းဖြူ**

ပဲလွမ်းဖြူသီးနှံမှာ ပဲဝင်ရောက်မှုမရှိဘဲ လက်ကျန် ပဲအနည်းငယ်ရှိနေသည့်အတွက် လက်လီဝယ်ယူမှုအပေါ် လိုသလောက်ရောင်းချနိုင်ခဲ့သည်။ တစ်ရက်အိတ် ၁၀အိတ် ၁၅အိတ်ခန့် လက်လီပုံမှန်ဝယ်ယူနေခဲ့သည်။ ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့် စားတော်ပဲဈေးနှုန်းပြီးလျှင် ဒုတိယဈေးအမြင့်ရနေသည့် သီးနှံဖြစ်ခဲ့သည်။ ယခင်နှစ်က ပဲလွမ်းဖြူသီးနှံဈေးမှာတစ်တင်း ကျပ်နှစ်သောင်းအောက်သာရခဲ့သည့်အတွက် ယခုနှစ် ပဲလွမ်းဖြူဈေး ပဲသစ်ပေါ်ချိန်ကတည်းက ဈေးမြင့်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း (ပြည်)**

# ရပ်စောက်မြို့နယ်၌ GAPစနစ်ဖြင့် စိုက်ပျိုးထားသော စိန်တလုံးသရက်သီးများ ပြည်ပဈေးကွက်များသို့ တင်ပို့နေ

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ထွက် စိန်တလုံးသရက်သီးများကို ပြည်ပပို့ကုန်အဖြစ်ဇွန်လဆန်းကစ၍ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့စတင်ပို့နေပြီဖြစ်ကြောင်း သိရသည်။ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု ကြာအင်းကျေးရွာအနီးရှိ သရက်သီးပြုပြင်ထုပ်ပိုးရေးစက်ရုံမှ တစ်ဆင့် တင်ပို့ခဲ့ခြင်းဖြစ်သည်။

ထုပ်ပိုးစက်ရုံကို အစ္စရေးနိုင်ငံလုပ် ကျပ်သိန်းပေါင်း ၃၀၀၀ ခန့်တန်ဖိုးရှိသော စက်ပစ္စည်းများတပ်ဆင်အသုံးပြုထားခြင်းဖြစ်သည်။ သရက်သီးအရွယ်အစားအဆင့်လေးမျိုးခွဲခြား၍ တင်ပို့ခဲ့ခြင်းဖြစ်ပြီး အရွယ်အစားလေးမျိုးကတော့ အလေးချိန်ဂရမ် ၂၅၀ မှ ဂရမ် ၃၀၀၊ ဂရမ်၃၀၀ မှ ၃၅၀၊ ဂရမ် ၃၅၀ မှ ဂရမ် ၄၀၀၊ ဂရမ် ၄၀၀ မှ ၄၅၀ အထက် အသီးသီးဖြစ်ပါတယ်။ စိန်တလုံးတစ်တန် အနိမ့်ဆုံးဈေး ငွေကျပ် ၇ ဒသမ ၈သိန်းမှ အမြင့်ဆုံးဈေးငွေကျပ် ၁၁ ဒသမ ၈ သိန်းထိဈေးရရှိကြမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါဈေးနှုန်းသည် သရက်စိုက်တောင်သူလက်ဝယ်သို့ အသားတင်ရရှိမည့်တန်ဖိုးဖြစ်ပြီး ကားသယ်ခ၊ ဂျပ်စက္ကူခြင်း၊ အိတ်နှင့်အခြားသောကုန်ကျစရိတ်များနှင့် အလုပ်သမားခတို့ မပါရှိကြောင်း၊ တောင်သူမှ စက်ရုံအရောက်ပို့ဆောင်ပေးရန်သာ လိုအပ်ကြောင်း သိရသည်။ ထုပ်ပိုးစက်ရုံမှ တောင်သူများ ပေးပို့လာသည့် သရက်သီးများကို ဆေးရည်စိမ်ခြင်း၊ အသီးအရွယ်အစားခွဲခြားခြင်း၊ အရွယ်အစားအလိုက် ထုပ်ပိုးခြင်းလုပ်ငန်းအဆင့်ဆင့်တို့ကိုဆောင်ရွက်ပြီး တရုတ်နိုင်ငံနှင့်စင်ကာပူနိုင်ငံများသို့ တင်ပို့နေပြီဖြစ်ကြောင်း သိရသည်။

ရပ်စောက်မြို့နယ်သရက်အစုအဖွဲ့ဥက္ကဋ္ဌဦးမြင့်ဦးက ပြောကြားသည်မှာ "ရပ်စောက်မြို့နယ်တွင် စိန်တလုံးသရက်မျိုးအပါအဝင် အခြားသရက်မျိုးကောင်းများကိုလည်း စိုက်ပျိုးထားရှိပြီး စိုက်ဧက၁၀၀၀၀ ခန့်ရှိပါတယ်။ စိန်တလုံးသရက်သီးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိရာ ဈေးကွက်လိုအပ်ချက်အရ စင်ကာပူနှင့် ရုရှားနိုင်ငံအပါအဝင် ဟောင်ကောင်နှင့် ဘရူနိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ဖူးကြောင်းနှင့် လာမည့်နှစ်တွင် ဥရောပဈေးကွက်သို့ပါတင်ပို့သွားမယ်"ဟု သိရသည်။

**စောမောင်(တောင်ကြီး)**

# ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ

ပခုက္ကူကုန်စည်ဒိုင်တွင် အညာဒေသမှထွက်ရှိသော ပဲမျိုးစုံဖြစ်သည့် ပဲစင်းငုံ၊ ကုလားပဲ၊ ထောပြူ ပဲတီစိမ်း၊ ပဲဇီးကွက်၊ စွန်တာနီနှင့် အခြားသီးနှံများ ဥပုသ်နေ့မှလွဲ၍ နေ့စဉ် ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

တစ်ပတ်အတွင်းပဲဈေးနှုန်းများမှာ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၄၁၀၀-၂၄၂၀၀-၂၄၃၀၀ ဖြင့် အိတ် ၅၀မှ ၃၀၀၊ ကုလားပဲသုံးမျိုးဖြစ်သည့် ကုလားပဲဝါ တစ်တင်းလျှင် ကျပ် ၂၂၈၀၀-၂၂၃၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ ကုလားပဲဝါလုံးကြီးတစ်တင်းလျှင် ကျပ် ၂၄၀၀၀-၂၄၂၀၀ ဖြင့် အိတ် ၁၀၀ မှ ၆၀၀၊ ကုလားပဲဖြူတစ်တင်းလျှင် ကျပ် ၂၄၀၀၀-၂၄၅၀၀ ဖြင့် အိတ် ၅၀ မှ ၂၀၀၊ ပဲတီစိမ်းကြီးတစ် တင်းလျှင် ကျပ် ၃၅၂၀၀-၃၅၄၀၀-၃၅၅၀၀ ဖြင့် အိတ် ၅၀ မှ ၃၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၆၇၀၀-၁၆၈၀၀ ဖြင့်အိတ် ၅၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၀၀၀-၁၇၂၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့တစ်တင်းလျှင် ကျပ် ၉၅၀၀-၉၆၀၀-၉၇၀၀ ဖြင့်အိတ် ၅၀ မှ ၁၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၆၀၀၀ ဖြင့် အိတ် ၁၀၀၊ နှမ်းနက် စမုံတစ်တင်းလျှင် ကျပ် ၅၅၀၀၀ ဖြင့် အိတ် ၃၀၊ ပဲယင်းတစ်တင်းလျှင် ကျပ် ၁၆၀၀၀ ဖြင့် အိတ် ၅၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် ပဲတီစိမ်း၊ ပြောင်းဖူးစေ့၊ နှမ်းဖြူသန့်နှင့် ထောပတ်ပဲဖြူများ အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ်၏ ပဲတီစိမ်းဈေးမှာတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၉၇၀၀ ဖြင့် အိတ် ၅၀၀ ထောပတ်ပဲတစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် အိတ် ၅၀၊ နှမ်းဖြူသန့်တစ်တင်းလျှင် ကျပ် ၃၈၀၀၀ -၃၉၀၀၀ ဖြင့်အိတ် ၅၀၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းများ

ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ အိတ် ၁၃၆၀၊ မန္တလေးမြို့မှ အိတ် ၁၁၁၀၊ ရွှေဘိုမြို့မှ အိတ် ၇၇၀ တင်သွင်းခဲ့ရာ စုစုပေါင်းဆန်တင်သွင်းမှုမှာ ဆန်အိတ် ၃၂၄၀ တန်ချိန်အားဖြင့် ၁၆၂ ဒသမ ၆၈ တန်တင်သွင်းခဲ့ပြီး ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ဧည့်မထ ဆန်အိတ်တင်ပို့မှုအနေဖြင့် စုစုပေါင်းဆန်အိတ် ၁၃၃၀ တန်ချိန်အားဖြင့် ၆၆ ဒသမ ၇၈ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်မည်ဆိုပါက ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ စုစုပေါင်းဆန်တင်ပို့မှုမှာ တန်ချိန်အား ဖြင့် ၁၈ ဒသမ ၅၈ တန်တင်ပို့မှုပိုမိုလာကြောင်းနှင့် ပြောင်းတင်ပို့မှုအနေဖြင့် အခြားမြို့ကြီးများသို့ ပြောင်းအိတ်စုစုပေါင်း ၈၈၆၀ တန်ချိန်အားဖြင့် ၄၃၄ ဒသမ ၀၂ တန်ခန့်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်မည်ဆိုပါက ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ စုစုပေါင်းပြောင်းတင်ပို့မှုမှာ တန်ချိန်အားဖြင့် ၅ ဒသမ ၃၉ တန်ခန့် လျော့နည်းသွားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ သိရှိရသည်။

လက်ရှိ ကယားပြည်နယ်အတွင်း အရောင်းအဝယ်ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါးတင် ၁၀၀ လျှင် ကျပ် ၈၃၁၀၀၀ ဈေးပေါက်ကြောင်း၊ ပြည်နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ပေါ်ဆန်း၊ ဧည့်မထ၊ ငစိန် တို့ဖြစ်ပြီး ဆန်အိတ်ဈေးနှုန်းများမှာ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၃၀၀၀၊ ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၃၇၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၉၀၀၀ ဈေးပေါက်ပြီး၊ တစ်ပြည်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ကျပ် ၂၉၀၀၊ ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၇၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် ကျပ် ၁၂၀၀၊ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၉၀ ဈေးအနည်းငယ်တက်လာကြောင်း၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ နှုန်းဖြင့် ဈေးပေါက်လျက်ရှိကြောင်း ကုန်သည်/ပွဲစားများထံမှ သိရှိရသည်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၇ .၆ . ၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အလုံဆိပ်ကမ်း(၂) | - WHITE TOMONY | Steel Coil&20 Units Vehicle ၁၀၄၇၀ တန်ချ |
| စက်မှုဆိပ်ကမ်း(၂) | - PRESIDIO | ကုန်သေတ္တာ ၉၇၃ တင် ၄၅၇ ချ |
| စက်မှုဆိပ်ကမ်း(၄) | - SINAR BANDUNG | ကုန်သေတ္တာ ၈၂၀တင် ၅၁၄ ချ |
| | - OCEAN PROBE | ကုန်သေတ္တာ ၇၃၀တင် ၉၁၃ချ |
| သီလဝါဆိပ်ကမ်း(၁) | - XETHA BHUM | ကုန်သေတ္တာ ၂၄၇တင် ၁၀၄ချ |
| | - PRESIDIO | ကုန်သေတ္တာ ၃၄၃ တင် ၁၇၄ချ |
| သီလဝါဆိပ်ကမ်း(၄) | - JUTHA PATTHAMA | Urea (In Bulk) ၅၁၇၇ တန်ချ |
| သီလဝါဆိပ်ကမ်း(၅) | - DECENT | Fertilizer ၁၅၀၀၀ တန်ချ |
| သီလဝါဆိပ်ကမ်းသစ်(၂) | - HAI PHUONG -45 | Palm Kernal Sheel 2200 တန်ချ |
| IBTT ဆိပ်ကမ်း | - BLUE BALESTIER | ဂျုံ ၂၇၂၆၀ တန်ချ |
| MKH ဆိပ်ကမ်း | - THINGAZAR | Fertilizer ၂၂၀၆ တန်ချ |
| MMTM JETTY | - MT. GLORY OCEAN | Diesel Oil ၁၁၀၂၃ တန်ချ |
| | - MT. ANGEL NO 6 | Diesel Oil+MOGAS(92 Ron) ၂၆၂၀၄တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| POROSPERITY | ပြောင်းဖူး တန်ချိန် ၂၄၀၀၀ တန်ချရန် | BANGLADESH | ၁၉.၆.၂၀၂၀ |
| ODIRISCoal(In Bulk) | ၃၃၀၀၀တန်ချရန် | AUSTRALIA | ၁၉.၆.၂၀၂၀ |
| HASCI CROWN | Steel Plate&G/C ၃၆၄၉တန်ချရန် | JAPAN | ၁၉.၆.၂၀၂၀ |
| BF NILOU | Steel Bars ၆၀၅၉တန်ချရန် | TURKEY | ၂၀.၆.၂၀၂၀ |
| BBC EVEREST | (CBM)G/C ၉၆၁ တန်ချရန် | JAPAN | ၂၁.၆.၂၀၂၀ |
| SERENE THEO DORA | Coal(In Bulk) ၃၂၁၃၂ တန်ချရန် | S/AFRICA | ၂၂.၆.၂၀၂၀ |
| SKY GLOBE | Steel Product ၃၁၀၀၀ တန်ချရန် | CHINA | ၂၃.၆.၂၀၂၀ |
| CS CANDY | Wheat(In Bulk) ၂၅၀၀၀ တန်ချရန် | AUSTRALIA | ၂၃.၆.၂၀၂၀ |
| YANA HARU | Ammonium Nitrate ၃၀၀၀ တန်ချရန် | CHINA | ၂၅.၆.၂၀၂၀ |
| ELPIDA GR | Steel Product ၃၁၁၀၀ တန်ချရန် | CHINA | ၂၆.၆.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ALS SUZURAN | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၈.၆.၂၀၂၀ |
| OCEAN PROBE | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၁၈.၆.၂၀၂၀ |
| TIC VDAY | SINGAPORE | အလုံဆိပ်ကမ်း | ၁၉.၆.၂၀၂၀ |
| AS SERENA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၉.၆.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၆.၂၀၂၀ |
| ALVAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၉.၆.၂၀၂၀ |
| TRIESTE TRADER | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၉.၆.၂၀၂၀ |
| FILO TIMO | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၄.၆.၂၀၂၀ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၆.၂၀၂၀ |
| MCC SHENZHEN | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၅.၆.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AS SOVERIEING | MOGAS (92 Ron)12000တန်ချရန် | SINGAPORE | ၁၉.၆.၂၀၂၀ |
| MT.ANGEL NO 2 | MOGAS (92 Ron)14000တန်ချရန် | SINGAPORE | ၁၉.၆.၂၀၂၀ |
| MT.GLORY STAR | Diesel Oil 15000 တန်ချရန် | SINGAPORE | ၁၉.၆.၂၀၂၀ |
| MT.GOLAR KEWIN | LNG 65000 တန်ချရန် | SINGAPORE | ၁၉.၆.၂၀၂၀ |
| MT.AS SOVERIEIGN | MOGAS(92 Ron) 12000တန်ချရန် | SINGAPORE | ၁၉.၆.၂၀၂၀ |
| MT.SCHUMI | LPG Gas 2000 တန်ချရန် | SINGAPORE | ၁၉.၆.၂၀၂၀ |
| MT.PRICE DENCE | Diesel Oil 8000 တန်ချရန် | SINGAPORE | ၂၀.၆.၂၀၂၀ |
| MT.PANGNIU | Diesel Oil 20000 တန်ချရန် | SINGAPORE | ၂၀.၆.၂၀၂၀ |
| MT.GREAT DIAMOND | Diesel Oil 12000 တန်ချရန် | SINGAPORE | ၂၂.၆.၂၀၂၀ |
| MT.KIRANA HASTA | Diesel Oil 16500 တန်ချရန် | SINGAPORE | ၂၃.၆.၂၀၂၀ |
| MT.SURYA AKI | Lighting Vessel | SINGAPORE | ၂၃.၆.၂၀၂၀ |
| MT.AU GEMINI | P.Oil In Bulk 4300 တန်ချရန် | NDONESIA | ၂၃.၆.၂၀၂၀ |
| MT.THERESA PISCES | Diesel Oil 14000 တန်ချရန် | INDONESIA | ၂၃.၆.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil 16500 တန်ချရန် | SINGAPORE | ၂၅.၆.၂၀၂၀ |
| MT.YU YI | Diesel Oil 14000တန်ချရန် | SINGAPORE | ၂၅.၆.၂၀၂၀ |
| MT.BEWGA PACIFIC | Diesel Oil 15000တန်ချရန် | SINGAPORE | ၂၆.၆.၂၀၂၀ |
| MT.PRIMROSE | P.Oil In Bulk 4300 တန်ချရန် | INDONESIA | ၂၇.၆.၂၀၂၀ |
| MT.HENG XIN | Mogas ( 92 Ron) 12000 တန်ချရန် | SINGAPORE | ၂၈.၆.၂၀၂၀ |
| MT.PENINSULA IX | Diesel Oil 16000 တန်ချရန် | SINGAPORE | ၂၉.၆.၂၀၂၀ |
| MT.ANGEL NO II | Diesel Oil 15000 တန်ချရန် | SINGAPORE | ၃၀.၆.၂၀၂၀ |

## ကြက်သွန်

# အရည်အသွေးကောင်း ကြက်သွန်ဖြူသစ်များ အရောင်းအဝယ်ဖြစ်နေ

ပြည်ပွဲရုံများသို့ အရည်အသွေးကောင်းမွန်သော ကြက်သွန်ဖြူအိတ်များ ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။ ယခင်တစ်ပတ်ကထက် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံဈေး ကျပ် ၂၀၀၊ ၃၀၀ ဈေးကျလာပြီး ခရိုင်အတွင်း အရောင်းအဝယ်ဖြစ်နေခဲ့သည်။ လက်လီအရောင်းသမားများလည်း အစွဲများနေသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာလျှင် ပွဲရုံဈေး ရှမ်းစ ကျပ် ၂၀၀၀-၂၂၀၀-၂၄၀၀ ဖြစ်ပြီး ကြူကုတ်စ ကျပ် ၁၃၀၀-၁၅၀၀ တို့ဖြင့် ရောင်းချလျက်ရှိနေသည်။ ဒေသတွင်း လက်လီဈေးများတွင် ရှမ်းစကို ကျပ် ၂၅၀၀ မှ ၄၄၀၀ အထိ အရွယ်အစားပေါ်မူတည်ပြီး ဈေးအသီးသီးဖြင့် ရောင်းချနေသည်။ ကြက်သွန်ဖြူဥတစ်လုံး အလတ်စ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။

**နီနီဝင်း (ပြည်)**

# ပြည်ဈေးကွက်သို့ ကြက်သွန်နီများ ရက်ခြားသာ ဝင်ရောက်မှုရှိ

ယခုတစ်ပတ်တွင် ပြည်ပွဲရုံများသို့ အောင်လံ၊ တောင်တွင်း၊ ရေနံချောင်း၊ ပခုက္ကူ စသည့်နယ်များမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၂၅၀-၃၀၀ခန့် တစ်ရက်ခြား ဝင်ရောက်မှုရှိနေသည်။ မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ကုန်တင်ယာဉ် အသွားအလာ နည်းပါးသလို အရောင်းအဝယ်မှာလည်း မိုးနှင့်အတူအေးနေသည့်အတွက် ဝင်ရောက်မှုမှာ ရက်ခြားသာ အဝင်ရှိတော့ကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (ကြီး/လတ်/ သေး)ကျပ် ၆၀၀-၅၅၀/၅၀၀/၄၅၀-၄၀၀နှုန်းရှိပြီး လက်လီဈေးအသေးများမှာကျပ် ၈၀၀-၇၅၀/၇၀၀-၆၅၀/၆၀၀-၅၅၀ ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ (ပြည်)**



# ပခုက္ကူနှင့် ဆိပ်ဖြူ ကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီ ဈေးငြိမ်နေ

ယခုတစ်ပတ် ကြက်သွန်နီ ကုန်ဝယ်ဒိုင်တွင် ကြက်သွန်နီဈေးမှာ အတက်အကျမရှိ ဈေးငြိမ်နေ ပြီး အရောင်းအဝယ်လည်းအေးနေသည်။ ယခုတစ်ပတ်၏ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၄၅၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ်၃၅၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၅၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ နှင့် ၄၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေပြီး လက်လီဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၈၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ဆိပ်ဖြူကြက်သွန်နီ ကုန်ဝယ်ဒိုင်တွင် ယခုတစ်ပတ်၏ ကြက်သွန်နီဈေးနှုန်းမှ ထိပ်စ တစ်ပိဿာလျှင် ၄၂၅ ကျပ် အလတ်စ တစ်ပိဿာလျှင် ကျပ် ၄၁၀ အနိမ့်တစ်ပိဿာလျှင် ကျပ် ၄၀၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## နှမ်း

# ရက်ခြားသာ အရောင်းအဝယ်ဖြစ်သည့် ပြည်နှမ်း

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအဝင် မရှိသော်လည်း လှော်နှမ်းလက်ကျန်များဖြင့် ရက်ခြားသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နွေနှမ်းများ ပေါ်ချိန်ဖြစ်သော်လည်း တချို့တောင်သူများက မိုးကြိုနှမ်းနှင့် မိုးနှမ်းစိုက်ပျိုးရန်အတွက် မျိုးအဖြစ်ပြန်ထားကြသဖြင့် ဈေးကွက်သို့ရောက်ရှိမလာသည်ကို တွေ့ရသည်။ ဈေးကွက်တွင် အရောင်းအဝယ်မှာ လှော်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ်နှမ်းနီမှာ ဒေသတွင်းဆီစက်သမားများက အဝယ်ပြန်လိုက်လာ၍ တစ်တင်းလျှင် ကျပ်၃၉၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး အိတ် ၅၀-၆၀ ခန့်သာ ရက်ခြား အရောင်းအဝယ်ဖြစ်သည်ကိုတွေ့ရသည်။ နှမ်းနက်မှာ ဝယ်လက်ပါးသွားသည့်အတွက် တစ်တင်းလျှင် ကျပ် ၄၁၆၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပြန်ကျလာပြီး၊ စမုံနက်နှမ်းမှာ တစ်တင်းလျှင် ကျပ်၆၁၆၀၀ ဖြင့် အောင်လံနှင့်မန္တလေးဘက်မှ အဝယ်ရှိသည့်အတွက် အိတ် ၅၀-၆၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း (ပြည်)**



## နနွင်း

# နနွင်းတန်ချိန် ၄၀၀ နီးပါး တင်ပို့

ဇွန် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း နနွင်း၃၉၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၉၂ တန်၊ မလေးရှားနိုင်ငံသို့ ၇ ဒသမ ၅ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၁၉၇ ဒသမ ၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က နနွင်း၂၇၀ ဒသမ ၅၀ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၂၆ ဒသမ ၅၀ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ် နနွင်းတင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၃၀၃၅၄၈ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

## မန်ကျည်း

# မန်ကျည်း တန်ချိန် ၂၀၀ ကျော်တင်ပို့

ဇွန် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း မန်ကျည်း၂၃၁ ဒသမ ၅၁၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၅၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၁၂ ဒသမ ၅ တန်နှင့် ယီမင်နိုင်ငံသို့ ၆၉ ဒသမ ၀၁၂ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က မန်ကျည်း တန်ချိန် ၁၀၀ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄၅၀၆ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

## ချင်း

# ယခုတစ်ပတ် ချင်းတင်ပို့မှုပို

ဇွန် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်းချင်း ၈၇ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံသို့ ၆ ဒသမ ၅ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၁ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။

ယခင်သီတင်းပတ်က ချင်း ၁၀ ဒသမ ၅ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၇၇ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀၀၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# လှိုင်ကော်(ချင်း)ဈေး အနည်းငယ်မြင့်လာ

ပြည်နယ်အတွင်း မေလ ပထမပတ်တွင် ချင်းတစ်ပိသာလျှင် ကျပ် ၂၀၀၀ မှ မေလ နောက်ဆုံးပတ်တွင် တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ထိ တဖြည်းဖြည်း မြင့်တက်လာပြီး ဇွန်လပထမတွင် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ထိ မြင့်တက်လာသည်။ ချင်းဈေး အနည်းငယ် မြင့်တက်ရခြင်းမှာ ဒေသအတွင်း ချင်းစိုက်ရာသီဆောင်းကုန်ဆုံးပြီး ယခုနှစ် စတင်စိုက်ပျိုးချိန်ဖြစ်၍ ချင်းကို အများဆုံး ကလော၊ အောင်ပန်းတို့ဘက်မှ ဝယ်ယူရောင်းချရကြောင်း ချင်းရောင်းချသူများထံမှ သိရှိရသည်။

**အေးအေးမော် ( ကယား)**

# ပြည်ပွဲရုံများတွင် ချင်းဥမများ ဝင်ရောက်လျက်ရှိ

ပြည်ချင်းပွဲရုံများသို့ ယခုတစ်ပတ်တွင် ချင်းဥမသစ်များ ဝင်ရောက်လာပြီး လုပကာ အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သည်ကို တွေ့ရသည်။ ချင်းဥမ ဝင်ရောက်မှုများသောကြောင့် ဈေးနှုန်းများလည်း ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တစ်ပိဿာပေါ်တွင် ကျပ် ၃၀၀၊၄၀၀ ဈေးကျလာပြီး ရောင်းဝယ်သမားတို့ အိတ်အစွဲများလျက်ရှိနေသည်။

ယခုတစ်ပတ်ချင်း တစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၂၈၀၀၊၃၀၀၀ ဖြစ်ပြီး လက်လီဈေးမှာ ကျပ် ၃၀၀၀၊ ၄၀၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ဓားလှီးချင်းဖတ်တစ်ပိဿာ လက်ကားဈေးမှာ ကျပ် ၃၅၀၀ နှင့် လက်လီဈေးမှာ ကျပ် ၄၀၀၀ ဖြစ်သည်။

**ဝင်းဝင်းခိုင် (ပြည်)**




# ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသော အာဆီယံ အထူးစီးပွားရေးဇုန်များ(၂)

## စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံတွင် သဘော်အတင်အချ ပမာဏအရ ကမ္ဘာ့အကြီးဆုံးဆိပ်ကမ်းရှိပါသည်။ သို့သော်လည်း ကိုယ်ပိုင်အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် မြေနေရာ သေးငယ်လွန်းပါသည်။ ထို့ကြောင့် စင်ကာပူသည် မလေးရှားအစိုးရနှင့်ပူးပေါင်း၍ အစ္စကန်ဒါ အထူးစီးပွားရေးဇုန် (Iskander SEZ) ကိုလည်းကောင်း၊ အင်ဒိုနီးရှားနှင့်ပူးပေါင်း၍ ဘတ်တန်ပို့ကုန်မြှင့်တင်ရေးဇုန်(Batam Export Processing Zone) ကိုလည်းကောင်း တည်ထောင်ထားသည်။ အဆိုပါဇုန်နှစ်ခုစလုံးမှာ အထူးအောင်မြင်လျက်ရှိသည်။ ယခုအခါ အဆိုပါဇုန်များကို စက်မှုကုန်ချော ပိုမိုတိုးချဲ့ထုတ်လုပ်ရေးအတွက် အချက်အချာနေရာအဖြစ် အသုံးပြုလျက်ရှိသည်။ ထိုကဲ့သို့ ထုတ်လုပ်ပြီး အာရှတိုက်နှင့် အာရှတိုက်ပြင်ပရှိ နိုင်ငံများသို့ ကုန်စည်များ ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် Batam Zone တွင် ပိုမိုရင်းနှီးမြှုပ်နှံရေးအတွက် စီးပွားရေးလုပ်ငန်းလိုင်စင်များကို လွယ်ကူစွာဆောင်ရွက်ပေးလျက်ရှိသည်။ Batam Zone သည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံအထိ ဆွဲဆောင်နိုင်ခြေရှိကြောင်း သိရသည်။

၂၀၁၉ ခုနှစ်တွင် စင်ကာပူနှင့် အမေရိကန်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅၇ ဘီလီယံရှိသည်။ အထူးသဖြင့် ကာကွယ်ဆေး၊ အင်ဂျင်အစိတ်အပိုင်း၊ လေယာဉ်အင်ဂျင်၊ ငွေကြေးဝန်ဆောင်မှု၊ သုတေသနနှင့် ဖွံ့ဖြိုးရေးအပြင် အသက်မွေးကျောင်း စီမံခန့်ခွဲမှုလုပ်ငန်းကဲ့သို့သော တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ (High-valued products and services) ကို ရောင်းဝယ် ကုန်သွယ်ကြသည်။

## ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံသည် ကမ်းရိုးတန်းစီးပွားရေးဇုန် ၁၈ ခုနှင့် နိုင်ငံပိုင်စက်မှုဇုန် (State-supported Industrial Parks) ၃၂၅ ခု တည်ထောင်ထားသည်။ အဆိုပါ စီးပွားရေးဇုန်များသည် အကောက်ခွန်ကင်းလွတ်ခွင့်ကိစ္စရပ်မှသည် ဝင်ငွေခွန် (Personal income tax) လျှော့ချသည့် ကိစ္စရပ်အထိ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် မက်လုံးများ ပေးနိုင်သည်။

ဗီယက်နမ်သည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်နှင့် ၁၁ နိုင်ငံမြောက် အများဆုံးကုန်သွယ်သည့် နိုင်ငံဖြစ်သည်။ ဗီယက်နမ်နှင့် အမေရိကန်ကုန်သွယ်မှုမှာ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်ရှိခဲ့သည်။ အမေရိကန်သို့တင်ပို့သော ဗီယက်နမ်၏ ထိပ်တန်းပို့ကုန်များမှာ အထည်အလိပ်နှင့် အထည်ချုပ်ထုတ်ကုန် (ကန်ဒေါ်လာ ၁ ဒသမ တစ်ဘီလီယံ)၊ ဆဲလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်း (ကန်ဒေါ်လာ ၃ ဘီလီယံကျော်) နှင့် ပရိဘောဂ (၁ ဘီလီယံ) တို့ဖြစ်သည်။

ဗီယက်နမ်ပါလီမန်သည် အထူးစီးပွားရေးဇုန်အက်ဥပဒေကို ထုတ်ပြန်ရန် ကြန့်ကြာနေသည်။ အဆိုပါအက်ဥပဒေဖြင့် နိုင်ငံတစ်ဝန်း SEZ အသစ်သုံးခု တည်ထောင်ရန်ရှိသည်။ ထို SEZ အသစ်များတွင် မက်လုံးအမျိုးမျိုးအပြင် ၉၉ နှစ် မြေငှားရမ်းခွင့် (99-Year Land Lease) ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ဖြည့်ဆည်းပေးမည်ဖြစ်သည်။

ဗီယက်နမ်သည် နိုင်ငံအရှေ့ပိုင်းရှိ ကမ်းရိုးတန်းတွင် ပို့ကုန်မြှင့်တင်ရေးဇုန်နှင့် SEZ များကို ဆက်လက်တည်ထောင်နိုင်ပါသည်။ ရည်ရွယ်ချက်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်ပြည်တောင်ပိုင်း (South China) နှင့် အပြိုင်အဆိုင် ကြိုးပမ်းလိုသောကြောင့်ဖြစ်သည်။

## မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုစင်္ကြံငါးခုရှိသည်။ ရင်းနှီးမြှုပ်နှံမှုစင်္ကြံ(Investment corridors) ဆိုသည်မှာ အထူးစီးပွားရေးဇုန်ပုံစံသစ် တစ်မျိုးဖြစ်သည်။ စင်္ကြံဒေသအလိုက် အာဏာပိုင်အဖွဲ့များ ဖွဲ့စည်းထားရှိ သည်။ ဥပမာ-မြောက်ပိုင်းစီးပွားရေးစင်္ကြံဒေသအတွက် မြောက်ပိုင်းစင်္ကြံအကောင်အထည်ဖော်ရေး အာဏာပိုင်အဖွဲ့ (North Corridor Implenentation Authority) ကို ဖွဲ့စည်းထားရှိသည်။

မလေးရှားနိုင်ငံသည် အမေရိကန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိသော ကွန်ပျူတာပစ္စည်း အစိတ်အပိုင်းများကို နှစ်စဉ်တင်ပို့သည်။ ထို့ပြင် တစ်ဝက်တစ်ပြက်လျှပ်ကူးပစ္စည်း (Semi-conductor)၊ ဆဲလ်ဖုန်း၊ ရော်ဘာနှင့် ရော်ဘာပစ္စည်းတို့ကိုလည်း အမြောက်အမြားတင်ပို့သည်။

၂၀၁၈ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုစင်္ကြံများက အလုပ်အကိုင်နှစ်သန်းနီးပါးဖန်တီးပေးခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၈၈ ဘီလီယံတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့သည်။ နိုင်ငံ၏ အရှေ့ကမ်းရိုးတန်းတွင် တည်ရှိသော အစ္စကန်ဒါ အထူးစီးပွားရေးဇုန် (Iskander SEZ) သည် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုအတွက် အရေးပါသော ဧရိယာတစ်ခုဖြစ်သည်။ ယင်းဇုန်သည် စတင်တည်ထောင်ခဲ့သည့် ၂၀၀၆ ခုနှစ်မှ ယနေ့အထိ ဇုန်အရွယ်အစား နှစ်ဆကြီးထွားခဲ့သည်။ ထို့ပြင် ယင်းဇုန်သည် ၂၀၂၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၁ ဘီလီယံ လက်ခံဆောင်ရွက်နိုင်ရေး လျာထားချက်ထား ဆောင်ရွက်လျက်ရှိပါသည်။

အရှေ့ကမ်းရိုးတန်း စီးပွားရေးစင်္ကြံဒေသသည်လည်း အရေးကြီးသော SEZ တစ်ခု ဖြစ်သည်။ ဤဒေသသည် အလုပ်အကိုင်ပေါင်း တစ်သိန်းကျော် ဖန်တီးပေးရန်နှင့် ၂၀၂၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၁၆ ဘီလီယံ လက်ခံရရှိစေရန် ဆွဲဆောင်လျက်ရှိသည်။ ဤဒေသသည် ရင်းနှီးမြှုပ်နှံ သူများအား ဝင်ငွေခွန်ကင်းလွတ်ခွင့် ၁၀ နှစ်ခွင့်ပြုမည်ဖြစ်ပြီး အဆောက်အအုံ သို့မဟုတ် မြေငှားရမ်းခအတွက် အထူးသက်သာခွင့်များ စီစဉ်ထားရှိသည်။

## ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံတွင် အထူးစီးပွားရေးဇုန် ၃၁ ခုရှိသည်။ နိုင်ငံတစ်ဝန်းရှိ အဆိုပါ ၃၁ ဇုန်ကို ဇုန်ကြီးလေးခု ခွဲခြားတည်ဆောက်ထားသည်။ ကမ္ဘောဒီးယားသည် အမေရိကန်ဈေးကွက်သို့ နှစ်စဉ်ပို့ကုန် ၁ ဘီလီယံကျော် တင်ပို့နိုင်ပြီး အမေရိကန်သည် ကမ္ဘောဒီးယား၏အကြီးဆုံးကုန်သွယ်ဖက်နှင့် ပို့ကုန်ဈေးကွက်ဖြစ်သည်။

အမေရိကန်သို့ အဓိကတင်ပို့သော ကုန်စည်များမှာ ချည်မျှင်နှင့် အထည်ချုပ်၊ သားရေထုတ်ကုန်နှင့် ဖိနပ်တို့ဖြစ်သည်။ ကမ္ဘောဒီးယား SEZ များအတွက် အဓိကတာဝန်ရှိသော အာဏာပိုင်အဖွဲ့မှာ

**သိန်းမြင့်ဝေ**

ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (Council for the Development of Cambodia) ၏ လက်အောက်ခံ အဖွဲ့အစည်းအဖြစ် လည်ပတ်လျက်ရှိသည်။

ကမ္ဘောဒီးယားအထူးစီးပွားရေးဇုန်တွင် ၂၀၁၆ ခုနှစ်မှ စတင်ပြီး ရင်းနှီးမြှုပ်နှံလျက်ရှိသော ထင်ရှားသည့် အမေရိကန်ကုမ္ပဏီများမှာ Coca-Cola, Apple, Timberland, Puma နှင့် IBM တို့ဖြစ်သည်။ Coca-Cola ကုမ္ပဏီ သည် ဖနွမ်းပင်အထူးစီးပွားရေးဇုန်တွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိသောစက်ရုံကို တည်ဆောက်ရင်းနှီးမြှုပ်နှံလည်ပတ်လျက်ရှိသည်။

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် သီလဝါအထူးစီးပွားရေးဇုန် (Thilawa SEZ) ကို စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ခဲ့သည်။ ထားဝယ် SEZ နှင့် ကျောက်ဖြူ SEZ တို့ကိုလည်း တည်ဆောက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာနှင့်အမေရိကန်ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရှိခဲ့သည်။ မြန်မာမှ အမေရိကန်ဈေးကွက်သို့ အဓိကတင်ပို့သော ပို့ကုန်များမှာ အထည်ချုပ်နှင့် သားရေထုတ်ကုန်တို့ဖြစ်သည်။

သီလဝါ SEZ စီမံကိန်းသည် မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့ ပူးပေါင်းဆောင်ရွက်သော ဖက်စပ်လုပ်ငန်း (Joint Venture) ဖြစ်သည်။ ၂၀၁၅ ခုနှစ်မှ စတင်ပြီး ယနေ့အချိန်ထိ သီလဝါ SEZ တွင် နိုင်ငံတကာကုမ္ပဏီ ၉၀ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ သီလဝါ SEZ တွင် လုပ်ငန်းအမျိုးအစားစုံလင်ပြီး သင်္ဘောတည်ဆောက်ခြင်း၊ မော်တော်ကားတပ်ဆင်ထုတ်လုပ်ခြင်းမှသည် အထည်ချုပ်လုပ်ငန်းများထိ ပါဝင်သည်။

သီလဝါ SEZ တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ One-Stop Service Centre (OSS) ဖွင့်လှစ်ထားရှိသည်။ OSS Centre သည် လုပ်ငန်းရှင်များအား စွမ်းဆောင်ရည်ရှိရှိ၊ ထိထိရောက်ရောက် ဝန်ဆောင်မှုပေးလျက်ရှိသည့် အဂတိလိုက်စားမှုကင်းသောစင်တာ(Corruption-free Centre) ဖြစ်ပါသည်။ အဆိုပါစင်တာကို သက်ဆိုင်ရာဝန်ကြီးဌာန ၁၃ ခုမှ အရာထမ်းများဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။ ထို့ပြင်လာရောက်ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်များ (Business permits) ကို အဆင့်မြင့်နည်းပညာ အသုံးပြုဆောင်ရွက်ပေးပါသည်။ လိုအပ်သော တရားဝင်သတင်း အချက်အလက်များကိုလည်း Website နှင့် မီဒီယာများမှတစ်ဆင့် လွှင့်တင်ထုတ်ပြန်ပေးထားသည်။

မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်အမျိုးမျိုးကို စီမံထားရှိပါသည်။ အထူးသဖြင့် လုပ်ငန်းလည်ပတ်သည့် ပထမ ရှစ်နှစ်အတွက် လုပ်ငန်းဝင်ငွေခွန် (CIT) ကင်းလွတ်ခွင့်ပြုထားပြီး နောက်ထပ် ငါးနှစ်အတွက် ၅၀ ရာခိုင်နှုန်း အခွန်သက်သာခွင့် စီစဉ်ထားရှိသည်။

## ယခုတစ်ပတ် ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပို

ဇွန် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၈၅၈၉၂၀ တန်ဖိုးရှိ ဓာတ်ဆီ ၅၆၃၄၆ ဒသမ ၉၄ တန်နှင့် အမေရိကန်ဒေါ်လာ ၂၂၀၉၈၂၄၃ တန်ဖိုးရှိ ဒီဇယ် ၇၇၈၇၁ ဒသမ ၈၉ တန်၊ စုစုပေါင်း ၁၃၄၂၁၉ ဒသမ ၂၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၂၇၅၁၅ ဒသမ ၅၅ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၂၈၈၃၁ ဒသမ ၃၉ တန်ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၉၅၅၉၇ ဒသမ ၁၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၇၇၂၅ဒသမ ၂၅တန်တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်အဝင်လျော့ခဲ့ပြီး ဓာတ်ဆီအဝင်ပိုခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉၉၂၉၈ တန်ဖိုးရှိ ဒီဇယ်၃၅၇ ဒသမ ၄၄ တန်နှင့် အမေရိကန်ဒေါ်လာ ၇၁၄၆၂တန်ဖိုးရှိ ဓာတ်ဆီ၃၇၃ဒသမ ၅၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၂၈၀၇ တန်ဖိုးရှိ ဒီဇယ် ၅၈၆ ဒသမ ၆၃ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၀၆၇၆၇ တန်ဖိုးရှိ ဒီဇယ် ၂၇၇၃ ဒသမ ၂၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ **သီတာဝင်း**(DOT)

## မော်လမြိုင်မြို့တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်းများ

မော်လမြိုင်မြို့၏ ဇွန်လ တတိယပတ်တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်းများမှာ ပေါ်ဆန်း (စပါး) တင်း ၁၀၀လျှင် ကျပ် ၈၃၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်ကျပ် ၃၆၀၀၀၊ ဧည့်မထ (စပါး) တင်းလျှင် ၁၀၀ ကျပ် ၅၃၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၂၇၀၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၂၀၀၀၊ မြေပဲဆီ တစ်ပိဿာ ကျပ် ၈၀၀၀၊ ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၀၀၀၊ ကြက်သွန်ဖြူ (ရှမ်း)တစ်ပိဿာကျပ် ၄၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်)တစ်ပိဿာ ကျပ် ၃၀၀၀၊ မန်ကျည်းမှည့်တစ်ပိဿာကျပ် ၅၀၀၀၊ ငရုတ်ခြောက်တစ်ပိဿာကျပ် ၆၀၀၀၊ ပဲနီလေး (မြန်မာ) တစ်ပိဿာကျပ် ၅၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၃၀၀၀၊ မြေပဲဆန်တစ်ပိဿာ ကျပ် ၃၀၀၀၊ မွေးမြူရေးကြက်သားတစ်ပိဿာကျပ် ၈၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၁၀၀၀၀၊ ဆိတ်သားတစ်ပိဿာ ကျပ် ၂၅၀၀၀၊ အမဲသား တစ်ပိဿာကျပ် ၁၂၀၀၀၊ ငါးကြင်းတစ်ပိဿာ ကျပ် ၉၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၆၀၀၀၊ ကြက်ဥ/ဘဲဥ တစ်လုံးလျှင် ၁၅၀/၂၂၀၊ ရော်ဘာ RSS3တစ်ပေါင် ကျပ် ၆၅၀၊ ရွှေ ၁၆ပဲရည် ကျပ် ၁၂၀၀၀၀၀၊ ရွှေ ၁၅ ပဲရည်ကျပ် ၁၁၁၅၀၀၀၊ ရွှေ ၁၄ပဲရည် ကျပ် ၁၀၁၀၀၀၀၊ ဓာတ်ဆီ တစ်ဂါလန် ၂၉၂၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်ကျပ် ၂၇၀၀ ဖြစ်ပေါ်လျက်ရှိကြောင်းသိရှိရသည်။ဒုတိယပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် မွေးမြူရေးကြက်သား၊ ရွှေ၊ ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်းတို့မှာ အနည်းငယ်ဈေးနှုန်းမြင့်တက်ကြောင်း သိရှိရသည်။ **မိုးမိုး(မွန်)**

## Energy NYMEX 19-6-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 39.29 | 0.45 | 1.16 |
| Brent Crude Futr (USD/bbl) | 41.99 | 0.48 | 1.16 |
| Gasoline Rbob Fut (Cent/gal) | 127.12 | 1.35 | 1.07 |
| Natural Gas Futr (USD/MMBtu) | 1.65 | 0.01 | 0.49 |
| Heating Oil Futr (Cent/gal) | 121.13 | 1.27 | 1.06 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 15-June | 17.22 | 1980.95 | 1558.49 | 5591.99 | 781.00 |
| 16-June | 17.35 | 2008.73 | 1563.52 | 5671.55 | 821.00 |
| 17-June | 17.44 | 2009.39 | 1566.60 | 5696.46 | 808.00 |
| 18-June | 17.51 | 2017.76 | 1576.74 | 5709.90 | 797.00 |
| 19-June | 17.50 | 2052.14 | 1580.27 | 5827.82 | 799.00 |

## မြန်မာ့ရွှေအပေါ် ကမ္ဘာ့ရွှေသက်ရောက်မှုလျော့နည်းနေ

COVID-19 ကာလအတွင်း မြန်မာ့ရွှေအပေါ် ကမ္ဘာ့ရွှေသက်ရောက်မှု လျော့နည်းနေကြောင်း ရွှေဈေးကွက်နှင့် ကမ္ဘာ့ငွေကြေးဈေးကွက် အရောင်းအဝယ်အကြံပေးတစ်ဦးဖြစ်သူ ဦးဇော်ထွန်းဝင်းက ဇွန် ၁၈ ရက်တွင် သုံးသပ်ပြောကြားသည်။ လက်ရှိကမ္ဘာ့ရွှေဈေးနှုန်း၊ ဒေါ်လာဈေးနှုန်းတို့နှင့် မြန်မာ့ရွှေဈေးနှုန်းကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဈေးနှုန်းများမှာ များစွာကွာဟနေသည်ကို တွေ့ရှိရကြောင်း ဦးဇော်ထွန်းဝင်းက ပြောသည်။

"မြန်မာ့ရွှေဈေးဟာ ကမ္ဘာ့ရွှေဈေးအပေါ်မှာ ချိန်ပြီးတော့မှ သက်ရောက်နေပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်လောက်ကတော့ ကမ္ဘာ့ရွှေဈေးပေါ်မှာ မူတည်ပြီး မြန်မာ့ရွှေဈေးကို ခန့်မှန်းတွက်ချက်တဲ့အခါမှာ တော်တော်ကြီး နီးနီးကပ်ကပ် ထွက်ခဲ့တာကို တွေ့ရပါတယ်။ အခုလောလောဆယ် အခြေအနေမှာတော့ ဈေးနှုန်းတွေက အရမ်းကိုကွာဟနေတဲ့အတွက် ကမ္ဘာ့ရွှေရဲ့သက်ရောက်မှုဟာ မြန်မာ့ရွှေအပေါ်မှာ အနည်းအကျဉ်းပဲရှိတော့တယ်လို့ ကျွန်တော်တို့ ထင်မြင်ယူဆရမှာပဲ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် လက်ရှိ၌ အကယ်ဒမီရွှေဈေးကျပ် ၁၂၂၀၅၀၀၊ အခေါက်ရွှေဈေးကျပ် ၁၂၁၈၅၀၀၊ ၁၅ ပဲရည် ကျပ် ၁၁၄၈၅၀၀၊ ဒင်္ဂါးရွှေကျပ် ၁၀၉၈၀၀၀ ရှိနေပြီး ကမ္ဘာ့ရွှေဈေးကွက်တွင်တော့တစ်အောင်စလျှင် ၁၇၃၀ဒေါ်လာ ပေါက်ဈေးရှိနေသည်။ ထို့ပြင် ပြည်တွင်းရွှေဈေးနှုန်းသည် ဒေါ်လာဈေးနှုန်းအတက်အကျပေါ် မူတည်၍လည်း ပြောင်းလဲနေတတ်ပြီး အဓိကအားဖြင့် ရောင်းသူနှင့် ဝယ်သူ အနည်းအများပေါ် မူတည်ကာ ဈေးနှုန်းအတက်၊အကျ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **ပန်းဆု**

## ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်စေရန် ဗဟိုဘဏ်က ဒေါ်လာ ထပ်မံဝယ်ယူ

ပြည်တွင်း ငွေကြေးဈေးကွက် တည်ငြိမ်စေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင် လေလံစနစ်ဖြင့်အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းကို၁၃၉၈ ဒသမ ၉ ကျပ်ဖြင့် ဇွန် ၁၈ ရက်တွင် ထပ်မံ ဝယ်ယူခဲ့သည်။

ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် နိုင်ငံတကာငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး လျော့ကျနေသည့်အတွက် ပြည်တွင်းဈေးကွက်တွင် အမေရိကန်ဒေါ်လာ တန်ဖိုးကျပ် ၁၄၀၀ အောက်မကျစေရန် ဗဟိုဘဏ်က ဈေးကွက်အတွင်းမှ ဒေါ်လာများ ဝယ်ယူနေခြင်းဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် ပြည်ပပို့ကုန် တိုးမြှင့်ရေးကို အဓိကအလေးပေးဆောင်ရွက်နေသည့်အတွက် ဒေါ်လာတန်ဖိုးကျဆင်းပါက ပို့ကုန် ဝင်ငွေလျော့နည်းနိုင်သောကြောင့် ဗဟိုဘဏ်ကဝင်ရောက် ထိန်းညှိခြင်းဖြစ်သည်ဟု ၎င်းတို့က သုံးသပ်သည်။

လက်ရှိ ပြည်တွင်းငွေလဲနှုန်း ဈေးကွက်တွင် ဇွန် ၁၇ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၄၀၁ ကျပ်၊ ဝယ်ဈေး ၁၃၉၉ ကျပ်ရှိပြီး ဇွန် ၁၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ကျပ် ၁၄၀၀၊ ဝယ်ဈေး ၁၃၉၈ ကျပ်ရှိခဲ့ကာ ဇွန် ၁၉ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ကျပ် ၁၄၀၀၊ ဝယ်ဈေး ၁၃၉၈ ကျပ်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ **ပန်းဆု**

## စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် ဈေးကွက်ပါဝင်ရန် လိုအပ်နေ

လက်ရှိ စတော့ဈေးကွက်တွင် အကောင့်ဖွင့်လှစ်ထားရှိမှု သုံးသောင်းကျော်သာရှိကာ ဈေးကွက်အေးနေသော အနေအထားရှိပြီး ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် ဈေးကွက်ပါဝင်ရန် လိုအပ်နေသေးကြောင်း ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်က ဇွန် ၁၇ ရက်တွင် ပြောသည်။

စတော့ဈေးကွက်တွင် လက်ရှိ၌ အရောင်းအဝယ် နေ့စဉ်ရှိနေသော်လည်း ဈေးကွက်တက်ကြွနေသော အနေအထား မရောက်သေးသောကြောင့် ဈေးကွက်ဖွံ့ဖြိုးလာစေရန်အတွက် ပညာပေးအစီအစဉ်များလည်း မြှင့်တင်လုပ်ဆောင်ရန် လိုအပ်နေကြောင်း ဦးဌေးချွန်က ပြောသည်။

"အခု စတော့ဈေးကွက်က အခုလက်ရှိက အေးနေတာမှန်တယ်။ အေးတယ်ဆိုတဲ့နေရာမှာ ရင်းနှီးမြှုပ်နှံသူ ၃၃၀၀၀ လောက်ပဲ အကောင့်ဖွင့်တဲ့သူရှိတယ်။ အဲ့ထဲကမှ တကယ်လှုပ်ရှားတာက ၁၅ ရာခိုင်နှုန်းပဲရှိတယ်။ အဲဒီတော့ ရင်းနှီးမြှုပ်နှံသူ ကိုယ်တိုင်ကလည်း ဈေးကွက်ကို ပါဝင်ဖို့ စည်းရုံးရမယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် အဆိုပါ ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသင့်သည့် ကုမ္ပဏီ၊ ရင်းနှီးမြှုပ်နှံရမည့်အချိန်၊ ဆုံးဖြတ်ချက် ချမှတ်သင့်သည့်အခြေအနေ၊ အမြတ်ရရှိနိုင်မှု စသည်တို့ကို သိရှိတွက်ချက်နိုင်မည့် အသိပညာများလည်း လိုအပ်နေသေးကြောင်း သိရသည်။ **ပန်းဆု**

## Currency Exchange Rate

June 19, 2020

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.46 |
| BDT | Bangladesh Taka | 84.97 |
| CAD | Canada Dollars | 1.36 |
| CNY | China Yuan Renminbi | 7.08 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 76.21 |
| I DR | Indonesia Rupiahs | 14164.92 |
| JPY | Japan Yen | 106.22 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 167.22 |
| PHP | Philippines Pesos | 50.07 |
| RUB | Russia Rubles | 69.69 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1210.81 |
| LKR | Sri Lanka Rupe | 186.58 |
| THB | Thailand Baht | 30.95 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 23310.92 |

*Source:xe.com*

## World Gold Price

June- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 15 | 1754 | 1734 | 1721 |
| 16 | 1745 | 1726 | 1726 |
| 17 | 17311 | 1730 | 1730 |
| 18 | 1736 | 1729 | 1730 |
| 19 | 1735 | 1732 | 1731 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 15-6.-2020 | 1216.50 | 1216.50 |
| 16-6-2020 | 1212.00 | 1212.00 |
| 17-6- 2020 | 1218.00 | 1217.80 |
| 18-6- 2020 | 1217.50 | 1217.50 |
| 19-6- 2020 | 1217.00 | 1216.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 15 | 7.09 | 31.05 | 84.90 | 76.11 |
| 16 | 7.07 | 31.12 | 84.97 | 75.84 |
| 17 | 7.09 | 31.17 | 84.94 | 76.18 |
| 18 | 7.08 | 31.09 | 84.97 | 76.15 |
| 19 | 7.08 | 30.95 | 84.97 | 76.21 |

## ဘိလပ်မြေ

# ယခုတစ်ပတ် ဘိလပ်မြေအဝင်ရှိ

ဇွန် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၄၄၇၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၃၈၀၁ ဒသမ ၃၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မရှိဘဲ ယခုတစ်ပတ်မှပြန်လည်တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၁၅၁ ဒသမ ၂၀ တန်နှင့် အင်ဒိုနီးရှားနိုင်ငံမှ ၂၃၆၅၀ ဒသမ ၁၂ တန်တင်သွင်းခဲ့ကြောင်း သိရသည်။

ဇွန် ၆ ရက် မှ ၁၂ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၀၁၆၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၁၂၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၈၀၃၀ ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေကြောင်းလမ်းမှ ပြန်လည်တင်သွင်းခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့သည်။

# တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ



**မော်လမြိုင်ဘိလပ်မြေဈေးကွက်**၌ ယခုတစ်ပတ် မိုးများနေသောကြောင့် အရောင်းအဝယ်ပါးနေကြောင်း သိရသည်။ ကြံ့တစ်ကောင်(အပြာ)နှင့် ကြံ့နှစ်ကောင် ဘိလပ်မြေများကကျပ် ၅၀၀ဈေးကျလာကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၅၉၅၀၊ ကြံ့တစ်ကောင်(ပြာ) ကျပ် ၅၃၅၀၊ ကြံ့နှစ်ကောင်(နီ)ကျပ် ၅၃၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ် အရောင်းပုံမှန်ရှိပြီးဈေးငြိမ်နေကြောင်း သိရသည်။ ကျားခေါင်းဘိလပ်မြေကပစ္စည်းပြတ်နေသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၀၀၀၊ကမ္ဘောဇကျပ် ၄၉၀၀၊ ကြံ့ကျပ် ၅၂၀၀၊ ကျားခေါင်းကျပ် ၆၂၀၀၊ နဂါးကျပ်၄၈၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ်အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အပါချီနှင့် အယ်လ်ဖာဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျလာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီကျပ် ၅၀၀၀၊ ကြံ့ကျပ်၅၀၀၀၊ ကမ္ဘောဇကျပ်၅၅၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၂၀၀၊အယ်လ်ဖာကျပ် ၄၉၀၀နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ်မှာ မိုးများလာခြင်းကြောင့် အရောင်းပါးကြောင်းသိရသည်။ အယ်လ်ဖာက ကျပ်၃၀၀၊ ခရောင်း(၅၂၅)က ကျပ် ၂၀၀၊ ခရောင်း(၄၂၅)က ကျပ် ၃၀၀ ဈေးကျခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်တစ်ပတ် ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းရရှိသည်။ ယခုဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံးကျပ်၄၅၀၀၊ အယ်လ်ဖာကျပ် ၄၃၀၀၊ခရောင်း(၅၂၅)ကျပ် ၄၇၀၀၊ခရောင်း(၄၂၅) ကျပ် ၄၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၁၁၀၀၀ကျော် တင်သွင်း

ဇွန် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၃၆၉၈၀ တန်ဖိုးရှိ မြေဩဇာ ၁၁၆၆၁ ဒသမ ၅၆၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၃၆၇၉ ဒသမ ၂၈ တန်၊ ဖင်လန်နိုင်ငံမှ ၁၆၆ ဒသမ ၄၉ တန်၊ အိန္ဒိယနိုင်ငံမှ ၁၅ ဒသမ ၆၀ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၅၁၇၇ ဒသမ ၄၀၂ တန်၊ အီရန်နိုင်ငံမှ ၁၀၃၂ တန်၊ မလေးရှားနိုင်ငံမှ ၆၈၇ ဒသမ ၅ တန်၊ နော်ဝေနိုင်ငံမှ ၄၇၀ ဒသမ ၂၉ တန်၊ တိုင်ဝမ်နိုင်ငံမှ ၁၁၂ တန်၊ထိုင်းနိုင်ငံမှ ၂၀ တန်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၃၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် အင်ဒိုနီးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ စူပါဖော့စဖိတ်၊ THREE CIRCLES၊ အမိုးနီးယားဆာလဖိတ်၊ နေရွှက်လှေ၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ကွန်ပေါင်း(၁၃း၄း၂၅)၊ အာမို၊ ယူရီးယား၊ ယူရီးယား(နေဝန်းနီ)၊ ယူရီးယား(ဂိုးလ်ဖလားဝါး)၊ ယူရီးယား(Grow Up)၊ ရွှေမြေသီး(၂၀း၁၀း၁၀)၊ ဖလော်လီယာ( ၂၁း၂၁း၂၁)၊ ဖလော်လီယာ(၆း၃၂း၃၅)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၁၅၁၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၅၀ ကျော်ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

# မကွေးမြေဩဇာဈေးကွက် အရောင်းပါး

ဇွန် ၆ ရက်မှ ၁၂ ရက်အထိ နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ တန်ချိန် ၂၄၄၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန် ၂၈၆၃၀ကျော် ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင်တန်ချိန် ၄၁၅၀ကျော်အဝင်လျော့ခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့သည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်၌အရောင်းသွက်ပြီး တောင်ကြီး၌အရောင်းပုံမှန်ရှိကာ မန္တလေးနှင့်မကွေးတွင် အရောင်းအေးကြောင်းသိရသည်။

**မကွေးဈေးကွက်၌** ယခုတစ်ပတ်အရောင်းအဝယ်ပါးကြောင်း သိရသည်။ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)နှင့်တောင်သူမကကျပ် ၂၀၀၊ အာမို(၁၅) ပတ်လည်၊ အာမို(၁၆း၁၆း၈)နှင့်ဆင်(၁၀း၁၀း၅)က ကျပ် ၃၀၀၊သီးစုံ(ဝါစိမ်းပြာ)၊ ယူရီးယား-ပုလဲ(ပန်းဖူး)နှင့်(ရွှေတောင်)က ကျပ် ၅၀၀ဈေးကျပြီး တက်တိုးက ကျပ် ၁၀၀၀၊ မြွားကမ္ဘာ(၁၅း၇း၈)က ကျပ် ၂၀၀ ဈေးမြင့်ကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၃၉၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၆၅၀၀၊ အာမို ၁၀း၁၀း၅ကျပ် ၁၉၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၇၀၀၊ တီစူပါက ကျပ် ၂၄၅၀၀၊ ဇာမနီကျပ် ၂၀၂၀၀၊ တက်တိုးကျပ် ၂၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မော်လမြိုင်ဈေးကွက်၌** စိုက်ပျိုးရာသီဖြစ်သောကြောင့် အရောင်းအဝယ်သွက်လာကြောင်း သိရသည်။ ယခုတစ်ပတ်ပုလဲ-အကြီး (ထိုင်း-မြင်းပျံ)၊ ကွန်ပေါင်း(၁၅)ပတ်လည်(ထိုင်း)(အစိမ်း)ကကျပ် ၁၀၀၀၊ပုလဲ-အသေး (နဂါး-မြန်မာ)ကကျပ် ၅၀၀၊ တီစူပါ(၁၆%)(မြွားကမ္ဘာ-တရုတ်) ကကျပ် ၂၀၀၀ဈေးမြင့်ခဲ့ပြီး ပုလဲ-အသေး (စုစံ)ကကျပ် ၅၀၀၊ တီစူပါ(၄၆%)က ကျပ် ၂၀၀၀ ဈေးကျခဲ့ပြီး ကျန်မြေဩဇာက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း) မြင်းပျံ ကျပ် ၂၅၀၀၀၊ ပုလဲ-မြန်မာ (နဂါး-တရုတ်) ကျပ် ၂၈၀၀၀၊ ပုလဲ-မြန်မာ(စုစံ ကျပ် ၂၇၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅)(ထိုင်း)ကျပ် ၃၉၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း(တရုတ်)(၁၀း၁၀း၅)(မြွားနီ)ကျပ် ၂၀၀၀၀၊ ပိုတက်(မာကိုတာ) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း(၄၆%)(စံပြ) ကျပ် ၄၄၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၄၀၀ကျော်နှင့် နို့မှုန့်တန်ချိန် ၁၀၀ကျော်ဝင်

ဇွန် ၇ ရက်မှ ၁၃ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၁၇၄၃၀ တန်ဖိုးရှိ နို့ဆီ ၄၆၆ ဒသမ ၂၈၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူ နိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နှင့် မလေးရှားနိုင်ငံမှ ၂၄၇ ဒသမ ၄၀၄ တန်တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က တင်သွင်းမှုမရှိခဲ့ဘဲ ယခုတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်သည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ ဂိုးလ်၊ ဒွန်းနှင့် Hawk တို့ဖြစ်သည်။

အမေရိကန်ဒေါ်လာ၃၂၀၃၆၀ တန်ဖိုးရှိ နို့မှုန့် ၁၀၀ ဒသမ ၈၀ တန်ကို တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၁၅၁ တန်ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီပြန်လည်အဝင်ရှိခဲ့ပြီး နို့မှုန့်အဝင်ပိုခဲ့သည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၆ မှ ၁၂/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၅ မှ ၅/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၀.၉၅ | ၇၄.၃၅ | (+) | ၃၆.၆၀ |
| ၂။ | လွယ်ဂျယ် | | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၆၅၀၀.၀၀ | ၄၅၀၀.၀၀ | (+) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၇၈၅၀.၀၀ | ၂၀၀၀.၀၀ | (+) | ၅၈၅၀.၀၀ |
| ၈။ | မြိတ် | ၅၇၀၀.၀၀ | ၅၅၅၀.၀၀ | (+) | ၁၅၀.၀၀ |
| | စုစုပေါင်း | ၂၀၁၆၀.၉၅ | ၁၂၁၂၄.၃၅ | (+) | ၈၀၃၆.၆၀ |

အေးအေးသန့်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၆ မှ ၁၂/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၅ မှ ၅/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၈၈၃.၅၀ | ၆၇၇၅.၆၃ | (-) | ၁၈၉၂.၁၃ |
| ၂။ | လွယ်ဂျယ် | ၂၈၇၈.၆၅ | ၃၄၈၆.၅၅ | (-) | ၆၀၇.၉၀ |
| ၃။ | ချင်းရွှေဟော် | ၁၂၈၉၂.၅၈ | ၁၅၅၇၃.၂၅ | (-) | ၂၆၈၀.၆၇ |
| ၄။ | ကန်ပိုက်တီ | ၆၂၃.၀၀ | ၇၂၈.၀၀ | (-) | ၁၀၅.၀၀ |
| ၅။ | မြဝတီ | - | ၂၀၆၆.၉၇ | (-) | ၂၀၆၆.၉၇ |
| ၆။ | ကော့သောင်း | ၃၂၀၀.၀၀ | - | (+) | ၃၂၀၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၄၄၇၇.၇၃ | ၂၈၆၃၀.၄၀ | (-) | ၄၁၅၂.၆၇ |

ခင်မိုးသူ

# မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပဲပုပ် တင်ပို့နိုင်ရေးကြိုးပမ်းလျက်ရှိ

ပဲပုပ်သည် အာဟာရဓာတ်ကြွယ်ဝသော သီးနှံတစ်မျိုးဖြစ်သကဲ့သို့ စီးပွားရေးအရလည်းတွက်ခြေကိုက် မျက်နှာပန်းလှသော သီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်၏ မူရင်းပေါက်ရောက်ရာ ဒေသမှာအရှေ့အာရှဖြစ်ပြီးအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် ဒေသများမှာအမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီးအထွက်နှုန်းကောင်းသောနိုင်ငံမှာထိုင်းနိုင်ငံဖြစ်သည်။ ပဲပုပ်ကို အများဆုံးတင်သွင်းသည့်နိုင်ငံများမှာ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်၊ အင်ဒိုနီးရှားအစရှိတဲ့နိုင်ငံများဖြစ်သည်။

ပဲပုပ်ကို မြန်မာနိုင်ငံကုန်းမြင့်ဒေသများတွင် မေလနှင့် ဇွန်လများတွင်လည်းကောင်း၊ မြေပြန့်တွင် ဩဂုတ်လနှင့် စက်တင်ဘာလတွင် လည်းကောင်း၊ မြေနုကျွန်းများတွင် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြသည်။ ပဲပုပ်ထွက်ရှိသည့် ကာလများမှာကုန်းမြင့်ဒေသများတွင် စက်တင်ဘာမှ အောက်တိုဘာလများတွင်လည်းကောင်း၊ မြေပြန့်ဒေသများတွင် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင်လည်းကောင်းထွက်ရှိသည်။ ပဲပုပ်တွင် ကိုလက်စထရော မပါသည့် အပြင် ပါဝင်သော ပရိုတင်းဓာတ်သည် နွားနို့၊ ကြက်ဥ၊ အခြားအသားများတွင် ပါဝင်သောဓာတ်များနှင့် တူညီသည်ဟုလည်း ဆိုသည်။

ယခုအချိန်တွင် တရုတ်နှင့်အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်နိုင်ငံသည် အမေရိကန်မှ ပဲပုပ်တင်သွင်းမှုကိုလျှော့ချ၍ အာရှမှ ပဲပုပ်များတင်သွင်းရန် စဉ်းစားလာသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ပဲပုပ်များတင်သွင်းနိုင်ရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလေ့လာအကဲဖြတ်ခြင်းများနှင့်သက်ဆိုင်သည့် မေးခွန်းများကို ဖြေကြားပေးရန် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) မှပေးပို့၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ ပေးပို့ညှိနှိုင်းလာသည်။

တရုတ်နိုင်ငံသည် နှစ်စဉ်ပဲပုပ်တန်ချိန် သန်း ၉၀ ခန့်တင် သွင်းလျက်ရှိပြီးမြန်မာနိုင်ငံ ရှမ်းပြည်နယ် မြောက်ပိုင်းတွင်လည်း အမေရိကန်ပဲပုပ်မျိုးစေ့များကိုစမ်းသပ်စိုက်ပျိုးနေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ တရားဝင် ပဲပုပ်တင်ပို့ခွင့်ရရှိပါက ရှမ်းပြည်နယ်ရှိ တောင်သူများအတွက် ဝင်ငွေတိုးစေမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အစိုးရပိုင်းမှ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ဈေးကွက်ကြီးမားသည့် ပဲပုပ်သီးနှံအားတရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး GACC နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

MITC News



# ဇွန်ဒုတိယပတ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကုန်စည်စီးဆင်းမှုအခြေအနေ

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်များဖြစ်သော တောင်ကြီး၊ အောင်ပန်း၊ ရပ်စောက်၊ ကလော၊ ညောင်ရွှေ၊ ရွာငံမြို့နယ်များမှ ဒေသတွင်းနှင့် ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ မြဝတီ၊ မြင်းခြံ၊ နေပြည်တော်၊ မုံရွာ၊ ပြည်၊ စစ်တွေ၊ တပ်ကုန်း၊ မိတ္ထီလာ၊ သာစည်၊ တောင်ငူနဲ့ ပဲခူးမြို့များသို့ သီးနှံနှင့်သစ်သီးဝလံ၊ ကုန်စိမ်းမျိုးစုံစီးထွက်လျက်ရှိရာ အောင်ပန်းကုန်စည်ဒိုင်၏ ဇွန်လဒုတိယပတ်အတွင်း ပေးပို့သောစာရင်းများအရ ပြောင်းတစ်ပိဿာ ကျပ် ၅၀၀မှ ၅၁၅ကျပ်နှုန်းဖြင့် ကုန်ချိန် ၅၁၀၀၀၀၊ ပန်းနှမ်းတစ်ပိဿာ ကျပ် ၁၄၀၀မှ ၁၅၀၀ဈေးနှုန်းဖြင့် ကုန်ချိန် ၄၇၀၀၀၊ ကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၁၀၀၀မှ ကျပ် ၂၂၀၀ ဈေးနှုန်းဖြင့် ကုန်ချိန် ၆၅၀၀၀၊ အာလူးတစ်ပိဿာ ကျပ် ၁၀၀ မှ ကျပ် ၆၅၀ ဈေးနှုန်းဖြင့် ကုန်ချိန် ၁၂၀၀၀၀၊ ချင်းတစ်ပိဿာ ကျပ် ၁၀၀၀ မှ ကျပ် ၂၈၀၀ ဈေးနှုန်းဖြင့် ကုန်ချိန် ၃၁၀၀၀၀၊ နနွင်းတစ်ပိဿာကျပ်၁၀၀၀မှ ကျပ် ၂၅၀၀ဈေးနှုန်းဖြင့် ကုန်ချိန် ၁၀၀၂၀၀၊ ချင်းခြောက်တစ်ပိဿာ ကျပ် ၂၂၀၀ မှ ကျပ် ၃၅၀၀ ဈေးနှုန်းဖြင့် ကုန်ချိန်၁၉၀၀၀၀၊ ဂေါ်ဖီထုပ်တစ်ပိဿာလျှင် ကျပ် ၈၀ မှ ကျပ် ၂၀၀ ဈေးနှုန်းဖြင့် ကုန်ချိန် ၁၅၂၀၀၀၀၊ ပန်းမုန်လာတစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ကျပ် ၃၅၀ ဈေးနှုန်းဖြင့် ကုန်ချိန် ၁၃၁၀၀၀၀၊ ခရမ်းချဉ်တစ်ပိဿာလျှင် ကျပ် ၁၀၀ မှ ကျပ် ၃၀၀ဈေးနှုန်းဖြင့် ကုန်ချိန် ၄၉၀၀၀၀၊ လက်ဖက်စိုတစ်ပိဿာ ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ဈေးနှုန်းဖြင့် ကုန်ချိန်၃၉၀၀၀၊ လက်ဖက်ခြောက် တစ်ပိဿာ ကျပ် ၄၀၀၀ မှ ကျပ် ၆၅၀၀ ဈေးနှုန်းဖြင့်ကုန်ချိန် ၉၁၀၀၀၊ ကုန်စိမ်းစုံ ကုန်ချိန် ၈၁၀၀၀ ခန့် အသီးသီး စီးထွက်သွားကြောင်း သိရသည်။

အောင်ပန်းဈေးကွက်သို့ မေလထက် ယခုဇွန်လ ဒုတိယပတ်တွင် ကုန်စိမ်းများဝင်ရောက်မှု ပိုမိုများပြားလာပြီး အခြားမြို့များသို့ ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်လာသည်။ အောင်ပန်းမှတစ်ရက်လျှင် ကုန်စည်ကား အစီးရေ ၆၀ စီးခန့် စီးဆင်းမှုရှိကြောင်းနှင့် ကြက်သွန်ဖြူအသစ်နှင့် အာလူးအသစ်များလည်း အရောင်းအဝယ်ကောင်းနေသည်။ ပြောင်းမှာလည်း မြဝတီနှင့် ပြည်တွင်းအစာစပ်သမားများ ဝယ်ယူမှုရှိနေ၍ ယခင်လထက်ဈေးပိုကောင်းနေပါကြောင်း ဈေးကွက်မှ တစ်ဆင့် သိရသည်။

**စောမောင်(တောင်ကြီး)**

# လွိုင်ကော် ခရမ်းချဉ်သီးဈေး အနည်းငယ်မြင့်လာ

ကယားပြည်နယ်အတွင်း ခရမ်းချဉ်သီးကို ဒေသအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိသော်လည်း အများဆုံးမှာ အင်းလေး၊ အောင်ပန်းတို့ဘက်မှ ဝယ်ယူရောင်းချလျက်ရှိသည်။ ကယားပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ မေလ တတိယပတ်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင်ကျပ် ၄၀၀၊ ဇွန်လ တတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၇၀၀၊ ၈၀၀ ဖြင့် သီရိမင်္ဂလာဈေးတွင် ရောင်းချလျက်ရှိကြောင်း ခရမ်းချဉ်သီး ကုန်သည်များထံမှ သိရှိရသည်။

**အေးအေးမော်(ကယား)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၉-၆-၂၀၂၀) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၈၀၀ | △ | ၆၀၀၀ | ၆၅၀၀ | △ | ၁၆၃၀ | ၁၇၀၀ | △ |
| မုံရွာ | ၆၀၀၀ | ၆၂၀၀ | △ | ၆၅၀၀ | ၆၀၀၀ | ▽ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၈၅၀၀ | ၈၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၄၀၀ | ၂၄၀၀ | □ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၁၉-၆-၂၀၂၀ US$/Ton

| အမျိုးအစား | ဇွန်ပထမပတ် | ဇွန်ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၇၇.၅၀ | ၅၉၇.၀၀ | △ |
| RBD P.Olein | ၅၇၃.၀၀ | ၅၉၄.၀၀ | △ |
| RBD P.Stearin | ၅၆၂.၀၀ | ၅၇၄.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၉-၆-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၈.၇၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၇.၀၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၇.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆ .၈၆ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၆၆၅.၂၉၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၉-၆-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၀ ဒေါ်လာနှင့် USD ဈေး ၁၃၉၉ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၉-၆-၂၀၂၀ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၉၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရရာသီ စတင်ပိတ်ပင်ပြီ

မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေး ရည်ရွယ်ချက်ဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများအတွက် ငါးမဖမ်းရရာသီ ပိတ်ပင်မှုအစီအစဉ်ကို ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလကို သတ်မှတ်ခဲ့ရာ ဇွန် ၁ ရက်မှစတင်၍ ပိတ်ပင်မှုများ စတင်ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးမဖမ်းရရာသီ သတ်မှတ်ပိတ်ပင်မှုများကို ယခင်နှစ်များကပင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း အခက်အခဲအမျိုးမျိုးကို ဖြေလျှော့သည့်အနေဖြင့် ငါးဖမ်းခွင့်ကို နှစ်အလိုက် ရာခိုင်နှုန်းဖြင့် သတ်မှတ်ခွင့်ပြုပေးခဲ့သော်လည်း ၂၀၁၉ ခုနှစ်မှစတင်၍ ရာနှုန်းပြည့်ပိတ်ပင်မှုများကို စတင် ဆောင်ရွက်ခဲ့ရာတွင် ငါးဖမ်းခွင့်ပြန်လည်ခွင့်ပြုသည့်အခါ ငါးဖမ်းဆီးရရှိမှု ပမာဏနှင့် ငါးအရွယ်အစားဆိုဒ်ကြီးများကို ဖမ်းဆီးရရှိမှုများ သိသာထင်ရှားစွာ ပိုမိုတိုးတက်လာခဲ့သည်။

COVID-19 ကူးစက်ရောဂါ ကျရောက်သည့်ကာလတွင် ငါးဈေးနှုန်းများ ကျဆင်းခြင်း၊ ငါးရောင်းချရမှု လျော့နည်းကျဆင်းခြင်း၊ ပို့ကုန်ပမာဏများ လျော့နည်းကျဆင်းခြင်း စသည့် အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် ငါးဖမ်းရေယာဉ်များအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ပြန်လည်ဝင်ရောက်လာကြပြီး မေလထဲတွင် ပင်လယ်ပြင်သို့ပြန်လည်ထွက်ခွာခြင်း မပြုတော့ဘဲ ငါးဖမ်းဆီးမှုများကို ကြိုတင်ရပ်နားထားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဦးကာလ ပင်လယ်ငါးဖမ်းလုပ်ငန်းများ၏ အခြေအနေများမှာ ဒီဇယ်ဆီ ဈေးနှုန်းများ လျော့နည်းကျဆင်းခဲ့သော်လည်း ဈေးကွက်ဆိုင်ရာ အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်သုံးလတွင်လည်း ငါးမဖမ်းရရာသီ ပိတ်ပင်မှု အစီအစဉ်များကို လိုက်နာရသဖြင့် ငါးဖမ်းလုပ်ငန်းများအနေဖြင့် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခွင့်ရမည့် ငါးဖမ်းရာသီကိုသာ အကျိုးအမြတ်အတွက် မျှော်လင့်စောင့်စားရသည့် အခြေအနေများဖြစ်ပေါ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**ခိုင်သဥ္ဇာဦး**
**(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# မန္တလေး ကုလားပဲဈေး ကျဆင်းလာ



ဇွန်လ ဒုတိယပတ်တွင် မန္တလေး ကုန်စည်ဒိုင်၌ ကုလားပဲကို ကန့်ဘလူ၊ ကောလင်း၊ မတ္တရာ၊ ကျောက်ဆည်နယ်ဘက်မှ ဝင်ရောက်လျက်ရှိသည်။ အိန္ဒိယမှ အဝယ်အေးပြီး ပြည်တွင်း ပဲခွဲစက်သမားများသာ ဝယ်ယူမှုရှိနေသောကြောင့် ဈေးနှုန်းကျဆင်းလာသည်။

ကုလားပဲဖြူ ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး(V2) ကျပ် ၇၂၀၀၀ မှ ၇၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၄၀၀၀မှ ၇၅၀၀၀၊ ယခင်လ ကျပ် ၇၂၀၀၀ မှ ၇၃၀၀၀၊ ယခင်နှစ် ကျပ် ၈၃၅၀၀ မှ ၈၄၀၀၀ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သုံးတင်းတစ်အိတ် ကျပ် ၂၀၀၀ ကျဆင်း၍ ယခင်လနှင့်နှိုင်းယှဉ်လျှင် ဈေးငြိမ်နေပြီး ယခင်နှစ်ထက် ၁၁၀၀၀ မှ ၁၁၅၀၀ နိမ့်ကျလာသည်။

ကုလားပဲ (V7) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၇၀၀၀၀ မှ ၇၁၀၀၀၊ ယခင်တစ်ပတ် ၇၀၀၀၀ မှ ၇၁၀၀၀၊ ယခင်လ ကျပ် ၇၀၀၀၀ မှ ၇၁၀၀၀၊ ယခင်နှစ် ၈၀၀၀၀ မှ ၈၁၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်၊ ယခင်လနှင့် နှိုင်းယှဉ်လျှင် ဈေးငြိမ်နေပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ကျပ် ၁၀၀၀၀ကျဆင်းလာသည်။

ကုလားပဲ 929 ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၇၁၀၀၀၊ မှ ၇၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၂၀၀၀ မှ ၇၃၀၀၀၊ ယခင်လ ကျပ် ၇၁၀၀၀၊ ယခင်နှစ် ကျပ် ၈၃၀၀၀ မှ ၈၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ကာလတူနှင့် နှိုင်းယှဉ်လျှင် 929 ကျပ် ၁၀၀၀ ကျဆင်းလာပြီး ယခင်လနှင့်နှိုင်းယှဉ်လျှင် ဈေးငြိမ်နေ၍ ယခင်နှစ်ထက် ကျပ် ၁၁၅၀၀ ကျဆင်းလာသည်။

ကုလားပဲ ထိုင်ဝမ် ၅၆ ဒသမ ၂၅ ကျပ် ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ၆၇၀၀၀ မှ ၆၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၉၀၀၀၊ ယခင်လ ကျပ် ၆၆၀၀၀၊ ယခင်နှစ် ကျပ် ကျပ် ၈၁၀၀၀ မှ ကျပ် ၈၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ၁၀၀၀မှ ၂၀၀၀၊ ယခင်လထက် ကျပ် ၁၀၀၀မှ ၂၀၀၀ ၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ကျပ် ၁၄၀၀၀ ကျဆင်းလာသည်။

**မြင့်မြင့်လှိုင်**
**(ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# ပြည်ပဈေးကွက်တွင် အလားအလာကောင်းနေသည့် မြန်မာ့သရက်

ပြည်ပပို့ကုန် သစ်သီးဝလံများထဲမှ မြန်မာ့သရက်သီးသည် ပြည်တွင်းဈေးကွက် စားသုံးမှုသာမကပဲ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအပြင် ကိုရီးယား၊ မလေးရှား၊ စင်ကာပူနှင့် ဒူဘိုင်းတို့တွင်လည်း ဈေးကွက်ရှိနေကြောင်း သိရသည်။ သရက်သီးကို မြန်မာနိုင်ငံ အလယ်ပိုင်းဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင်လည်း စိုက်ပျိုးသည်။

ကျောက်ဆည်ခရိုင်၌ အဓိကစိုက်ပျိုးသည့် သရက်အမျိုးအစားများမှာ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲနှင့် အခြားသရက်ကြမ်းမျိုးများ စိုက်ပျိုးလျက်ရှိသည်။ စိန်တလုံးသရက်သီးနှင့် ရွှေဟင်္သာသီးတို့ကို မန္တလေးမြို့မှ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် နှစ်စဉ် အများအပြားတင်ပို့လျက်ရှိသည်။

သရက်သီးအနှစ်ကို ယခင်နှစ်က ကိုရီးယားနှင့် မလေးရှားနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ဒူဘိုင်းသို့ စမ်းသပ်တင်ပို့မည်ဖြစ်ကြောင်း သိရသည်။ သရက်သီးများအား တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး ဈေးကွက်လိုအပ်နေသည့် ပြည်ပဈေးကွက်များသို့ ပို့မည်ဆိုပါက ယခင်နှစ်များထက် အလားအလာ ပိုကောင်းလာမည့် ပို့ကုန်တစ်ခုဖြစ်လာနိုင်ကြောင်း၊ ယခုလတ်တလောတွင် သရက်သီးကို သရက်ပြင်၊ သရက်သီးရေခဲချောင်းနှင့် သရက်သီးအမျှင်ခြောက်များ ထုတ်လုပ်လျက်ရှိကြောင်း၊ သရက်သီးအမျှင်ခြောက်ကို အင်္ဂလန်နိုင်ငံမှ ဝယ်ယူရန်ကမ်းလှမ်းလျက်ရှိကြောင်း၊ သရက်သီးမှ သကြားလုံးထုတ်လုပ်သည့် နည်းပညာရရှိမည်ဆိုပါက ဆက်သွယ်ပေးစေလိုကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် သဇင်နွယ်သရက်ခြံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောကြားသည်။

ယခုတလော မန္တလေးမြို့ပေါ်ရှိ သရက်သီးတစ်လုံးဈေးနှုန်းများမှာ စိန်တလုံး ကျပ် ၃၀၀မှ ၅၀၀၊ ရွှေဟင်္သာ ကျပ် ၃၀၀ မှ ၅၀၀၊ ပတ္တမြားငမောက် ကျပ် ၅၀၀ မှ ၆၀၀ ရှိကြောင်း သိရသည်။ ယခုအချိန်တွင် စိန်တလုံးသရက်သီးမှာ အသီးကုန်ချိန်ဖြစ်နေပြီး ရွှေဟင်္သာနှင့် အခြားသရက်အကြမ်းများ လှိုင်လှိုင်ဝင်ရောက်နေကြောင်း သိရသည်။

**ချောစုဝင်း (ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# မွန်ပြည်နယ် သရက်သီး စိုက်ဧကနှင့် ဈေးနှုန်းဈေးကွက်

မွန်ပြည်နယ် ၁၀ မြို့နယ်၌ သရက်စိုက်ဧကမှာ ၇၉၆၃ စိုက်ပျိုးသည့်မျိုးများမှာ မချစ်စု၊ တစုမိတ်၊ ရင်ကွဲ၊ ဘော်လုံးသီးနှင့် သုံးလုံးတစ်တောင် မျိုးများကို စိုက်ပျိုးကြောင်း၊ ကျိုက်ထိုမြို့နယ်တွင် ဧက ၁၆၀၀ ကျော် စိုက်ပျိုးကြောင်း၊ ကျိုက်ထိုမြို့နယ်မှ ထွက်ရှိသော မချစ်စုနှင့် ပေါင်မြို့နယ်မှ ထွက်ရှိသော တစုမိတ် သရက်သီးများကို ပြည်နယ်ကျော် ရန်ကုန်မြို့သို့ တင်ပို့ပြီး ပြည်နယ်အတွင်းသို့ အထက်မြန်မာပြည်မှ စိန်တလုံးသရက်သီးနှင့် ထိုင်းနိုင်ငံမှ နန်းတော်မှိုင်း၊ အစိမ်းစားသီး(စိမ်းချိုသီး) များ ဝင်ရောက်ကြောင်း သိရှိရသည်။

မော်လမြိုင်မြို့ပေါ် သရက်သီးတစ်လုံး ဈေးနှုန်းမှာ ဒေသထွက် မချစ်စုသရက်သီး ကျပ် ၃၀၀၊ တစုမိတ် ကျပ် ၁၅၀၊ ရင်ကွဲ ကျပ် ၁၀၀၊ ဘော်လုံးသီး ကျပ် ၂၀၀ နှင့် သုံးလုံးတစ်တောင် ကျပ် ၅၀၀၊ အထက်မြန်မာပြည်မှ စိန်တလုံးသရက်သီးတစ်လုံး ကျပ် ၈၀၀၊ ယိုးဒယားမှ နန်းတော်မှိုင်း သရက်သီးတစ်လုံး ကျပ် ၇၀၀ နှင့် အစိမ်းစားသီး (စိမ်းချိုသီး) တစ်လုံး ကျပ် ၅၀၀ ဖြစ်ပေါ်နေကြောင်း သရက်သီးဈေးကွက်အတွင်းမှ သိရှိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဇဟိုဌာန)**

# သဇင်မြေကုန်သွယ်မှုဇဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

ဇွန် ၆ ရက်မှ ၁၂ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးနီတူခြောက် ၂၁ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်မှာ ငါးနီတူခြောက် ငါးတန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ငါးနီတူခြောက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ငါးနီတူခြောက်တင်ပို့နိုင်မှု ငွေပမာဏမှာ ၃၅၂၈၀ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

ဇွန် ၆ ရက်မှ ၁၂ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း(အစို)ငါးတန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်မှာ ချင်း(အစို) ၁၀ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ချင်း(အစို) တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရသည်။ ယခုတစ်ပတ် ချင်း(အစို)တင်ပို့နိုင်မှု ငွေပမာဏ မှာ၃၈၀၀ ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇွန် ၆ ရက်မှ ၁၂ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ချင်း(အစို)၊ တညင်းသီး၊ ဆီးသီးခြောက်၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၀၃၁၅ ဒေါ်လာတင်ပို့ခဲ့ကြောင်း သိရှိရသည်။

**နီလာ(သဇင်မြေကုန်သွယ်မှုဇဟိုဌာန)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကုန်စည်စီးထွက်မှုနှင့် ဈေးကွက်အခြေအနေ

ယခုတစ်ပတ်အတွင်း မုံရွာမြို့နယ်တွင် ရွှေဘိုပေါ်ဆန်း တစ်ပြည် ကျပ် ၂၄၀၀- ၂၆၀၀၊ ဧရာမင်းတစ်ပြည် ကျပ် ၂၀၀၀၊ ဝန်ကြီးဧရာ တစ်ပြည် ကျပ် ၂၂၀၀ ဈေးပေါက်လျက်ရှိပြီး ကြက်သွန်နီဈေးများ ကျဆင်းလျက်ရှိကာ လက်ကားဈေးမှာ (အကြီး)တစ်ပိဿာလျှင် ကျပ် ၄၅၀၊ (အသေး)တစ်ပိဿာလျှင် ကျပ် ၄၀၀၊ ကြက်သွန်နီလက်လီဈေးမှာ (ကြီး)တစ်ပိဿာလျှင် ကျပ်၅၀၀၊ (သေး)တစ်ပိဿာလျှင် ကျပ် ၄၅၀ ဖြင့် အရောင်းအဝယ်အေးလျက်ရှိသည်။

ကြက်သွန်နီရောင်းရမည့် အချိန်ဖြစ်သည့် မတ်၊ ဧပြီနှင့် မေလများတွင် COVID-19 ဖြစ်ပွားချိန်နှင့် တိုက်ဆိုင်သွားသဖြင့် တောင်သူများ ရောင်းဖို့ အခွင့်အရေး နည်းပါးသွားသည်။ ယခုအခါတွင် ကြက်သွန်နီများမှာ တောင်သူများလက်တွင် အများဆုံးရှိပြီး ပွဲစားလက်တွင် အနည်းငယ်သာရှိကာ အရှုံးပေါ်လျက်ရှိသည်။ ကြက်သွန်နီမှာ အဓိကဈေးကွက်ဖြစ်သော မန္တလေးနှင့် ရန်ကုန်မြို့များသို့ စီးထွက်သည်။ ကြက်သွန်ဖြူ (ဗမာ)ဈေးမှာ ခွာပြီးသား (အမြောင်းကြီး) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ (အသေး)တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာကျပ် ၄၅၀၀ ဈေးရှိသည်။

ပဲဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၅၉၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ရှိပါသည်။ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၂၀၀ ဈေးရှိသည်။ ကြက်ဥဈေးမှာ (ရှယ်)တစ်လုံး ၁၂၈ ကျပ်၊ (ရိုးရိုး)တစ်လုံးကျပ် ၁၀၀၊ ကြက်သားဈေးမှာ CP ကြက်တစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ ဟိုင်းချစ်ကြက် တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဖြင့် ကြက်သားဈေးများ တက်လျက်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှ ဆန်စီးထွက်မှုအခြေအနေမှာ ရန်ကုန်သို့ အိတ်ရေ ၂၇၈၀၀ ကျော်၊ မန္တလေးသို့ အိတ်ရေ ၃၅၀၀၀ ကျော်၊ ကချင်သို့ အိတ်ရေ ၁၈၀၀ ကျော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ ၅၅၀၀ ခန့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ အိတ်ရေ ၆၀၀၀ ခန့်၊ မကွေးသို့အိတ်ရေ ၅၀၀ ခန့်၊ ချင်းပြည်နယ်သို့ အိတ်ရေ ၂၃၀၀ ကျော်၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀ ခန့်၊ တန်ချိန်အားဖြင့် ၄၀၀၀ ကျော် စီးထွက်ကြောင်းသိရသည်။

**နှင်းပန်းဖြူ(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# မန္တလေးနှမ်းဈေး ဆက်တိုက်ကျဆင်း



ဇွန်လ ဒုတိယပတ်တွင် မန္တလေး ကုန်စည်ဒိုင်၌ နှမ်းကို ကျောက်ဆည်၊ ရွှေဘို၊ ဝက်လက်နှင့် မကွေးဘက်မှ နှမ်းသစ်များ ဝင်ရောက်လျက်ရှိပြီး အရည်အသွေးနှင့် ဝယ်လိုအားပေါ် မူတည်၍ ဈေးအနိမ့်၊ အမြင့်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မန္တလေးကုန်စည်ဒိုင် ဈေးကွက်တွင် နှမ်းဖြူ (ရိုးရိုး) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ကျပ် ၁၁၅၀၀၀ မှ ၁၁၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁၈၀၀၀ မှ ၁၂၅၀၀၀၊ ယခင်လ ကျပ် ၁၂၇၀၀၀ မှ ၁၃၂၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ကာလတူနှင့် နှိုင်းယှဉ်လျှင် သုံးတင်းတစ်အိတ် ကျပ် ၁၀၀၀ မှ ၁၀၀၀၀၊ ယခင်လထက် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ နိမ့်ကျလာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁၁၅၀၀၀ မှ ၁၁၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁၁၀၀၀ မှ ၁၁၄၀၀၀၊ ယခင်လ ကျပ် ၁၂၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ကာလတူနှင့်နှိုင်းယှဉ်လျှင် သုံးတင်းတစ်အိတ် ကျပ် ၂၀၀၀ မှ ၅၀၀၀၊ ယခင်လထက် ၄၀၀၀ မှ ၅၀၀၀ နိမ့်ကျလာသည်။

နှမ်းနက် (စမုံ) ၄၅ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁၅၅၀၀၀မှ ၁၇၅၀၀၀၊ ယခင်တစ်ပတ်ကျပ် ၁၄၈၀၀၀ မှ ၁၈၀၀၀၀၊ ယခင်လ ကျပ် ၁၉၅၀၀၀ မှ ၂၁၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ကျပ် ၅၀၀၀ မှ ၇၀၀၀၊ ယခင်လထက် ကျပ် ၄၀၀၀၀ နိမ့်ကျလာသည်။

နှမ်းဆီဈေးမှာ ယခုတစ်ပတ် ကျပ်၆၅၀၀၊ ယခင်တစ်ပတ် ကျပ်၆၅၀၀၊ ယခင်လ ကျပ် ၆၅၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသည်။

**မြင့်မြင့်လှိုင်**
**(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

# ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ဇွန် ၆ ရက်မှ ၁၂ ရက်များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဧည့်မထဆန်၊ ပဲပုပ်နှင့် ကန်စွန်းဥများ တင်ပို့ခဲ့ကြောင်းသိရှိရသည်။

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၉၇၁၉၅၄ ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၄၄၅၄၇၉ ဒသမ ၇၆၄ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၂၄၁၇၄၃၃ ဒသမ ၇၆၄ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ဓာတ်မြေသြဇာ၊ လေးဘီးလယ်ထွန်စက်၊ သံပိုက်နှင့် ဆောက်လုပ်ရေးသုံး သံပစ္စည်းတို့ဖြစ်သည်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၉၂၅၆၂၉ဖြစ်ပြီး ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၃၉၇၂၀ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၁၀၆၅၃၄၉ တင်သွင်းမှုရှိခဲ့သည်။

ဇွန် ၁၂ ရက်အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာ တစ်အိတ်လျှင် ၁၀၈ ယွမ်၊ ဆန်ပျော့တစ်အိတ်လျှင် ၁၂၆ ယွမ်ဈေးနှင့် အစေ့ထုတ်ပြောင်းတစ်အိတ်လျှင် ၇၆ ယွမ်ဖြစ်ပြီး၊ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၅၁၈ ယွမ်ဖြစ်ပြီး၊ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၁၉၃ ကျပ်ရှိကြောင်း သိရှိရသည်။

**ငွမ်ဂျာလ(မနောမြေကုန်သွယ်မှုဗဟိုဌာန)**



# တစ်ပတ်အတွင်း မူဆယ်မှ တရုတ်သို့ သစ်သီးဝလံတင်ပို့မှု အခြေအနေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ နေ့စဉ် သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဇွန် ၁ ရက်မှ ၁၅ ရက်အထိ ဖရဲသခွားတင်ပို့မှုမရှိသော်လည်း သရက် ၁၁၈၁၁ တန် တင်ပို့နိုင်ခဲ့သည်။

ဇွန်လပထမပတ်နှင့် ဒုတိယပတ်တင်ပို့မှုနှိုင်းယှဉ်လျှင် ဇွန် ၁ ရက်မှ ၇ ရက်ထိ ခုနစ်ရက်အတွင်း သရက်တင်ပို့ကားစီးရေ ၁၀၀၁ စီး၊ ၆၈၄၈ တန်ဖြစ်ပြီး ဇွန် ၈ ရက်မှ ၁၅ ရက်ထိ ကားစီးရေ ၇၁၇ စီး ၄၉၆၃ တန်ဖြစ်သည့်အတွက် ဇွန်လပထမပတ်တွင် သရက်တင်ပို့မှု ၁၈၈၅ တန် လျော့နည်းခဲ့သည်။

သရက်သီးဈေးနှုန်းမှာ ဇွန် ၇ ရက်တွင် တစ်တန် ယွမ် ၆၀၀၀၊ ကျပ် ၁၁၄၆၀၀၀ ဖြစ်ပြီး ကြားရက်များ၌ သရက်ဈေး အနည်းငယ်ကျသော်လည်း ဇွန် ၁၅ရက်တွင် တစ်တန်ဈေးနှုန်း ယွမ် ၆၀၀၀ ဖြစ်ခဲ့ပြန်သည်။

မတ် ၂၉ ရက်မှစ၍ ယနေ့အထိ တရုတ်ပြည်တွင်း လူဝင်ထွက်မှု ကန့်သတ်စနစ်ကြောင့် သစ်သီးကားများ တရုတ်နိုင်ငံ(ဝမ်တိန်)ကွင်းအထိ သွားရောက်ရောင်းချနေရဆဲဖြစ်သလို သစ်သီးကား ဒရိုင်ဘာများကိုဝင်ခွင့်မပြုဘဲ တရုတ်ဘက်မှ ရွေးချယ်ထားသော ယာဉ်မောင်းများဖြင့်သာ အဝင်အထွက်ပြုလုပ်နေရသည်မှာ ဧပြီ ၂၀ ရက်မှစ၍ ယနေ့အထိဖြစ်သည်။ တရုတ်ဝင်ပေါက် ကျိန်စန်းကျော့ဂိတ် ပိတ်ချိန်ကို ယခင်မြန်မာစံတော်ချိန် ည ၈နာရီခွဲအထိ ခွင့်ပြုပေးထားရာမှ ဇွန် ၂ ရက်မှစ၍ ညနေ ၄ နာရီခွဲသို့ ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း သစ်သီးကားများ အဝင်နည်းခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု မရှိကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ သိရသည်။

**ထွန်းမင်းထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် နှမ်းနက်ဈေးနှုန်းများ မြင့်တက်

မကွေးတိုင်းဒေသကြီးအတွင်း ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးနှမ်းများ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းဈေး အနည်းငယ်တက်သွားသည်။ ယခင်တစ်ပတ် ဇွန် ၁၇ ရက်တွင် မကွေးကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ) (မကွေး)၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ နှမ်းဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် ဇွန် ၁၀ရက် နှမ်းနက်(စမုံ)(မကွေး)၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ နှမ်းဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ နှင့်အရောင်းအဝယ်ဖြစ်ခဲ့သည်။ နှမ်းများ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းနက်(စမုံ)(မကွေး)ဈေးများ အနည်းငယ်တက်သွားရာ ကာလတူနှိုင်းယှဉ်ပါက နှမ်းနက်(စမုံ)(မကွေး) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ နှမ်းဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၅၀၀၀ ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ အနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃၁ ဒသမ ၇၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ အယ်လ်ဂျီးရီးယား၊ ဘာဘေဒို၊ ဘူတန်၊ ဒိန်းမတ်၊ အီဂျစ်၊ ဂျော်ဒန်၊ ကင်ညာ၊ ကာတာနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၄ နိုင်ငံတွင် ယခင်တစ် ပတ်ဈေးနှုန်းများ အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည် ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် စင်ကာပူ၊ လာအို၊ ဆွီဒင်၊ အန်ဒိုရာ၊ ပီရူးနှင့် နယူးဇီလန် စသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၇ ဒသမ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၇ ဒသမ ၃၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၅ ဒသမ ၄၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ကာ စင်ကာပူနိုင်ငံတွင် ၂ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၁၆ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဇွန် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ အနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁၇ ဒသမ ၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ဘရာဇီး၊ ဒိန်းမတ်၊ အိုက်စလန်၊ အီရန်၊ အစ္စရေး၊ မိုနာကိုနှင့် ကာတာစသည့်နိုင်ငံများအပါအဝင် ၆၈ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေး နှုန်းတည်ငြိမ်လျက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ လာအို၊ နယ်သာလန်၊ ဆူရီနာ၊ အန်ဒိုရာ၊ ချီလီနှင့် ပီရူး စသည့်နိုင်ငံပေါင်း ၁၀ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၁၄ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၇ ဒသမ ၂၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၄ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၉ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၈ | ၀.၄၃ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၅ | ၀.၇၀ |
| ၃ | ထိုင်း | လီတာ | ၀.၉၄ | ၀.၇၁ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် International Rice Market Website ၌ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၈ ဖြင့်လည်းကောင်း၊ ညှော်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀% ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၅ ဖြင့် လည်းကောင်း၊ ညှော်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၉ ဖြင့်လည်းကောင်း၊ ညှော်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၈ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၃ ဖြင့် လည်းကောင်း၊ ညှော်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၃ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ စပါးတန်ချိန်ကိုးသိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ကိုသိရှိရသည်။ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကြောင့် နိုင်ငံ၏ စပါးတင်ပို့မှုကို ထိခိုက်နိုင်ခဲ့ခြင်းမရှိကြောင်း ကမ္ဘောဒီးယား ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။ စပါးအများစုကို ကန်ဒယ်၊ ပရေဗန်၊ ဆဗေရီအင်၊ တာကီယို၊ ဘတ်တမ်ဘန်နှင့် ကမ်ပေါ့ပြည်နယ်တို့က တင်ပို့ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆဗေရီအင်ပြည်နယ်သည် စပါးထုတ်လုပ်မှု အများဆုံးပြည်နယ်ဖြစ်ပြီး ပြီးခဲ့သည့် ၁၀ နှစ်အတွင်းစပါးအထွက်ပမာဏများစွာ တိုးတက်ခဲ့ကြောင်းနှင့် ထုတ်လုပ်မှုတွင် ဘတ်တမ်ဘန်ပြည်နယ်က ဒုတိယအများဆုံး ပြည်နယ်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး Veng Sakhon က ခမာတိုင်းမ်သတင်းဌာနသို့ ပြောကြားခဲ့သည်ကို သိရှိရသည်။ ၂၀၁၉-၂၀၂၀ ရာသီအတွင်း ကမ္ဘောဒီးယားနိုင်ငံမှ စပါးတန်ချိန် ၁၁ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပြီး စပါးတန်ချိန် ခြောက်သန်းခန့်ပိုလျှံခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

စပါးများများတင်ပို့နိုင်လေ တောင်သူများအတွက် ဝင်ငွေတိုးလေလေဖြစ်ခြင်းကြောင့် သက်လတ်စပါးကို ပြည်ပသို့တင်ပို့ရန် မရည်ရွယ်သော်လည်း တောင်သူများဝင်ငွေတိုး၍ ငွေအရင်းအနှီး ရစေရန်အတွက် စပါးတင်ပို့ခြင်းကို အားပေးကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ် (CRF)၏အထွေထွေအတွင်းရေးမှူး Lun Yeng က ပြောကြားခဲ့သည်ကို သိရှိရသည်။ မိမိတို့တွင် စပါးအပိုအလျှံများနေခြင်းကြောင့် စပါးပမာဏများစွာ တင်ပို့နိုင်ခြင်းဖြစ်၍ ကြိတ်ခွဲ၍လည်း ဆန်ကိုပြည်ပသို့တင်ပို့လျက်ရှိပြီး ဆန်မွှေးနှင့် ပရီမီယံဆန်များကို အများဆုံး တင်ပို့ခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသို့ တင်ပို့သည့် စပါးအများစုမှာ သက်လတ်စပါးဖြစ်ပြီး သက်တမ်း သုံးလဖြင့် ရိတ်သိမ်းနိုင်သည့် စပါးမျိုးဖြစ်ကြောင်း Lun Yeng ကပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသို့ တင်ပို့သည့် စပါးအများစုကို တရားဝင်ပို့ကုန်စာရင်း၌ မှတ်တမ်းတင်ခဲ့ခြင်းမရှိဘဲ ယခုနှစ်ကုန်ချိန်တွင် တန်ချိန်နှစ်သန်း တင်ပို့နိုင်မည်ဟုခန့်မှန်းထားကြောင်း သိရှိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ပထမသုံးလအတွင်း ပြည်ပဈေးကွက်များသို့ ဆန်တန်ချိန် ၂၃၀၉၄၈ တန် တင်ပို့ခဲ့ပြီး နှစ်အလိုက် ၃၅ ရာခိုင်နှုန်း မြင့်တင်နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်(CRF)၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရသည်။

ထိုင်းနိုင်ငံတွင် ၂၀၁၉-၂၀၂၀ ရာသီတွင် ဆိုးရွားသော ရာသီဥတုနှင့် ဖျက်ပိုး ကျရောက်မှုတို့ကြောင့် ဆန်အထွက်နှုန်း ထိခိုက်ခဲ့ရာမှ ၂၀၂၀-၂၀၂၁ ရာသီ၌ ဆန်ထုတ်လုပ်မှု ပြန်ကောင်းလာနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) အောက်ရှိ ကမ္ဘာ့လယ်ယာ သတင်းအချက်အလက်ကွန်ရက်၏ ဇွန် ၄ ရက်ထုတ် အစီရင်ခံစာအရ သိရှိရသည်။ စပါးစိုက်ရာသီအစတွင် ရာသီဥတု ကောင်းမွန်ခြင်းကြောင့် ၂၀၂၀-၂၀၂၁ ရာသီတွင် ထိုင်း ဆန်ထုတ်လုပ်မှုသည် နှစ်အလိုက် ၁၇ ရာခိုင်နှုန်းမြင့်တက်၍ တန်ချိန် ၂၁ သန်းအထိရောက်ရှိလာနိုင်ကြောင်း USDA ကခန့်မှန်းထားသည်ကို သိရှိရသည်။

ထိုင်းနိုင်ငံသည် ၂၀၁၉-၂၀၂၀ ရာသီတွင် ဆန်တင်ပို့မှု တန်ချိန် ၇ ဒသမ ၅ သန်းဖြင့် ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ရာသီတွင် တင်ပို့မှုတန်ချိန် ကိုးသန်းအထိ မြင့်တင်ဖွယ်ရှိကြောင်း USDA က ခန့်မှန်းဖော်ပြထားသည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ဧပြီ ၃ ရက်က မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံကျယ်ဂေါင်မြို့မှတစ်ဆင့် ရွှေလီမြို့သို့ တင်ပို့မည့် ဆန်တန်ချိန် ၅၀၀၀ ကျော် (ဆန်အိတ်ရေ တစ်သိန်းနှစ်သောင်း)သည် မြန်မာအစိုးရ၏ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်မပါဝင်သည့်အတွက် ရွှေလီအကောက်ခွန် စစ်ဆေးရေးဂိတ်တွင် ရွှေလီမြို့သို့ ဝင်ခွင့်မပြုခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တွင် နှစ်လကျော်ကြာ ပိတ်မိနေခဲ့သည်။

ထိုသို့ဖြစ်ပေါ်နေမှုများကို မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြခဲ့ပြီး ဆန်တန်ချိန် ၅၀၀၀ ကျော်ကိုမြန်မာနိုင်ငံဘက်သို့ ပြန်လည်သယ်ယူစစ်ဆေးခဲ့၍ မြန်မာအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပိုးမွှားကင်းစင်ကြောင်း(AQSIQ) ထောက်ခံချက်ဖြင့် ယခုအခါ ဆန်အိတ်ရေအားလုံးကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ပြီးဖြစ်ကြောင်း မူဆယ် ၁၀၅ မိုင်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောကြားခဲ့သည် ကိုသိရှိရသည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ယခင်ကကဲ့သို့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ထောက်ခံချက်ဖြင့် မရတော့ဘဲ နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ ထောက်ခံချက်ကို တရုတ်နိုင်ငံဘက်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ယင်းဆန်တင်ပို့မှုသည် မြန်မာနှင့် တရုတ်ကုမ္ပဏီများအကြား တရားဝင်ရောင်းဝယ်၍ တင်ပို့ခြင်းဖြစ်ပြီး တရုတ်ကုမ္ပဏီ ၃၀ ခန့်ကို ဆန်ဝယ်ယူရန် တရုတ်အစိုးရက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် တရားဝင်လိုင်စင်ထုတ်ပေးထားခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇွန် ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၁၉၈ ကျပ်နှုန်းရှိပြီး ညှော်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၄၃၅၄ မှ ၂၅၃၄၄ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇွန် ၁၈ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရ သည်။

စာမျက်နှာ ၁၆ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၂ | ၀.၅၀ |
| ၅ | စင်္ကာပူ | လီတာ | ၁.၃၆ | ၁.၁၄ |
| ၆ | မလေးရှား | လီတာ | ၀.၃၇ | ၀.၄၁ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၈၉ | ၀.၆၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၁ | ၀.၆၃ |
| ၉ | လာအို | လီတာ | ၀.၉၀ | ၀.၈၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေး နှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၈ ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၃ ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုအပတ် တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၁ |
| ၂ | အီရန် | လီတာ | ၀.၀၈ | နယ်သာလန် | လီတာ | ၁.၇၂ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၆၇ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၇ | မော်လ်တာ | လီတာ | ၁.၆၀ |
| ၅ | ကာတာ | လီတာ | ၀.၂၉ | ဒိန်းမတ် | လီတာ | ၁.၅၉ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၆ | နော်ဝေ | လီတာ | ၁.၅၄ |
| ၃ | အီရန် | လီတာ | ၀.၁၇ | ဆွီဒင် | လီတာ | ၁.၅၄ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၂ | အိုက်စလန် | လီတာ | ၁.၅၄ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၂၃ | အယ်ဘေးနီးယား | လီတာ | ၁.၅၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၈၃ | ၀.၇၂ |
| ၂ | ဂျပန် | လီတာ | ၁.၁၇ | ၀.၉၈ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၁ | ၀.၉၂ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြ


## ကေသွယ်(တန့်ဆည်မြေ)

အပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၂.၆.၂၀၂၀ | စည် | ၃၆.၃၄ |
| ၂ | ၁၅.၆.၂၀၂၀ | စည် | ၃၇.၁၂ |
| ၃ | ၁၆.၆.၂၀၂၀ | စည် | ၃၈.၃၈ |
| ၄ | ၁၇.၆.၂၀၂၀ | စည် | ၃၇.၉၆ |
| ၅ | ၁၈.၆.၂၀၂၀ | စည် | ၃၈.၈၄ |

၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ ရက်မှ ဇွန် ၁၅ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




**စာမျက်နှာ ၁၆ သို့**

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့်COVID-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇွန် ၆ ရက်တွင် ၁၆၈၅ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ပြန်လည်မြင့်တက်လာခဲ့ကာ ဇွန် ၁၂ ရက်တွင် ၁၇၃၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဇွန် ၁၈ ရက်တွင် ၁၇၂၄ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည် ဇွန် ၁၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၆၅၀၀ ဖြစ်ပေါ်ခဲ့ပြီး ဇွန် ၁၈ ရက်တွင် ကျပ် ၁၂၁၈၀၀၀ ဖြစ်ပေါ်ခဲ့သည်ကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးများ ပြန်လည်မြင့်တက်လာသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှု အခြေအနေကြောင့် ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်အေးလျက်ရှိပြီး ပြည်တွင်းရွှေဈေးမှာ အနည်းငယ်သာ မြင့်တက်လာကြောင်း ရန်ကုန်မြို့၏ အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာ ဈေးကွက်အတွင်းမှ သိရှိရသည်။ လက်ရှိအခြေအနေအရပြည်တွင်း ရွှေအရောင်းအဝယ်မှာ ဆက်လက်အေးနေပြီး ယခုဈေးဖြင့်တည်ငြိမ်နေနိုင်ကြောင်း၊ ရွှေဆိုင်များတွင်လည်း အရောင်းအဝယ်ကောင်းမွန်ခြင်းမရှိဘဲ ရွှေတုံးအရောင်းအဝယ်သာ အနည်းငယ် ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

ဇွန် ၁ ရက်မှ ၁၈ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၆.၂၀၂၀ | ၁၂၁၆၀၀၀ | ၁၇၃၅ |
| ၂ | ၂.၆.၂၀၂၀ | ၁၂၁၅၅၀၀ | ၁၇၃၆ |
| ၃ | ၃.၆.၂၀၂၀ | ၁၂၁၁၅၀၀ | ၁၇၂၀ |
| ၄ | ၄.၆.၂၀၂၀ | ၁၂၁၂၅၀၀ | ၁၇၁၀ |
| ၅ | ၅.၆.၂၀၂၀ | ၁၂၁၄၀၀၀ | ၁၇၀၁ |
| ၆ | ၆.၆.၂၀၂၀ | ၁၂၀၈၅၀၀ | ၁၆၈၅ |

**စာမျက်နှာ ၁၆ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization(ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေ ဇွန်၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၆ ဒသမ ၈၅ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဇွန် ၁၇ ရက်တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ဒသမ ၉၀ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကိုအောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 17-Jun-20 | 12.38 cts/lb | 11.98 cts/lb | 377.90 $/T | 17.14 cts/lb |
| 16-Jun-20 | 12.42 cts/lb | 11.90 cts/lb | 381.25 $/T | 17.29 cts/lb |
| 15-Jun-20 | 12.28 cts/lb | 11.83 cts/lb | 376.45 $/T | 17.08 cts/lb |
| 12-Jun-20 | 12.18 cts/lb | 11.75 cts/lb | 375.70 $/T | 17.04 cts/lb |
| 11-Jun-20 | 12.25 cts/lb | 11.69 cts/lb | 379.40 $/T | 17.21 cts/lb |
| 10-Jun-20 | 12.53 cts/lb | 11.63 cts/lb | 385.70 $/T | 17.50 cts/lb |
| 9-Jun-20 | 12.32 cts/lb | 11.53 cts/lb | 380.20 $/T | 17.25 cts/lb |
| 8-Jun-20 | 12.21 cts/lb | 11.45 cts/lb | 378.40 $/T | 17.16 cts/lb |
| 5-Jun-20 | 12.27 cts/lb | 11.35 cts/lb | 382.95 $/T | 17.37 cts/lb |
| 4-Jun-20 | 11.99 cts/lb | 11.25 cts/lb | 374.40 $/T | 16.98 cts/lb |
| 3-Jun-20 | 11.89 cts/lb | 11.16 cts/lb | 367.70 $/T | 16.68 cts/lb |
| 2-Jun-20 | 11.49 cts/lb | 11.08 cts/lb | 362.05 $/T | 16.42 cts/lb |
| 1-Jun-20 | 11.27 cts/lb | 11.01 cts/lb | 356.85 $/T | 16.19 cts/lb |

သကြားဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် သကြားနှင့် ကြံဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ကြံစိုက်ဧကများတွင် နှမ်း၊ မတ်ပဲနှင့် ပြောင်းတို့ကို အစားထိုးစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ကြံဈေးမကောင်းသည့်အပြင် သကြားစက်ရုံများမှ ကြံဝယ်ယူမှုနည်းခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလက ကြံစိုက်ခင်းသစ်များ ပြန်လည်စိုက်ပျိုးရမည့်အချိန်တွင် ကြံစိုက်ပျိုးဧကများ လျှော့ချခဲ့ကြကြောင်း၊ အဆိုပါမြေနေရာများတွင် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကြံစိုက်တောင်သူများထံမှ သိရှိရသည်။ ယခုအချိန်တွင် ပြောင်း၊ ပဲစင်းငုံတို့ကို စိုက်ပျိုးနေကြပြီး ဇူလိုင်လတွင် နှမ်းနှင့် မတ်ပဲတို့ကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဆယ်စုနှစ်အတွင်း ပြည်တွင်းကြံဈေး အနိမ့်ဆုံးသို့ ကျဆင်းလာသဖြင့် လာမည့်နှစ်များတွင်လည်း ကြံစိုက်ဧက လျော့ ကျသွားနိုင်ကြောင်း၊ သကြားဈေးသည် တစ်ပိဿာလျှင် ၈၃၀ ကျပ် မှ ၈၆၀ ကျပ်အထိ ပေါက်ဈေးရှိပြီး ယင်းဈေးနှုန်းသည် ၂၀၀၈ ခုနှစ်ကဈေးသို့ပြန်လည်ရောက်ရှိသွားခြင်းဖြစ်ကြောင်း သိရှိရသည်။ ပြီးခဲ့သည့်ကြံရာသီက ဈေးမကောင်းသည့်အပြင် အထွက်နှုန်း လျော့ကျခြင်းကြောင့် ကြံစိုက်တောင်သူများမှာ အဆင်မပြေဖြစ်ကြရပြီး စစ်ကိုင်းတိုင်းဒေသကြီး အရှေ့ ခြမ်းရှိ

**စာမျက်နှာ ၁၆ သို့**

Vol: 20, No.18 Monday June 22 2020

## စာမျက်နှာ (၁၄) ဆန် ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ အလေးချိန် ၁၀၈ ပေါင်ပါ ဆန်တစ်အိတ်၏ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇွန် ၁၂ ရက်မှ ၁၈ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း(ကျပ်) | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၂.၆.၂၀၂၀ | ၁၅.၆.၂၀၂၀ | ၁၆.၆.၂၀၂၀ | ၁၇.၆.၂၀၂၀ | ၁၈.၆.၂၀၂၀ |
| ၁ | ရက်(၉၀) | 90 (Raw) | ၂၅၂၀၀ | ၂၄၅၀၀ | ၂၄၅၀၀ | ၂၄၅၀၀ | ၂၄၅၀၀ |
| ၂ | ရက်(၉၀) | 80 (Raw) | ၂၄၀၀၀ | ၂၃၈၀၀ | ၂၃၈၀၀ | ၂၃၈၀၀ | ၂၃၈၀၀ |
| ၃ | သီးထပ် | 90 (Raw) | ၂၄၂၀၀ | ၂၃၈၀၀ | ၂၃၈၀၀ | ၂၃၈၀၀ | ၂၃၈၀၀ |
| ၄ | သီးထပ် | 80 (Raw) | ၂၃၅၀၀ | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ |
| ၅ | ရတနာတိုး | 85 (Raw) | ၂၃၂၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ |
| ၆ | ရတနာတိုး | 75(Raw) | ၂၃၀၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၈၀၀ | ၂၂၈၀၀ |
| ၇ | ဧည့်မထ | 70(Raw) | ၂၂၃၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ |
| ၈ | ဧည့်မထ | 65(Raw) | ၂၁၇၀၀ | ၂၁၈၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၉ | ကရင်မ | 90(Raw) | ၂၄၅၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ |
| ၁၀ | ကရင်မ | 80(Raw) | ၂၄၀၀၀ | ၂၃၇၀၀ | ၂၃၈၀၀ | ၂၃၅၀၀ | ၂၃၅၀၀ |
| ၁၁ | ရာကျော် | 85 (Raw) | ၂၄၂၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများအနက် ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၅၀၊ မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀နှင့် ကလေးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့တွင် ကျပ် ၁၁၅၀၊ မန္တလေး၊ ဘားအံနှင့် ပဲခူးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၁၀၀၊ စစ်တွေမြို့တွင် ကျပ် ၁၀၅၀၊ အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၄၁ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လတိယယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာ တွင် မော်လမြိုင်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၉၂၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၂၇၀၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ် ဂါလန်လျှင် ၂၈၃၅ ကျပ်နှင့် ဒီဇယ်တစ်ဂါလန်လျှင် ၂၉၂၅ ကျပ်၊ မြစ်ကြီးနားမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၆၁၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၂၈၈၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန် မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၂၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၄၅၅ ကျပ်၊ မြိတ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၃၈၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၂၅၂၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက်တွင် Yangon Denko စက်သုံးဆီ ဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ကျပ် ၅၅၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၅၆၀၊ အောက်တိန်း 92 တစ်လီတာလျှင် ကျပ် ၄၉၀၊ အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၆၀၀ ရှိခဲ့ကြောင်းလေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းများမြင့်တက်လာကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ကြံစိုက်ဧက တစ်ဝက်ခန့်မှာသီးနှံများကို ပြောင်းလဲစိုက်ပျိုးလာကြကြောင်း၊ ကြံစိုက်ဧကမှာ ငါးသောင်းနှင့် တစ်သိန်းကြား လျော့ကျသွားနိုင်ကြောင်း သိရှိရသည်။

တရားမဝင်နယ်စပ်ဂိတ်များမှ သကြားများဝင်ရောက်မှု၊ ပြည်တွင်းလိုအပ်ချက်ထက်ပို၍ပြည်ပမှ တင်သွင်းနေမှုများကြောင့် ပြည်တွင်းသကြားဈေး အနိမ့်ဆုံးသို့ ရောက်ရှိနေခြင်းကြောင့် ကြံစိုက်တောင်သူများမှာ ကြံအစား အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း၊ မြန်မာ့ကြံသကြားဥပဒေ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသောကြောင့်လည်း ကြံဈေးနှုန်း မတည်ငြိမ်၍ သကြားစက်ပိုင်များနှင့် ကြံစိုက်တောင်သူများ အခက်အခဲနှင့် ရင်ဆိုင်နေရသဖြင့် ကြံစိုက်ဧကများ လျော့ကျလာခြင်းတို့ ကြုံတွေ့နေရကြောင်း၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

ဇွန်လတတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၁၅ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၃၇ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၈-၄၇၀၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၄၃၈-၅၁၄ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အမေရိကန်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ အားလုံးတွင် သကြားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၂၀ပြည့်နှစ် ဇွန်လတတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၆၉ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၁၅ ဒေါ်လာပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၄၆ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၉ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ဇွန်လ တတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၆၇ ရခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၇ | ၈.၆.၂၀၂၀ | ၁၂၁၀၀၀၀ | ၁၆၉၄ |
| ၈ | ၉.၆.၂၀၂၀ | ၁၂၁၃၅၀၀ | ၁၇၁၀ |
| ၉ | ၁၀.၆.၂၀၂၀ | ၁၂၁၅၀၀၀ | ၁၇၂၀ |
| ၁၀ | ၁၁.၆.၂၀၂၀ | ၁၂၁၄၅၀၀ | ၁၇၃၀ |
| ၁၁ | ၁၂.၆.၂၀၂၀ | ၁၂၁၆၅၀၀ | ၁၇၃၆ |
| ၁၂ | ၁၅.၆.၂၀၂၀ | ၁၂၁၆၅၀၀ | ၁၇၀၆ |
| ၁၃ | ၁၆.၆.၂၀၂၀ | ၁၂၁၇၅၀၀ | ၁၇၃၂ |
| ၁၄ | ၁၇.၆.၂၀၂၀ | ၁၂၁၆၀၀၀ | ၁၇၁၃ |
| ၁၅ | ၁၈.၆.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၇၂၄ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ဒ သမ ၈၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၈ ဒသမ ၈၀ ရာခိုင်နှုန်း၊ Year on Year Inflation ၅ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှု အခြေအနေကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ မျှော်မှန်းထားသည်ထက် ပိုများလာကြောင်း အစိုးရ၏ လေးနှစ်တာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ပြောကြားခဲ့သည်ကို သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်မှာ ၇ရာခိုင်နှုန်းအထိသာ မျှော်မှန်းထားသော်လည်း ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှုကြောင့် ယခုအခါတွင် ၈ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ဖြစ်ပေါ်ခဲ့သော ငွေကြေးဖောင်းပွမှုနှုန်းထက် နှစ်ဆကျော် မြင့်တက်သွားခဲ့ခြင်းဖြစ်ကာ ယခုအစိုးရလက်ထက်တွင် အမြင့်ဆုံး ငွေကြေးဖောင်းပွမှုနှုန်းအဖြစ် စံချိန်တင်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ကို သိရှိရသည်။

ယခုကဲ့သို့ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းသည် နိုင်ငံ၏စီးပွားရေး ကျဆင်းလာခြင်းပုံရိပ်ဖြစ်ပြီး ဤကပ်ရောဂါသည် မြန်မာတစ်နိုင်ငံတည်းသာမကဘဲ တစ်ကမ္ဘာလုံး ကြုံတွေ့နေကြရသည့်အတွက် နိုင်ငံတိုင်းလိုလိုတွင် ယခုကဲ့သို့သောပြဿနာများ ကြုံတွေ့နေကြရကြောင်း ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက မှတ်ချက်ပြုပြောကြားခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပျှမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၄ ဒသမ ၀၃ရာခိုင်နှုန်း၊ ၂၀၁၈ စက်တင်ဘာလတွင် ၅ ဒသမ ၉၄ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ ၂၀၂၀ပြည့်နှစ် ဧပြီလတွင် ၈ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ရှိနေကြောင်း သိရှိရသည်။

၂၀၂၀ပြည့်နှစ်၊ ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၂-၆-၂၀၂၀ | ၁၅-၆-၂၀၂၀ | ၁၆-၆-၂၀၂၀ | ၁၇-၆-၂၀၂၀ | ၁၈-၆-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၄၀၀.၃ | ၁၄၀၀.၄ | ၁၃၉၉.၅ | ၁၃၉၈.၉ | ၁၃၉၈.၅ | -၀.၂၀ | ↓ |
| ၂ | Thai Baht | THB | ၃၀.၉၆၀ | ၃၁.၀၆၅ | ၃၁.၀၇၀ | ၃၁.၁၇၀ | ၃၁.၀၉၅ | ၀.၄၄ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၀၉ | ၁.၃၉၅ | ၁.၃၉ | ၁.၃၉၃ | ၁.၃၉၂ | ၀.၂၂ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၂၆၃ | ၄.၂၇၈ | ၄.၂၇၄ | ၄.၂၈၀ | ၄.၂၇၅ | ၀.၂၈ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၂၅ | ၁၄၁၁၆ | ၁၄၀၈၉ | ၁၄၀၈၂ | ၁၄၀၈၅ | -၀.၂၈ | ↓ |
| ၆ | Chinese Yuan | CNY | ၇.၀၇၄ | ၇.၀၉၄ | ၇.၀၇၉ | ၇.၀၈၆ | ၇.၀၈၀ | ၀.၀၈ | ↑ |
| ၇ | Indian Rupee | INR | ၇၅.၈၅၁ | ၇၆.၀၁၄ | ၇၆.၀၁၄ | ၇၆.၁၈၉ | ၇၆.၁၃၄ | ၀.၇၇ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၇.၁၅၆ | ၁၀၇.၂၈၀ | ၁၀၇.၄၅၅ | ၁၀၇.၄၀၉ | ၁၀၇.၀၁၇ | -၀.၁၃ | ↓ |
| ၉ | Australian Dollar | AUD | ၁.၄၅၀ | ၁.၄၆၇ | ၁.၄၄၄ | ၁.၄၄၈ | ၁.၄၅၀ | ၀.၀၀ | |
| ၁၀ | Euro | EUR | ၀.၈၈၂ | ၀.၈၈၈ | ၀.၈၈၂ | ၀.၈၈၈ | ၀.၈၈၉ | ၀.၇၉ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၂ | ၀.၇၉၇ | ၀.၇၉၁ | ၀.၇၉၆ | ၀.၇၉၉ | ၀.၈၈ | ↑ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇွန် ၁၂ရက် တွင် တစ်ဒေါ်လာလျှင် ၁၄၀၁ ဒသမ ၃၀ ကျပ်ရှိခဲ့ရာမှ ဇွန် ၁၈ ရက်တွင် ၁၃၉၈ ဒသမ ၅၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၂၀၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် မေ ၄ရက်မှ ဇွန် ၁၈ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဇွန် ၁၂ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၀၆ ကျပ်၊ ဇွန် ၁၅ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၀၈ ကျပ်၊ ဇွန် ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၀၅ ကျပ်၊ ဇွန် ၁၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၀၂ ကျပ်နှင့် ဇွန် ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၀၁ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

# ကုန်စည်ပြပွဲများနှင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ

ပြပွဲအခမ်းအနားများတွင်အသုံးပြုသောသင်္ကေတ(Sign)များ၊ ပြပွဲပစ္စည်းကာတွန်းပုံးများပေါ်တွင်ဖော်ပြပါရှိရမည့်အမှတ်အသား (Symbols)များ၊ကုန်စည်ပြပွဲကျင်းပရာတွင် လိုအပ်သော သင်္ဘောတင်စာရွက်စာတမ်းများနှင့် ထုပ်ပိုးပုံနည်းစနစ်များကို ဖော်ပြခဲ့ပြီးပါပြီ။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကုန်စည်ပြပွဲများနှင့်ပတ်သက်၍ နိုင်ငံအလိုက် ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းချက်၊ အမိန့်စာ၊ လုပ်ထုံးလုပ်နည်း စသည်ဖြင့် ရှိကြသည်။

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ ကုန်စည်ပြပွဲဆိုင်ရာဥပဒေ၊ နည်းပဒေများ မထွက်ရှိသေးသော်လည်း ကုန်စည်ပြပွဲများဆောင်ရွက်ပါက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အမိန့်ကြော်ငြာစာများကား ရှိနှင့်နေပြီးဖြစ်သည်။ အကောက်ခွန်ဦးစီးဌာန၏ 'ကုန်စည်ပြပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်'၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ 'နိုင်ငံသားပုဂ္ဂလိကရတနာဆိုင်၊ ကုမ္ပဏီ၊ သမဝါယမအသင်း၊ ပြည်ပရတနာပြပွဲကုန်စည်ပြပွဲများသို့ သွားရောက်၍ရတနာပစ္စည်းများ ရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်'၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ 'ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ကြမည့် လုပ်ငန်းရှင်အဖွဲ့ဝင်များ လိုက်နာရမည့် စည်းကမ်းချက်များ'နှင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။

## အကောက်ခွန်ဦးစီးဌာန လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်

သို့ဖြစ်၍ အကောက်ခွန်ဦးစီးဌာနက ၁၉၉၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်သော ရုံးတွင်းညွှန်ကြားလွှာအမှတ်(၃၈/၉၈) 'ပြည်ပတွင်ကျင်းပသော ကုန်စည်ပြပွဲများတွင် ခင်းကျင်းပြသရန် ပြပွဲဝင်ပစ္စည်းများ ယာယီထုတ်ဆောင်ခြင်း/ပြန်လည်တင်သွင်းခြင်းကိစ္စရပ်များဆိုင်ရာ အကောက်ခွန်ကြီးကြပ်မှု လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်' ကုန်စည်ပြပွဲနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းတစ်ရပ်အဖြစ် ၁၉၉၈ ခုနှစ်အတွင်းက ထွက်ပေါ်လာသည်။ ၁၉၉၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်သော ရုံးတွင်းညွှန်ကြားလွှာအမှတ်(၃၈/၉၈) မြန်မာ့ထုတ်ကုန်များ ပြည်ပဈေးကွက်သစ်များသို့ ထိုးဖောက်နေရာယူရန် မျှော်မှန်းပြီး ထုတ်ပြန်ခြင်းဖြစ်သည်။ ကုန်စည်ပြပွဲများတွင် အကောက်ခွန်လုပ်ငန်းများ စနစ်တကျနှင့် ထိထိရောက်ရောက် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက်လည်း ရည်ရွယ်ထုတ်ပြန်ထားပါသည်။

## အထွေထွေခွင့်ပြုမိန့်

အကောက်ဦးစီးဌာနသည် ပြည်ပတွင်ကျင်းပပြုလုပ်သော ကုန်စည်ပြပွဲများတွင် သွားရောက်ပြသမည့် အစိုးရဌာနများ၊ ကုန်သည်/စက်မှုအသင်းချုပ်၏ ညီနောင်အသင်းများ၊ သမဝါယမအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အထွေထွေခွင့်ပြုမိန့် (OGL- Open General Licence)သို့မဟုတ် သီးခြားခွင့်ပြုချက်တရားဝင်ရရှိထားရပါမည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်အထွေထွေခွင့်ပြုမိန့် (Open General Licence) ရရှိပြီးပါက ပြပွဲဝင်ပစ္စည်းများ (ExhibitedItems) ယာယီတင်ပို့ခြင်း/ ပြန်လည်တင်သွင်းခြင်း (Temporary Exportation & Re-Importation) ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းပမာဏကို မူတည်၍ ကြီးကြပ်မှုအဖွဲ့များ စုဖွဲ့တာဝန်ချထားပေးပါသည်။လုပ်ငန်းပမာဏဆိုသည်မှာ ပြပွဲသို့သွားရောက်ကျင်းပမည့်သူ (Exhibitors) ပစ္စည်းအနည်းအများနှင့် ပြသမည့်သူအရေအတွက် အနည်း၊ အများကိုဆိုလိုသည်။ အကောက်ခွန်ကြီးကြပ်မှုအဖွဲ့တွင် ယာယီတင်သွင်း/ တင်ပို့မှု ပြပွဲကြီးကြပ်ရေးအဖွဲ့နှင့် ပစ္စည်းစစ်ဆေးရေးအဖွဲ့တို့ ပါဝင်ပါသည်။

ယာယီတင်သွင်းတင်ပို့မှု ကြီးကြပ်ရေးအဖွဲ့တွင် ထုတ်ကုန်/ သွင်းကုန်ကြီးကြပ်ရေးဌာနခွဲမှ လုပ်ငန်းစုတာဝန်ခံတစ်ဦး ထားရှိပြီး

ညီညီအောင်

ကုန်စည်ပြပွဲဆိုင်ရာ စာရွက်စာတမ်း အထောက်အထား၊ ထုတ်ကုန်ကြေညာလွှာ၊ Invoice၊ Packing List၊ OGL Licence စတာတွေ မှန်၊ မမှန် စစ်ဆေးရသည်။ Document Processing ကိစ္စရပ်များနှင့် ပတ်သက်၍ ပြပွဲပြီးမြောက်၍ ပြန်ရောက်သည့်အချိန်၊ အခွန်အခများ ပေးဆောင်ပြီးသည့် အပြီးသတ်စည်းကြပ်မှု ပြီးစီးသည့်အချိန်အထိ စိစစ်ကြီးကြပ်သွားရန် ဖွဲ့စည်းထားသည်။

ပစ္စည်းစစ်ဆေးရေးအဖွဲ့တွင် ထုတ်/သွင်း ဌာနခွဲမှဦးစီးအရာရှိ ဦးဆောင်ပြီး ဖွဲ့စည်းထားသည်။ ကုန်စည်ပြပွဲတွင် ပြသမည့် ပြပွဲပစ္စည်းများ အရေအတွက် မှန်၊ မမှန်၊ OGL လိုင်စင်နှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ ပြန်လည်တင်သွင်းလာသည့်အခါတွင်လည်း ရောင်းရငွေများ အမှန်တကယ်ရရှိမှု ရှိ၊ မရှိ။ ကုန်သွယ်ခွန်၊ ရတနာခွန် (Service Tax)၊ အထူးကုန်စည်ခွန်များ စသည့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ ရရှိမှု ရှိ၊ မရှိကိုစစ်ဆေးရန် လက်တွေ့စစ်ဆေး (Phy- sical Examination)ရပါသည်။ ထို့ပြင် စုံစမ်းစစ်ဆေးရေးဌာနမှ ဦးစီးအရာရှိတစ်ဦးလည်း ပါဝင်ပြီး ပြပွဲပစ္စည်းများ စစ်ဆေးရာတွင် ကုန်ပစ္စည်းအပိုများ၊ အလွှဲများ၊ အတုများ ထည့်သွင်းယူဆောင်ခြင်း စသည်တို့ မဖြစ်စေရန်အတွက် ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## ထုတ်ကုန်ကြေညာလွှာ တင်သွင်းခြင်း

ပြပွဲသွားရောက်ခင်းကျင်းပြသမည့် အဖွဲ့အစည်း၊ ကုမ္ပဏီတို့သည် စီးပွား/ကူးသန်းဝန်ကြီးဌာနက ထုတ်ပေးသော အထွေထွေခွင့်ပြုမိန့်(OGL)နှင့် အတူ အကောက်ခွန်ဦးစီးဌာန ထုတ်/သွင်းဌာနခွဲတွင် ထုတ်ကုန်ကြေညာလွှာ (Export Declaration) တင်သွင်းရပါသည်။ ယခုအခါ အကောက်ခွန်ဦးစီးဌာနတွင် (မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူသည့်စနစ်)ကို ကျင့်သုံးနေပြီဖြစ်ရာ အွန်လိုင်းမှတစ်ဆင့် ထုတ်ကုန်ကြေညာလွှာ တင်သွင်း (CUSDEC2) တင်သွင်းရမည်ဖြစ်သည်။ သို့သော် ကုန်စည်ပြပွဲသို့ သွားရောက်ပြသမည့် ကုန်ပစ္စည်းအမယ် ၂၀၀ ကျော် သို့မဟုတ် ကြေညာရမည့် Items ၂၀၀ ကျော်ပါက ပုံမှန်ဖိုင် (Manual File) ဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။ ထုတ်ကုန်ကြေညာလွှာ တင်သွင်းရာတွင်

(၁) အထွေထွေခွင့်ပြုမိန့် သို့မဟုတ် သီးခြားခွင့်ပြုချက် (Open General Licence)

(၂) ကုန်ရောင်းပြေစာနှင့် ထုပ်ပိုးစာရင်း (Invocie and Packing List)

(၃) ထုတ်ကုန်ကြေညာလွှာ (CUSDES 1)

(၄) ပြပွဲသို့ သွားရောက်ပြသူများစာရင်းချုပ် (Summary of Participants)

## အကောက်ခွန်ပြင်ပစစ်အဖွဲ့ လျှောက်ထားခြင်း

ဆက်လက်၍ အကောက်ခွန်ပြင်ပစစ်အဖွဲ့ (Outside Customs ExaminationTeam)လျှောက်ထားရပါသည်။ ဌာနသုံးခုဖြစ်သော ထုတ်ကုန် သွင်းကုန်ဌာနခွဲ၊ စုံစမ်းစစ်ဆေးရေးဌာနခွဲနှင့် ကာကွယ်ရေးဌာနခွဲများ သွားရောက်ကာ ပြပွဲအကောက်ခွန် စစ်ဆေးရေးအဖွဲ့တွင် အကောက်ခွန်အရာရှိတစ်ဦးစီတာဝန်ချထားပေးပါရန် လျှောက်ထားရပါသည်။

ထိုသို့လျှောက်ထားရာတွင် မိမိတို့သွားရောက်ပြသမည့် ကုန်စည်ပြပွဲအမည်၊ အကောက်ခွန်စစ်ဆေးလိုသည့် နေ့ရက်တို့ကို ထည့်သွင်းဖော်ပြရမည်။ ထို့နောက် အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်အရာရှိ သုံးဦးပါဝင်သော အကောက်ခွန်ပြင်ပ စစ်စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးသည်။

ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်သည် ယာယီတင်ပို့မည့် ပြပွဲပစ္စည်းများမှာ ကျောက်မျက်နှင့်လက်ဝတ်ရတနာများ ဖြစ်ပါက အမှတ်(၆၆)ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအဆောက်အအုံတွင် ဖွင့်လှစ်ထားသော OSS (One Stop Service) စင်တာသို့ စစ်ဆေးရေးအဖွဲ့အား ဦးဆောင်ကာ သွားရောက်စစ်ဆေးကြရသည်။ ယခုအခါ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစတင်၍ ယခင် Myanmar Ves Joint Venture Co.,Ltd ဖွင့်လှစ်ခဲ့သော အဆောက်အအုံသို့ ပြောင်းလဲဖွင့်လှစ်လိုက်ပါသည်။ ရွှေပြား၊ ရွှေနှင့်ပြုလုပ်သော လက်ဝတ်ရတနာများ တင်ပို့ရောင်းချပြသခြင်းနှင့်ပတ်သက်၍ အကောက်ခွန်အပါအဝင် စုပေါင်းစစ်ဆေးပေးသည့် OSS စခန်းမှာ ရွှေတိဂုံဘုရားအနောက်ဘက် ပြည်သူ့ဥယျာဉ်အတွင်းရှိ Myanmar Cultural Velly အဆောက်အအုံတွင် တည်ရှိသည်။ သစ်တောထွက်ပစ္စည်းများဖြစ်သော ပရိဘောဂများ၊ သစ်သားရုပ်တုများကိုမူ ပြပွဲသွားရောက်ပြသမည့် ကုမ္ပဏီ၏ စက်ရုံတွင် သွားရောက် စစ်ဆေးရသည်။

ပစ္စည်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဦးစီးအရာရှိသည် အကောက်ခွန်ဦးစီးဌာနမှ ကုန်ပစ္စည်းပြပွဲအတွက် မိမိနှင့်အတူတာဝန်ချထားသော စစ်ဆေးရေးအရာရှိ(E.O) တို့ထံ ထုတ်ကုန်ကြေညာလွှာနှင့် အခြားသော အထောက်ထားများကိုပေးအပ်ပြီး ယာယီတင်ပို့မည့် ပြပွဲပစ္စည်းများအား အောက်ဖော်ပြပါ အချက်အလက်များ အပေါ် အခြေခံ၍မျက်မြင်စစ်ဆေး (Physical Examination)ရန် စီစဉ်ရပါသည်။

ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က ထုတ်ပေးသော အထွေထွေခွင့်ပြုမိန့် (Open General Licence)ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိတိုက်ဆိုင်စစ်ဆေးရန်ဖြစ်ပြီး အဓိကအားဖြင့် အရေအတွက် တန်ဖိုး၊ အမျိုးအစား၊ ဈေးနှုန်းတို့ကို စစ်ဆေးရပါသည်။

ကွဲလွဲချက်များတွေ့ရှိပါက ပစ္စည်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်ထံ သတင်းပို့၍ အဆိုပါကွဲလွဲချက်ပါရှိသည့် ပြပွဲပစ္စည်း (Exhibited Item) အား တင်ပို့ခွင့်မပြုရပါ။

ကွဲလွဲချက်မရှိ ကိုက်ညီမှန်ကန်သောပစ္စည်းကို ပြပွဲသို့ယူဆောင်သွားမည့် အထုပ်ပေါ်တွင် ပြပွဲအမည်၊ ပြပွဲကာလ၊ တင်ပို့သည့်ကုမ္ပဏီအမည်(ဝါ)ဆိုင်အမည်၊ လိပ်စာနှင့် အထုပ်အမှတ်အသားတို့ကို ရေးသားကာ ခိုင်ခံ့စွာကပ်ထားရမည်။ ထို့နောက် အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်က (Customs Broking Agent )အထုပ်တွင်ရှိသောဇစ်အား ကြိုးဖြင့်ခိုင်ခံ့စွာ ချည်နှောင်၍ ကြိုးအပေါ်မှ ချိတ်ထိုးပေးရသည်။ ချိတ်အပေါ်တွင် စက္ကူလေဘယ်ပြားကလေး ချိတ်ဆွဲကာ ဆိုင်အမည်၊ အထုပ်အရေအတွက်ကိုရေးသားကာ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအရာရှိ(ကာကွယ်ရေးဌာနခွဲ)၏ကိုယ်ပိုင်နံပါတ် (ဥပမာ-အကခ-ကပ၀၀၁)ပါ ကြေးတံဆိပ် ဆီးလ် (MetalSeal) အဝိုင်းကလေးအား ဖိနှိပ်ရိုက်ပေးပါသည်။ ပြီးလျှင် အကောက်ခွန်စစ်ဆေးရေးအရာရှိက အမည်၊ ရာထူးပါသော ရော်ဘာတံဆိပ်ရိုက်ကာ လက်မှတ်ရေးထိုးပါသည်။ ကျောက်မျက်အဖွဲ့ခေါင်းဆောင်ကလည်း ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ရုံးတံဆိပ်ဝိုင်းကလေးကို ခတ်နှိပ်ပေးသည်။ ပြီးလျှင် ချိပ်တံဆိပ်အမှတ်နှင့် အထုပ်အရေအတွက်တို့ကို ထုတ်ကုန်ကြေညာလွှာတွင် ဖြည့်စွက်ရေးသားပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပေးသည်။အကောက်ခွန်စစ်ဆေးရေးအရာရှိက လက်မှတ်ထိုးပြီးလျှင် အကောက်ခွန်ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် စည်းကြပ်အရာရှိက Export Declaration(ထုတ်ကုန်ကြေညာလွှာပေါ်တွင် ထပ်ဆင့်လက်မှတ်ရေးထိုးပေးပါသည်။ ကာကွယ်ရေးဌာနခွဲမှ အကောက်ခွန်စစ်ဆေးရေးအရာရှိနှင့် အကောက်ခွန်စုံစမ်းစစ်ဆေးရေးအရာရှိတို့က မှတ်တမ်း (Note sheet)ပေါ်တွင် တွေ့ရှိချက်များကို ရေးသားကာ လက်မှတ်ရေးထိုးပါသည်။

## ချိတ်စာအိတ်ပိတ်ခြင်း

အကောက်ခွန် ယာယီတင်သွင်းတင်ပို့မှုကြီးကြပ်ရေးအဖွဲ့၏ စစ်ဆေး၍ လက်မှတ်ထိုးထားသည့် ထုတ်ကုန်ကြေညာလွှာများ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ကျအရာရှိ၊ အဖွဲ့ခေါင်းဆောင်၊ လက်မှုကျွမ်းကျင်အရာရှိများ၊ OSS တာဝန်ခံတို့၏ လက်မှတ်ပါဝင်သော Invoice/ Packing List တို့ကို ပါပူးတွဲ၍ စာအိတ်တစ်အိတ်ထဲထည့်ကာ 'ထွက်ပေါက် အကောက်ခွန်အရာရှိ' (EXIT POINT )ထံလိပ်မူ၍ သွားရောက်ပြသမည့် ကုမ္ပဏီများသို့ ပေးလိုက်ရသည်။ Exit Point များမှာ ရန်ကုန်လေဆိပ်၊ မူဆယ်(၁၀၅)မိုင်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်းတို့ဖြစ်ပြီး အများဆုံးသွားလာကြသော Exit Point မှာ ရန်ကုန်လေဆိပ်ပင်ဖြစ်သည်။



# COVID -19 ကြောင့် လယ်ယာကဏ္ဍ တုံ့နှေးသွားခြင်းအား မြှင့်တင်ရန် ကြိုးပမ်းကြပါစို့

COVID-19 ရဲ့ ရိုက်ခတ်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း လယ်ယာကဏ္ဍဖွံ့ဖြိုးမှု၊ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ မြန်မာနိုင်ငံမှာလည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု တုံ့နှေးသွားတာကို တွေ့ရပါတယ်။

လယ်ယာကဏ္ဍဆိုရင် ကဏ္ဍကြီးတစ်ခုလုံးထဲမှာ ပါနေတဲ့ဖြစ်စဉ်တစ်လျှောက် (Supply Chain) တစ်ခုလုံးမှာ စိန်ခေါ်မှုအကျပ်အတည်းတွေနဲ့ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ ဒီဖြစ်စဉ်ထဲမှာလည်း ထုတ်လုပ်၊ ဝယ်ယူ၊ သိုလှောင်ကြိတ်ခွဲမှုအပိုင်းနဲ့ ပြည်ပတင်ပို့၊ တင်သွင်းမှုအပိုင်းဆိုပြီး နှစ်ပိုင်းရှိပါတယ်။

စပါးနဲ့အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းကို ဆန်းစစ်ကြည့်ရင် တောင်သူလယ်သမားတွေဟာ ထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုအလုံအလောက်မရှိကြဘူး။ ကမ္ဘာ့ကပ်ရောဂါကြီးလိုဖြစ်နေတဲ့အတွက် သီးနှံအရောင်းအဝယ်တွေကလည်း ထိုင်းနေတယ်။ ထုတ်တဲ့သီးနှံအရောင်းအဝယ်လက်နှေးနေတော့ ဈေးကျနေတယ်။ စိုက်ပျိုးစရိတ်နဲ့ဆိုတော့ တွက်ခြေမကိုက်လို့ လက်ပိုက်ကြည့်နေရတဲ့အဖြစ်နဲ့ ကြုံနေကြရတယ်။ ပဲမျိုးစုံဆိုရင် ပိုပြီးအထိနာကြတာတွေ့ရတယ်။

ထုတ်လုပ်မှုမှာလည်း ငွေကြေးမပြည့်စုံတော့ အရည်အသွေးပြည့်မီတဲ့သီးနှံများထုတ်လုပ်ရေးမှာ အားနည်းနေတာတွေ့ရတယ်။ ဖြစ်သလိုစိုက်၊ ဖြစ်သလိုထုတ်လုပ်တဲ့စနစ်နဲ့ အများစုကသွားနေကြတာတွေ့ရတယ်။ သိုလှောင်မှုအပိုင်းရောက်ရင်လည်း စနစ်တကျသိုလှောင်နိုင်တဲ့ သိုလှောင်ရုံအားနည်းနေတော့ ကွင်းပြင်မှာ ဖြစ်သလိုပုံ၊ နေပူ မိုးရွာမှာ ရာသီဥတုရဲ့ နှိပ်စက်မှုဒဏ်ခံကြရတော့ သီးနှံများပျက်စီးဆုံးရှုံး၊ အရည်အသွေးကျဆင်းတာနဲ့ ကြုံကြရပြန်တယ်။

ကြိတ်ခွဲမှုအပိုင်းရောက်ပြန်တော့လည်း အရည်အသွေးမီကြိတ်ခွဲနိုင်တဲ့စက်က လက်ချိုးရေတွက်လို့ရနေတယ်။ ဆန်စက်ပေါင်း ၃၀၀၀၀ ကျော်ရှိတဲ့အနက် အဆင့်မီကြိတ်ခွဲနိုင်တဲ့ စက်က ၃၉၇ လုံးသာရှိတယ်။ တကယ်တမ်း ပမာဏများများကြိတ်ရတော့မယ်ဆိုတော့ အလုံအလောက်မရှိတော့ဘူး။ လျှပ်စစ်မီးမလုံလောက်မှုကြောင့်လည်း စက်ရဲ့လည်ပတ်နာရီ၊ လည်ပတ်ရက် အပြည့်မရတဲ့အတွက် ထင်သလောက်ခရီးမပေါက်ဖြစ်နေပြန်ပါတယ်။ တင်ပို့ရေးအပိုင်းကြည့်ပြန်တော့လည်း မြန်မာ့ဆိပ်ကမ်းက တစ်ကြိမ်ဆန်တန်ချိန် ၂၀၀၀၀ ကျော်ခန့်သာ တင်ပို့နိုင်တဲ့အတွက် တစ်ခါတစ်ရံ အင်နဲ့အားနဲ့တင်ရမယ်ဆိုရင် ပစ္စည်းကဆိပ်ကမ်းမှာပုံနေတယ်။ အလုပ်မဖြစ်ပြန်ဘူး။ တချို့အချိန်တွေမှာ တင်မယ့်ကွန်တိန်နာမရရှိတဲ့အတွက် ဆိပ်ကမ်းမှာကုန်စုံပုံပြီး ကွန်တိန်နာမျှော်ရတဲ့ဒုက္ခကလည်း မသေးလှပါ။

ဆန်စက်တွေမှာရော၊ သိုလှောင်ရုံတွေမှာရော၊ ပိုးမွှားကင်းစင်ကြောင်း အစစ်ဆေးခံရာမှာလည်း သတ်မှတ်ချက်အရည်အသွေးမပြည့်မီလို့ တင်ပို့မှုအဟန့်အတားဖြစ်ရတာလည်း စိန်ခေါ်မှု တစ်ရပ်လိုဖြစ်နေပါတယ်။ ဆီထွက်သီးနှံမြေပဲ၊ နှမ်းမှာလည်း အရည်အသွေး

**အောင်ဆန်း(စိုက်ပျိုးရေး)**

စံချိန်စံညွှန်းနဲ့မကိုက်ညီတဲ့အတွက် တင်ပို့ဖို့ အရောင်းအဝယ်လုပ်ငန်းမှာ အမြဲပြဿနာတက် မျက်နှာပျက်ရပါတယ်။ ပဲမျိုးစုံသီးနှံမှာဆိုရင်လည်း ပြဿနာမျိုးစုံနဲ့ ရင်ဆိုင်နေကြရပါတယ်။ ယခုလောလောဆယ်မှာလည်း ပဲမျိုးစုံကိုထောက်ခံချက်လက်မှတ်အတုနဲ့ ရောင်းချလို့ တစ်ဖက်နိုင်ငံနဲ့ရှင်းနေရတာလည်း ပြဿနာတစ်ခုပါပဲ။

မြန်မာနိုင်ငံဟာ ပို့ကုန်တိုးမြှင့်ရေးမူဝါဒနဲ့သွားနေချိန်မှာ နယ်စပ်ဖြတ်ကျော်ပြီး ဝင်လာတဲ့သွင်းကုန်ပမာဏဟာ ပို့ကုန်ထက်ငါးဆလောက်များနေတဲ့ စိန်ခေါ်မှုကလည်းရှိနေပြန်ပါတယ်။ ကနဦးဆောင်ရွက်သင့်တာကတော့ သွင်းကုန်များကို (တရားဝင်ရော၊ တရားမဝင်ရော) စိစစ်ပိတ်ပင်ကန့်သတ်ဖို့လိုပါတယ်။ ပြီးရင်ထုတ်ကုန်လယ်ယာကဏ္ဍထွက်ကုန်များကို သွင်းကုန်အစားထိုးနိုင်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဥပမာထိုင်းနယ်စပ်နဲ့ တရုတ်ကနေဝင်နေတဲ့ အထွေထွေစားသောက်ကုန်များ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပန်းမန်အမျိုးမျိုးများ ဝင်နေတဲ့ပစ္စည်းပမာဏဟာ အလွန်ကြီးမားလှပါတယ်။ ဒီဟာတွေကို အစားထိုးနိုင်ဖို့ ပြည်တွင်းမှာ အစီအမံများသေချာချမှတ်ဆောင်ရွက်ဖို့လိုပါတယ်။ တရုတ်နယ်စပ်ကနေ တင်ပို့နေတဲ့ ဖရဲ၊ သခွားမွှေး၊ သရက် သစ်သီးဝလံများဟာ ပျက်စီးလွယ်တဲ့သီးနှံများဖြစ်တဲ့အတွက် ပိုင်ရှင်၊ ကုန်သည်ပွဲစားများဟာ နယ်စပ်ဂိတ်ပိတ်ပြီဆိုတာနဲ့ ကော့နေအောင်ခံစားကြရပါတယ်။ အစုလိုက်၊ အပြုံလိုက်၊ ကားစီးလိုက်ဖျက်ဆီးပစ်ကြရတဲ့ အကြိမ်လည်းမနည်းတော့ပါ။

ကမ္ဘာ့ဈေးကွက်ကိုထောက်လှမ်းပြီး စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှုကို ပြန်လည်သုံးသပ်ပြီး စီးပွားရေးတွက်ခြေကိုက်တဲ့ ဈေးကွက်ဝင်သီးနှံများ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်းကိုလည်း သွားသင့်ပါတယ်။ ကုန်ပျော့ဖြစ်တဲ့ပျက်စီးလွယ်တဲ့သီးနှံများအစား ဈေးကွက်ရှိ၊ အထားခံ၊ အမာသီးနှံများ ပြောင်းလဲစိုက်ပျိုးဖို့ စီမံသင့်ပါတယ်။ မလေးရှားဆိုရင် စပါးအစားဒီနေဆီအုန်းပြောင်းလဲစိုက်ခဲ့ပြီး ချမ်းသာနေခြင်းဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာလည်း စပါးဧက တစ်သိန်းကို တရားဝင်လျှော့ပြီး စပါးအစားအခြားစီးပွားရေး တွက်ခြေကိုက်ပြီး အကျိုးအမြတ်ရှိမယ့်လုပ်ငန်းကိုသတ္တိရှိရှိပြောင်းလဲခဲ့တာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ သီးနှံတစ်ခုကို တစ်သမတ်တည်းမသွားဘဲ ဈေးကွက်ခြေလှမ်းကို မျက်ခြည်မပြတ်ကြည့်ပြီး သတ္တိရှိရှိပြောင်းလဲနေဖို့လိုမှာဖြစ်ပါတယ်။

COVID -19 ကာလအတွင်းမှာ အခြားသောအကျိုးစီးပွားဖြစ်မှု ထိထိရောက်ရောက်မရှိနိုင်တဲ့ ကဏ္ဍ၊ လုပ်ငန်းတွေကို ထိန်းရုံလောက်ထိန်းထားပြီး လက်ရှိအကျိုးစီးပွားဖြစ်ထွန်းပြီး အကျိုးအမြတ်မြန်မြန်ရနိုင်မယ့် လယ်ယာကဏ္ဍကို ဦးစားပေးရင်းနှီးမြှုပ်နှံပေးဖို့လိုမှာဖြစ်ပါတယ်။ လက်ရှိလယ်ယာကဏ္ဍကို ကျပ်သန်းပေါင်း ၂၀၀၀၊ ရင်းနှီးမြှုပ်နှံနေရာကနေ ကျပ်သန်းပေါင်း ၄၀၀၀ ထိရင်းနှီးမြှုပ်နှံရင် အကျိုးအမြတ်ဟာ သုံးလခွဲ၊ လေးလအတွင်းမှာ ပြန်ရမှာဖြစ်ပါတယ်။ ထုတ်လုပ်တဲ့နေရာမှာလည်း အရည်အသွေးမီဈေးကောင်းရမယ့်သီးနှံများကို GAP နည်းစနစ်နဲ့ ထိထိမိမိနဲ့ထုတ်လုပ်ရင်ရောဂါကပ်ဘေးခံစားနေကြရတဲ့နိုင်ငံများရဲ့ ရိက္ခာထုတ်လုပ်မှုလျော့နည်းသွားခြင်းကို ဖြည့်ဆည်းပေးဖို့ အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချနိုင်မှာဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုမှာလည်း အရည်အသွေးကောင်းသီးနှံများရရှိအောင် စိုက်ပျိုးထုတ်လုပ်မှုတစ်ပိုင်း၊ ခေတ်မီစနစ်ကျသော သိုလှောင်ရုံကြီးများ တည်ဆောက်ရေးအပိုင်း၊ အရည်အသွေးမပြည့်မီသော ဆန်စက်များ အရည်အသွေးပြည့်မီအောင် မွမ်းမံပြင်ဆင်မှုအပိုင်း၊ ဈေးကွက်ဝင်သီးနှံများ၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရေးအပိုင်း၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအပိုင်း၊ မျိုးစေ့၊ မျိုးဆန်၊ ဓာတ်မြေဩဇာပိုးသတ်ဆေးများ ပံ့ပိုးကူညီပေးမှုအပိုင်း၊ လယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေများ မြှင့်တင်ချေးပေးမှုအပိုင်း၊ ရေသွင်းစိုက်ပျိုးနိုင်သော ဧရိယာများ၊ ရေအလုံအလောက်ရရှိရေးအပိုင်းများကို ထိထိမိမိစီမံချက်များနှင့်တကွ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒါဆိုရင်တော့ COVID-19 ကာလမှာ ဖွံ့ဖြိုးမှုတုံ့နှေးနေတဲ့ လယ်ယာကဏ္ဍဟာလည်း ရေမြင့်ကြာတင့်ဖြစ်လာမှာမလွဲဧကန်ပါပဲ။


သို့ပါ၍ COVID-19 ကြောင့် တုံ့နှေးနေတဲ့ လယ်ယာကဏ္ဍကို မြင့်လာအောင်မြှင့်တင်ပေးဖို့ ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါတယ်။

**"**

**အရည်အသွေးကောင်းသီးနှံများရရှိအောင် စိုက်ပျိုးထုတ်လုပ်မှုတစ်ပိုင်း၊ ခေတ်မီစနစ်ကျသော သိုလှောင်ရုံကြီးများတည်ဆောက်ရေးအပိုင်း၊ အရည်အသွေးမပြည့်မီသော ဆန်စက်များ အရည်အသွေးပြည့်မီအောင် မွမ်းမံပြင်ဆင်မှုအပိုင်း၊ ဈေးကွက်ဝင်သီးနှံများ၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရေး အပိုင်း၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အပိုင်း၊ မျိုးစေ့၊ မျိုးဆန်၊ ဓာတ်မြေဩဇာပိုးသတ်ဆေးများ ......**


ဆရာထွန်း၏
ထွန်းရွှေဝါ
အမှတ်တံဆိပ်
တိုင်းရင်းဆေးစွမ်းကောင်းများ
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်
၃/၂၀၀၂၊တဆထလ/တိုး(၀၆၃၂)
Royal Noni
“ထွန်းရွှေဝါ” တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
ရန်ကုန် - အမှတ်-၂၈၊၂၉၊ အောင်မင်္ဂလာလမ်း (မြ၃) ရပ်ကွက်၊ ဒဂုံအောင်စက်မှုဇုန်(၂)၊ ရန်ကုန်။ ဖုန်း-၀၁-၂၄၆၂၅၆၊ ၂၄၁၁၇၉ ၂၄၁၇၀၂၊ ၂၂၇၄၂၁၊ ၀၉-၂၆၀၇၀၇၁၇၁၊ ၀၉-၂၆၀၇၀၇၁၇၂
မန္တလေး - ၈၄ × ၃၁ လမ်းထောင့်၊ မန္တလေး။ ဖုန်း-၀၂-၆၄၉၄၀၊ ၀၉-၉၁၀၂၄၇၂၆၊ ၀၉-၂၁၂၁၀၃၈


protec
SIEMENS Healthineers
MEDITECH
MED TRON
mindray
The Leading Healthcare Solution Providar in Myanmar
MEDITECH
Room-101/102,Tower B,University Yeik Mon Condo,Bahan,Yangon,Myanmar
Tel/Fax : 01-557432 Tel : 09 441766051,09 402508216


Taste of the Wild®
Made in USA
World Premium Pet Food
A GRAIN-FREE DIET
A Modern Diet, Inspired By Nature. Premium pet foods made with unique proteins.
09 258 58 68 78
No.197-B, Ground Floor, Mingalar Road, 13th Ward, South Okkalapa Township,Yangon.


တော်ဝင်ရတနာ
ဆောက်လုပ်ရေးလုပ်ငန်းသုံး သံ T တိုင်၊
သံပြွန်းဆက်စပ်ပစ္စည်းငှားရမ်း၊ ရောင်းဝယ်ရေး နှင့် သံထည်ပစ္စည်းမျိုးစုံရောင်းဝယ်ရေး
Scaffolding Sales & Rental Services, Formwork Accessories & Steel Structure Suppliers
အမှတ်(5/B)၊ 26 ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊
01 8100288, 01 8100289, 09 5394589, 09 5188362, 09 425018436, 09 260046119
tawwinyadanartrading@gmail.com

# ဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပါစို့

ယနေ့ကမ္ဘာကြီးသည် နေ့စဉ် နာရီ မိနစ်၊ စက္ကန့်အတွင်း ပြောင်းလဲဖြစ်ပေါ် တိုးတက်ဖွံ့ဖြိုးလျက်ရှိသလို မြန်မာနိုင်ငံသည်လည်း တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလျက်ရှိနေပါသည်။ ယခင်ကလို မိမိအိမ်သို့ ဧည့်သည်ရောက်ရှိလာပါက အပြေးအလွှား သွားရောက်ဝယ်ယူ၍ ဧည့်ခံ စရာမလို၊ ဖုန်းလေးတစ်ချက်ဆက်ရုံဖြင့် ဧည့်သည်အတွက် ဧည့်ခံရန်ပစ္စည်းများ အချိန်တိုအတွင်း ရောက်ရှိနိုင်သလို အဝတ်အထည်၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများကိုလည်း အင်တာနက်၊ ဆိုရှယ်မီဒီယာများပေါ်တွင် စိတ်ကြိုက်ကြည့်ရှုကာ ဖုန်းဆက်၍ အလွယ်တကူ မှာယူ သုံးစွဲလာနိုင်သည်။ သို့သော် ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ စီးပွားရေးအခြေအနေ၊ မိသားစုအခြေအနေ၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုအခြေအနေများအရ ဝယ်ယူသုံးစွဲသော ပစ္စည်းများသည် တူညီနိုင်မည်မဟုတ်ပေ။

### ဝယ်ယူပုံစံများပြောင်းလဲလာ

စားသုံးသူများ၏ ဝယ်ယူမှုပုံစံများလည်း ပြောင်းလဲလာပြီး ခေတ်မီသော၊ ပို၍ခေတ်မီသော ပစ္စည်းများကို တောင်းဆိုလာကြသည်။ မြန်မာနိုင်ငံကိုကြည့်ပါက ယခင်က အသံသာ ကြားရသောနေရှင်နယ်ရေဒီယိုတစ်လုံးရှိလျှင် အတော်အတန်ပြေလည်သောအိမ်ထောင် စုဖြစ်သည်။ ထို့နောက်ရေဒီယို အသေးလေးများကိုများစွာထုတ်လုပ်နိုင်၍ လူတိုင်း လက်ထဲတွင် ကိုင်နိုင်လာသည်။ ရေဒီယိုထက်ပိုသော အရုပ်ရော အသံပါ ကြည့်ရှုနိုင်သည့် အဖြူ အမည်း၊ ရုပ်မြင်သံကြားများက ရေဒီယိုများနေရာကို အစားထိုးယူလာသည်။ အဖြူ အမည်း၊ ရုပ်မြင်သံကြားစက်များနေရာကို ရောင်စုံရုပ်မြင်သံကြားစက်များက အစားထိုး ဝင်ရောက်လာသည်။ ပို၍ ရုပ်ထွက်၊ အသံထွက်ကောင်းသော၊ ဈေးသက်သာသော၊ ဈေးကြီးသော၊ သယ်ဆောင်ရန် လွယ်ကူသော သေးငယ်သော၊ ကြီးမားသော ရုပ်မြင်သံကြားစက်များကို ဝယ်ယူသုံးစွဲလာကြသည်။ ကုန်စည် ထုတ်လုပ်သူများကလည်း စားသုံးသူများ၏ လိုလားချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုအမျိုးအစားပေါင်းစုံကို ထုတ်လုပ်ဆောင်ရွက်လာကြသည်။

အလားတူပင် ယခင်ကမော်တော်ကားတစ်စီး ပိုင်ဆိုင်သူသည် လူချမ်းသာတစ်ဦးဟုပင် ခေါ် ဆိုနိုင်သည်။ ယနေ့တွင်မူ လူလတ်တန်းစားများပင် အလွယ်တကူဝယ်ယူစီးနင်း မောင်းနှင်လာကြသည်။ လမ်းမကြီးများတွင် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ထုတ်လုပ်သော မော်တော်ယာဉ်ပုံစံမျိုးစုံ၊ အရောင်အစုံအလင်များ ပျားပန်းခပ်မျှ မြင်တွေ့နေရသည်။ သဘောမှာ ယနေ့ လူချမ်းသာများ၏ ဇိမ်ခံ စားသောက်နေထိုင်မှုစနစ်များသည် မကြာသော ဆယ်စုနှစ်ကာလအတွင်းတွင် လူလတ်တန်းစားတို့၏ နေထိုင်စားသောက်မှုပုံစံများ ဖြစ်လာပြီး လူလတ်တန်းစားများ၏ နေရာကို အခြေခံလူတန်းစားများက ပိုင်ဆိုင်လာကြသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ထို့အတူ ယခင်ကသွားလာရန် အခက်အခဲ၊ ဆက်သွယ်ရန်ခက်ခဲသောနေရာသို့ ခေတ်မီကောင်းမွန်သော လမ်း၊ တံတားများအစားထိုးနေရာယူလာခြင်း၊ ကြိုးဖုန်းများနေရာတွင် လက်ကိုင် ဖုန်းများဖြင့် အစားထိုးအသုံးပြုလာနိုင်ခြင်း တို့ကြောင့် ခရီးလမ်း / ဆက်သွယ်မှုကဏ္ဍများ ကျုံ့သွားကာ တစ်ကမ္ဘာလုံးသည် ရွာကြီးပမာ သတင်းအချက်အလက်များ အလွယ်တကူ ဖြန့်ဝေရယူနိုင်လာခဲ့သည်။

### အလွယ်တကူရရှိလာ

ဆက်သွယ်မှုလွယ်ကူလာမှုများကို အသုံးပြု၍ သက်သက်သာသာဖြင့် လူသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို အင်တာနက်တွင် ကြည့်ရှု၍ လည်းကောင်း၊ ဖုန်းတစ်ချက်ဆက်ရုံဖြင့် လိုချင်သောပစ္စည်းများကို အလွယ်တကူရရှိလာ နိုင်သည်။ ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များမှလည်း သူ့ထက်ငါအပြိုင်အဆိုင် ဝန်ဆောင်မှုနှင့် မက်လုံးများပေးကာ စားသုံးသူများအား စည်းရုံးဆွဲဆောင် ရောင်းချလျက် ရှိသည်ကို တွေ့ရှိရပါသည်။

ငွေပေးချေရာတွင်လည်း Online စနစ်ကို အသုံးပြု၍ အီလက်ထရွန်နစ်ငွေပေးချေခြင်း၊ ကတ်စနစ်ကို အသုံးပြုခြင်း၊ ဘဏ်စနစ်များကို အသုံးပြုခြင်းများကြောင့် အချိန်ကုန်သက်သာ လူပင်ပန်းမှုမရှိဘဲ စားသုံးသူများ စိတ်ကျေနပ်မှု အပြည့်အဝနီးနီး ရရှိလာကြ၍ ကျယ်ပြန့်သော ဈေးကွက်ကြီး တစ်ခုအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။



နိုင်ဦး (DOCA)

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ လူဦးရေ လွန်စွာများပြားပြီး ကျယ်ပြန့်သော မြေဧရိယာကို ပိုင်ဆိုင်ထားသော ဝယ်လိုအား အဆမတန်များပြားသော နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိနေမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကောင်း၊ အခြေအနေကောင်း၊ အားသာချက်ကြီး တစ်ခုအဖြစ် စီးပွားရေးပညာရှင်များက ဝမ်းသာအားရ သုံးသပ်ကြခြင်းကို မစားရ ဝခမန်း ကြားသိနေရသည်။ သို့သော် ပကတိအခြေအနေများမှာမူ စီးပွားရေးကျင့်ဝတ်များနှင့်အညီ မဆောင်ရွက်မလုပ်ကိုင်နိုင်ကြသော မိမိကိုယ်ကျိုးစီးပွားကိုသာ ဦးတည်သော၊ ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဆိုသည့် စိတ်ဖြင့် ဆောင်ရွက်ကြသော စီးပွားရေးလုပ်ငန်းရှင်အချို့ကြောင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ လူအများစု စီးပွားရေး လုပ်ငန်းရှင်များ မျက်နှာပျက်ကြရသည်။ ပဲ၊ နှမ်းများတွင် ကျောက်ခဲရောခြင်း၊ တရားမဝင်ဓာတုဆေးများ အလွန်အကျွံ သုံးစွဲထားခြင်း၊ နိုင်ငံတကာစံနှုန်းများ လိုက်နာမှုအားနည်းခြင်းများကြောင့်ဖြစ်သည်ကို သတင်းစာ၊ ဂျာနယ်၊ မီဒီယာပေါင်းစုံတွင် တွေ့မြင်ကြား သိနေရပါသည်။

### စမ်းသပ်ဈေးကွက်

မြန်မာနိုင်ငံမှ ပို့ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန် လက်တွန့်လျက်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ထုတ်လုပ်သည့် စံမမီ ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း များကိုမူ တရားမဝင်တင်သွင်းကြသည်။ မြန်မာနိုင်ငံကို စမ်းသပ် ဈေးကွက်ကြီးအဖြစ် သဘောထားကာ ဆောင်ရွက်ကြသည်။ ထို စံမမီပစ္စည်းများကို မြန်မာနိုင်ငံရှိပြည်သူများ စားသုံးနေကြရသည်။ မလိုလားအပ်သော ဘေးဥပဒ်အန္တရာယ်များနှင့် မကြားဖူးသော ရောဂါဆန်းများ ဖြစ်ပေါ်နေရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်များတင်ပို့ရာတွင် စီးပွားရေးကျင့်ဝတ်များနှင့်အညီ နိုင်ငံတကာစံနှုန်းများနှင့်အညီ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသလို တင်သွင်းသော ပစ္စည်းများနှင့်ပတ်သက်၍ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း အလားတူ ဆောင်ရွက်လျက်ရှိပါသည်။ လူအများစုက ထုတ်ပြန်ထားသော ကျင့်ဝတ်စံနှုန်းများနှင့်အညီ လိုက်ပါပူးပေါင်း ဆောင်ရွက်လျက်ရှိကြသော်လည်း လူနည်းစုမှာ လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့် ကုန်သွယ်မှုပမာဏကွာခြားချက်များ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေ လုံးပုပ်နေခြင်း ဖြစ်ပါသည်။

ထိုအခြေအနေများကို လျော့ပါးသက်သာစေရေးအတွက် စားသုံးသူကာကွယ်ရေး ဥပဒေ(၂၀၁၉)ကို ပြဋ္ဌာန်းကာ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ပညာပေး ဟောပြော ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဈေးကွက်အတွင်း စံမမီ ကုန်ပစ္စည်းများကို သိမ်းဆည်း၊ ဖျက်ဆီးခြင်း၊ လုပ်ငန်းရှင်များအား အသိပညာပေးခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်သော စားသုံးသူကာကွယ်ရေး ကော်မရှင်ဖွဲ့စည်း၍ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးများ ဦးဆောင်၍ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် အဆိုပါအဖွဲ့အောက်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီများကို ဖွဲ့စည်း၍ လည်းကောင်း၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူတိုင်ကြားနိုင် ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် စားသုံးသူသတင်းအချက်အလက်နှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေး စင်တာ (Consumer Information and Complaint Center) (CICC) များကို ဖွင့်လှစ်၍ လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများသည် ကုန်စည်၊ ဝန်ဆောင်မှုများကို ဆင်ခြင်ကာ ဝယ်ယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာသည်။ နစ်နာမှုများ၊ ဆုံးရှုံးမှုများကို တိုင်ကြားတတ်လာသဖြင့် အောင်မြင်မှုတချို့ရရှိပြီဟု ဆိုနိုင်သည်။ ပြည်သူများ တိုင်ကြားမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးမှုအချို့တွင် မော်တော်ယာဉ်များ၊ တယ်လီဖုန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံး၊ အိမ်သုံးကုန်များနှင့်စပ်လျဉ်း၍ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်ပေးခြင်း မရှိမှုများစသည်ဖြင့် များစွာပါရှိသည်ကို တွေ့ရှိရပါသည်။ ခက်ခဲသည်မှာ စားသုံးသူရော၊ ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ဖြန့်ဖြူးရောင်းချသူများသည် မိမိနိုင်ငံသားများဖြစ်၍ နှစ်ဦးနှစ်ဖက်လုံးအတွက် မိမိနိုင်ငံသားများသာ နစ်နာဆုံးရှုံးမှု ကြုံတွေ့နိုင်မည် ဖြစ်ပါသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဟူသည် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ အားပြိုင်မှုများအား ဟန်ချက်ညီအောင် ထိန်းညှိကုစားပေးခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူများအတွက် စားသုံးသူများရသင့်သည့် စားသုံးသူ အခွင့်အရေးများ အပြည့်အဝ ရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသောကုန်စည်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို လုပ်ငန်းရှင်များကိုလည်း ထုတ်ကုန် လုံခြုံ စိတ်ချရမှုရှိသော ကုန်စည်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသော ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ လိုက်ပါနိုင်စေရေး အတွက် လုပ်ဆောင်ခြင်းအားဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပ ဈေးကွက်အထိပါ ကုန်စည်၊ ဝန်ဆောင်မှု လုပ်ငန်းများ ချဲ့ထွင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျှက် ရှိနေပါသည်။ ထိုသို့ ဆောင်ရွက်ပေးသည့်အခါ မလိုလားအပ်သော ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက ဘက်လိုက်မှုကင်းရှင်းစွာဖြင့် စားသုံးသူများလည်း စိတ်ကျေနပ်၊ လုပ်ငန်းရှင်များလည်း ပြုပြင်ကာ လုပ်ငန်းဆက်လက် လည်ပတ်နိုင်စေရေးအတွက် ထိန်းညှိကုစား ဖြေရှင်းပေးခြင်းဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ရှေ့ရှုဆောင်ရွက်လျှက် ရှိသဖြင့် ထိုက်သင့်သော အောင်မြင်မှုများကို ရရှိနေခြင်း ဖြစ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် ထုတ်ပြန်ကျင့်သုံးလျက်ရှိသော စားသုံးသူကာကွယ် ရေးဥပဒေ(၂၀၁၉) ပြဋ္ဌာန်းချက်များအရ တစ်ဖက်က စားသုံးသူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝ ရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို တစ်ဖက်မှ လုပ်ငန်းရှင်များကိုလည်း ထုတ်ကုန်များလုံခြုံ စိတ်ချရမှုရှိရေး နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။ သို့မှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ ထုတ် လုပ်သူများလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်ကာ စီးပွားရေးတိုးတက်လာမည် ဖြစ်ပါသည်။

စာမျက်နှာ (၂၅) သို့

# ကျေးလက်နေပြည်သူများအတွက် Cash for Work စီမံကိန်း စိမ်းလန်းအေးမြ အထမြောက်ပါစေ

| မောင်လွင်ပြင် |

ကျေးလက်နေပြည်သူများ ကိုဗစ်အကျပ် အတည်းကာလ ဝင်ငွေရစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင် ရွက်မည့် Cash for Work စီမံကိန်းကို လာမည့် ဇူလိုင်လအတွင်း အကောင်အထည်ဖော်တော့မည်ဟု နိုင်ငံပိုင်သတင်းစာများ ဖော်ပြချက်အရ သိရသည်။ Cash for Work စီမံကိန်းဆိုသည်မှာ ဝင်ငွေအတွက် အလုပ်အကိုင်ဖန်တီးပေးခြင်းစီမံကိန်းဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများ ကိုယ်တိုင်လုပ်ကိုင်စေပြီး လုပ်အားခပေးချေမည့်သဘောဖြစ်သည်။ ယင်းစီမံကိန်း အကောင်အထည်ဖော်ရခြင်း ရည်ရွယ်ချက်က ကိုဗစ်အကျပ်အတည်းကာလ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝထိခိုက်နစ်နာမှုများ လျော့ပါးသက်သာစေရန် အဓိကရည်ရွယ်သည်ဟု သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ယင်း စီမံကိန်းနှင့်ပတ်သက်၍ ယခုလိုဆိုထားသည်။ "အဓိကကတော့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နေ့စဉ်လက်လုပ်လက်စားအဖြစ် ရပ်တည်နေရတဲ့ ကျေးလက်ဒေသနေပြည်သူတွေ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိဖို့ဖြစ်ပါတယ်။ ဒ့ါအပြင် ကျေးလက်ဒေသ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးဖို့အထောက်အကူဖြစ်စေချင်တယ်။ ဒါကြောင့် ကျေးရွာရဲ့လိုအပ်ချက်အရ ဆောင်ရွက်သင့်တဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျေးလက်နေပြည်သူတွေကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေရရှိစေပြီး ကျေးရွာရဲ့အခြေခံ အဆောက်အအုံတွေ ဖွံ့ဖြိုးလာစေဖို့အတွက် Cash for Work စီမံကိန်းကို ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟုဆိုသည်။

ယင်း Cash for Workစီမံကိန်းသည် ရေတို စီမံကိန်းတစ်ခု ဖြစ်သည်။ နိုင်ငံတော်အစိုးရက ရေးဆွဲထုတ်ပြန်ထားသော ကိုဗစ်-၁၉ မြန်မာ့ စီးပွားရေး ကယ်တင်ရေးအစီအစဉ်စီမံကိန်း (COVID-19 Economic Relief Plan-CERP) နှင့်လည်း ဆက်စပ်ပတ်သက်သည်။ မြန်မာ့စီးပွားရေး ကယ်တင်ရေးအစီအစဉ်စီမံကိန်းကို နိုင်ငံတော်အစိုးရက ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ ယင်းမြန်မာ့စီးပွားရေးကယ်တင်ရေးအစီအစဉ် (CERP) တွင် ရည်မှန်းချက်ခုနစ်ရပ်၊ မဟာဗျူဟာ ၁၀ ခု၊ လုပ်ငန်းစီမံချက် ၃၆ ခု၊ လုပ်ငန်းစဉ် ၇၆ ခုပါဝင်သည်။ မြန်မာ့စီးပွားရေးကယ်တင်ရေး အစီအစဉ်ရည်မှန်းချက်ခုနစ်ရပ်ထဲတွင် အလုပ်သမားများအပေါ် ရိုက်ခတ်မှုများ လျှော့ချခြင်း ရည်မှန်းချက်၊ အိမ်ထောင်စုများအပေါ် သက်ရောက်မှုများ သက်သာစေခြင်း ရည်မှန်းချက်၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ်များ အားကောင်းစေခြင်း ရည်မှန်းချက်စသည်တို့ပါဝင်သည်။ ယင်း မြန်မာ့စီးပွားရေးကယ်တင်ရေးအစီအစဉ် (CERP) ထဲတွင် Cash for Work စီမံကိန်းသည် လုပ်ငန်း စီမံချက်တစ်ခုအနေဖြင့် ပါဝင်နေသည်။ CERP အစီအစဉ်၏ Action 2.1.7(d) အရ ကျေးလက် ဒေသများ၌ ကုန်ထုတ်လုပ်မှုနှင့်ကျေးရွာ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု Cash for Work စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖော်ပြပါရှိသည်။


ယင်း Cash for Work စီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာပေါင်း ၃၅၀၀ တွင် အကောင်အထည်ဖော်သွားမည်ဟု သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယင်းကျေးရွာပေါင်း ၃၅၀၀ တွင် အကောင်အထည်မဖော်မီ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များ သိရှိနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီက ကျေးရွာတစ်ရွာစီတွင် ရှေ့ပြေးစီမံချက် (Pilot Project) အဖြစ် စီမံကိန်းလုပ်ငန်းများ စမ်းသပ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်ဟုလည်း သိရသည်။

Cash for Work စီမံကိန်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းများကို လေ့လာကြည့်သောအခါ စီမံကိန်းကျေးရွာအတွင်း ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေဆိုးရေညစ်များ သန့်စင်ရှင်းလင်းခြင်း၊ ကျေးရွာတွင်း လမ်းခင်းခြင်း၊ တံတားပြုပြင်ခြင်း၊ မြေပြိုဖယ်ရှားခြင်းလုပ်ငန်းများ၊ ရေကန်များ ခြံစည်းရိုးကာရံပြုပြင်ခြင်း၊ ရေတွင်း ရေကန်များတူး ဖော်ပြုပြင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဆိပ်ခံတံတားများ တည်ဆောက်ပြုပြင်ခြင်း၊ အသေးစားတာတမံများနှင့် ရေသွင်းရေထုတ်မြောင်းများ တည်ဆောက်ပြုပြင်ခြင်း၊ မြေထိန်းနံရံများပြုပြင်ခြင်း၊ ရေကာတမံများပြုပြင်ခြင်း၊ ကျေးရွာပိုင်းအားကစားကွင်းတည်ဆောက်ပြုပြင်ခြင်း၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာခန်းမများ၊ ကျေးရွာဈေးများ ပြုပြင်မွမ်းမံခြင်း၊ ရေဝင်ရေလွှဲနေရာများနှင့် အများပြည်သူပိုင်နေရာများတွင် သစ်ပင်စိုက်ခြင်းစသည့် ကျေးရွာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့ဖြစ်သည်။ ယင်းတည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကျေးလက်ဒေသနေပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခပြန်လည်ပေးချေသွားမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် သုံးလအတွင်း ပြီးစီးနိုင်သော လုပ်ငန်းများကိုသာ ဦးစားပေးရွေးချယ် အကောင်အထည်ဖော်သွားမည်ဟု သိရသည်။

> **စီမံကိန်းကျေးရွာများဦးစားပေးရွေးချယ်ရာတွင် ဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC-Township Planning and Implementation)တို့နှင့် တိုင်ပင်ညှိနှိုင်းပြီး သတ်မှတ်စံနှုန်းများနှင့်အညီ ရွေးချယ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။**

Cash for Work စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုရာတွင် မည်သည့်ကျေးရွာများ၊ မည်သည့်ကျေးလက်နေပြည်သူများအား မည်သို့ ဦးစားပေး ရွေးချယ်ဆောင်ရွက်မည်ကိုလည်း ဆက်လက်လေ့လာကြည့်မိသည်။ ဆင်းရဲနွမ်းပါးပြီး အလုပ်လက်မဲ့၊ ကျပန်းအလုပ်သမားများနှင့် ထိခိုက်လွယ်အုပ်စုများသော ကျေးရွာများ၊ ကူးစက် ရောဂါဆိုးရွားစွာ (သို့မဟုတ်) အတော်အသင့် သက်ရောက်မှုရှိသော ကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့မှုနှင့် နယ်မြေ လုံခြုံတည်ငြိမ် အေးချမ်းမှုရှိသော ကျေးရွာ၊ ကျေးရွာသူကျေးရွာသားများ စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ တတ်ကြွစွာ ဆောင်ရွက်လိုမှုရှိသည့် ကျေးရွာ၊ လူဦးရေစစ်တမ်းအပေါ် အခြေခံ၍ တွက်ချက်ထုတ်ပြန် ထားသော ဖွံ့ဖြိုးရေးလိုအပ်ချက် (Multi Dimensional Index-MDI) များသော ကျေးရွာနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော လုပ်သားများ ပြန်လည်ရောက်ရှိလာသူ ဦးရေများသော ကျေးရွာ စသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းကျေးရွာများ ဦးစားပေးရွေးချယ်ရာတွင် ဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ (TPIC-Township Planning and Implementa-tion) တို့နှင့် တိုင်ပင်ညှိနှိုင်းပြီး သတ်မှတ်စံနှုန်းများနှင့်အညီ ရွေးချယ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းသို့ရွေးချယ် ဆောင်ရွက်သွားမည်ဆိုသော်လည်း ဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းရရှိပြီးသော ကျေးရွာများ၊ လက်ရှိဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရရှိပြီးသော ကျေးရွာများတွင် ဆောင်ရွက်သွားမည်မဟုတ်ကြောင်းလည်း သိရပြန်သည်။ ထိုနည်းတူ ဝန်ကြီးဌာနများက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထပ်မနေစေရေး အတွက်လည်း စိစစ်ရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။



# အိန္ဒိယတွင် အရေးပေါ်စီမံချက်များ ချမှတ်ဆောင်ရွက်ရန် ဝန်ကြီးချုပ်လမ်းညွှန်မှာကြား

အိန္ဒိယနိုင်ငံတွင် နိုင်ငံတစ်ဝန်းလုံး၌ အသွားအလာကန့်သတ် တားမြစ်ထားခြင်းကို ဇွန် ၁ ရက်မှ စတင် ဖြေလျှော့လျက် COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်ရေး အစီအမံများကို ဒေသန္တရအစိုးရများ၏အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သော်လည်း ဒေလီမြို့တော် ပြည်ထောင်စုနယ်မြေ၊ မဟာရတ္တ၊ တမီနာဒူး၊ ဂူဂျရတ်၊ ဥတ္တပရာဒေ့ရှ်၊ ရာဂျပ်စတန် စသည့် ပြည်နယ်များနှင့် အခြားမြို့ကြီးများ၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းမှာ မြင့်တက်လျက်ရှိရာ အဆိုပါနယ်မြေဒေသများ၌ အရေးပေါ် စီမံချက်များချမှတ် ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ဇွန် ၁၃ ရက်တွင်ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရာ၌ လမ်းညွှန်မှာကြားခဲ့သည်။

အိန္ဒိယနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ စုစုပေါင်း၏ သုံးပုံနှစ်ပုံသည် ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ငါးခု၌ ဖြစ်ပေါ်လျက်ရှိပြီး မြို့ကြီးများ၌ အဆိုပါရောဂါ ကူးစက်ခံရမှု ရှိ/မရှိ ခေတ်ခွဲစမ်းသပ်စစ်ဆေးမှုနှင့် ရောဂါကူး စက်ခံရသည့် လူနာများအား လက်ခံကုသပေးရန် ဆေးရုံများ၌ ကုတင်နေရာ ရရှိမှုဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့နေရသည်။ အထူးသဖြင့် ဒေလီမြို့တော်၌ ဇွန်လ ဒုတိယပတ် နှောင်းပိုင်းနေ့ရက်များတွင် COVID-19 ဗိုင်းရပ်စ်ကူးစက်ခံရသူ အတည်ပြုလူနာအသစ် ၁၅၀၀ ကျော် နေ့စဉ်တွေ့ရှိလာရပြီး အဆိုပါရောဂါဝေဒနာသည်များအတွက် ဆေးရုံကုတင်နေရာ ရရှိနိုင်မှု အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည့်အပေါ် ဒေလီမြို့အခြေစိုက် အိန္ဒိယကုန်သည်များ ကွန်ဖက်ဒရေးရှင်း (CAIT) က နိုင်ငံတစ်ဝန်းရှိ ကုန်သည်အသင်းအဖွဲ့ပေါင်း ၂၈၀၀ ထံမှ သဘောထားစစ်တမ်းကောက်ယူခဲ့ရာ၌ ဗိုင်းရပ်စ်ကူးစက်မှုအား ထိန်းချုပ်နိုင်မှုအခြေအနေ တိုးတက်ကောင်းမွန်ခြင်းမရှိပါက ဈေးများ၊ ဈေးဝယ်စင်တာများရှိ ဆိုင်များကို ပိတ်သိမ်းရန် ဆန္ဒရှိကြောင်း အဆိုပါကုန်သည်များ၏ ၈၈ ရာခိုင်နှုန်းက ထုတ်ဖော် ပြောကြားခဲ့ကြသည်။

သို့ဖြစ်ရာ ဇွန် ၁၄ ရက်တွင် အိန္ဒိယပြည်ထဲရေးဝန်ကြီး အာမစ်ရှားသည် ဒေလီပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်အပါအဝင် အဆင်မြင့်အရာရှိများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ဒေလီမြို့တော်၌ COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်ရေးအတွက် ဗဟိုအစိုးရအနေဖြင့် ရထားတွဲ ဆိုင်း ၅၀၀ အား ကုတင်နေရာ ၈၀၀၀ ရရှိစေမည့် ဆေးကုသမှုနေရာအဖြစ် ပြောင်းလဲပေးခြင်း၊ ဒေလီမြို့၌ ကျန်းမာရေးဆိုင်ရာ အကျပ်အတည်း ဖြစ်ပေါ်မှုအား ကူညီရန် အဆင့်မြင့်အရာရှိ ငါးဦး အား တာဝန်ပေးအပ်လျက် ဆေးရုံများတွင် အောက်ဆီဂျင် ဆလင်ဒါများ၊ အသက်ရှူ အကူစက်ကိရိယာများနှင့် အခြားလိုအပ်သည့် အထောက်အပံ့များပေးခြင်း၊ ဗိုင်းရပ်စ်ကူးစက်ခံရမှု ရှိ/မရှိ ခေတ်ခွဲစမ်းသပ်စစ်ဆေးမှုကို ဇွန်လ တတိယပတ်မှစတင်၍ နှစ်ဆ တိုးမြှင့်ခြင်း စသည်တို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေလီပြည်ထောင်စု နယ်မြေ ဝန်ကြီးချုပ် အာဗင်ကီ ဂျရီဝယ်က ၎င်းတို့အနေဖြင့် မြို့တော်အား lockdown ထပ်မံချမှတ်ခြင်းပြုမည် မဟုတ်ကြောင်း၊ COVID-19 ဗိုင်းရပ်စ် ကူးစက်ခံရမှု ရှိ/မရှိ ခေတ်ခွဲစမ်းသပ်စစ်ဆေးမှုအား တိုးမြှင့်လုပ်ဆောင်ရာတွင် ဗဟိုအစိုးရ၏ ညွှန်ကြားမှုအရ နောက်ဆုံး အတည်ပြုထားပြီးဖြစ်သည့် Standard Q Covid-19 Ag Antibody Testing Kit ခေါ် ဇီဝဆန့်ကျင်ပစ္စည်းဖြင့် စစ်ဆေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း ဇွန် ၁၅ ရက် ပြောဆိုသည်။ လက်ရှိစံသတ်မှတ်ထားသော RT-PCR Test စနစ်ဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ရှိ/မရှိ စစ်ဆေးမှုမှာ တစ်ကြိမ်လျှင် ရူပီးငွေ ၄၅၀၀ ကျသင့်ပြီး အချိန် ၃ နာရီမှ ၄ နာရီခန့်အထိ ကြာမြင့်မှုရှိပါသည်။ ယခု Antibody Testing Kit ဖြင့် စမ်းသပ်မှုမှာ မိနစ် ၃၀ ခန့်သာ ကြာမြင့်မည်ဖြစ်ပြီး ကုန်ကျစရိတ်မှာလည်း တစ်ကြိမ်လျှင် ရူပီးငွေ ၄၅၀ ခန့်သာ ကျသင့်မည်ဖြစ်၍ ဒေလီမြို့တော်အတွင်း အထူးကန့်သတ်ထားသည့်Containment Zones နယ်မြေပေါင်း ၂၂၂ ခုမှ ခေတ်ခွဲနမူနာများအား ဤနည်းစနစ်ကို အသုံးပြု၍ စစ်ဆေးဆောင်ရွက်ရန် အစိုးရက ညွှန်ကြားထားကြောင်း သိရှိရသည်။

အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ ဇွန် ၁၇ ရက် နံနက် ၈ နာရီအချိန်အထိ နိုင်ငံတစ်ဝန်း၌ COVID-19 ဗိုင်းရပ်စ်ကူးစက်ခံရသည့် အတည်ပြုလူနာ အရေအတွက်မှာ ၃၅၄၀၆၅ ဦးရှိပြီး မဟာရတ္တနှင့် တမီနာဒူး ပြည်နယ်များ၏နောက်တွင် ဒေလီပြည်ထောင်စုနယ်မြေသည် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၄၆၈၈ ဦးဖြင့် တတိယအများဆုံးနေရာ၌ တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

**နေအေးလွင်**
**စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဂျပန်နိုင်ငံ၏ကုန်သွယ်ရေး မေလအတွင်း သိသိသာသာကျဆင်းခဲ့

ကမ္ဘာနှင့်အဝန်း ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာ့စီးပွားရေးဆက်လက် ထိုင်းမှိုင်းနေသောကြောင့် ဂျပန်နိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ပြီးခဲ့သည့် မေလတွင် သိသိသာသာ ကျဆင်းခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ဇွန် ၁၇ ရက်တွင် ထုတ်ပြန်လိုက်သည့် အချက်အလက်များအရမေလအတွင်းဂျပန်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၁ ဘီလီယံခန့်ရှိကြောင်း၊ ထိုပမာဏသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၏ ကာလတူအချိန်ကထက် ၂၈ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ငွေကြေးအကျပ်အတည်းကာလအပြီး ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်းအကြီးမားဆုံးကျဆင်းမှုဖြစ်သည်ကို တွေ့ရကြောင်း၊ အမေရိကန်သို့ တင်ပို့နေသည့် ပို့ကုန်အနေဖြင့် ၅၀ ဒသမ ၆ ရာခိုင် နှုန်း ကျဆင်းခဲ့ပါကြောင်း၊ မော်တော်ကားများနှင့် ကားပစ္စည်းအစိတ်အပိုင်းတင်ပို့မှုတွင် ၇၀ ရာခိုင်နှုန်း ကျော်ခန့် ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဥရောပသမဂ္ဂ (EU) သို့တင်ပို့မှုတွင် ၃၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မော်တော်ကားများနှင့် ကားပစ္စည်းအစိတ်အပိုင်းတင်ပို့မှုသည် သိသိသာသာကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာလည်း ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ မေလအတွင်း ဂျပန်နိုင်ငံအတွင်း တင်သွင်းခဲ့သည့် သွင်းကုန်များအနေဖြင့် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၉ ဘီလီယံရှိပြီး ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်ကထက် ၂၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထိုကျဆင်းမှုသည် ၂၀၀၉ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အကြီးမားဆုံး ကျဆင်းမှုဖြစ်ပါကြောင်း၊ အမေရိကန်နှင့် ဥရောပဒေသမှ လေယာဉ်၌ တပ်ဆင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများ တင်သွင်းမှုမရှိ၍ သွင်းကုန်အပိုင်းကျဆင်းမှုကို ပိုမိုသိသာစေခဲ့ခြင်းဖြစ်သည့်အတွက် မေလအတွင်းကုန်သွယ်ရေးစာရင်းလက်ကျန်ရှင်းတမ်းသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံခန့်အထိ လိုငွေပြနေခြင်းဖြစ်ကြောင်း သိရသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ မန္တလေးလမ်း | ၆၀၀ စ/ပေ | (၅)လွှာ၊ ဟောလ် | ၃၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | မြေ | ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း | ၅၀၀ စ/ပေ | မြေသီးသန့် | ၆၀၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | မြေ | ဒဂုံ(မြောက်) (၄၄) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းမ | (၃၀ x ၆၀ )ပေ | မြေသီးသန့် | ၇၅၀ သိန်း | လမ်းမနီး၊ လမ်းကောင်း | ၀၉/၅၁၁၇၂၆၂ |
| ၄။ | တိုက်ခန်း | မြေနီကုန်း(မြောက်)၊ ရှမ်းကုန်းလမ်း | (၁၀ x ၇၀ )ပေ | | ၁၂ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | ဗဟန်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာလမ်းသွယ် | မြေ (၆၀ x ၈၀ )ပေ အိမ် (၄၀ x ၄၀ )ပေ | MB (၃) ခန်း၊ BR (၅) ခန်း | ၄၃ သိန်း | ၁ လအငှားနှုန်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ ဖဆပလရပ်ကွက် | ပထမထပ် | လျှာထိုးခင်း၊ အခန်းဖွဲ့ | ၆၅၀ သိန်း | လမ်းမကြီးနီး | ၀၉/၄၀၂၀၇၁၉၂၂ |
| ၇။ | အိမ်/မြေ | ပြင်ဦးလွင်၊ ရပ်ကွက်ကြီး(၁) ဘီလမ်းသွယ် | (၅၀ x ၉၀)ပေ | သစ်သားအိမ်တစ်လုံးပါရှိ | ၂၉၀၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | (၈၀ x ၆၀)ပေ | မြေသီးသန့်(ဝင်းခတ်) | ၂၁၀၀ သိန်း | ဂရန်မြေ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၄၀ x ၆၀ )ပေ | မြေသီးသန် | ၁၈၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ


| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၂၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၂။ | ပရိုဘောက် (၂၀၁၂) | K | ၂၃၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၃။ | ဗစ်ရှ် (၂၀၁၆) | ယာယီ | ၂၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | စီအာဗီ (၂၀၀၆) | H | ၃၆၀ သိန်း | 2.0 ဓာတ်ဆီ၊ နယ် |
| ၅။ | ပါဆို (၂၀၁၂) | N | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အင်ဆိုက် (၂၀၀၉) | P | ၂၂၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၁) | L | ၂၁၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟိုက်အေ့ (၂၀၀၇) | M | ၃၅၀ သိန်း | 2.7 ဓာတ်ဆီ၊ နယ် |
| ၉။ | အဲလ်ဖတ် (၂၀၀၃) | H | ၃၄၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |

# လန်ချန်း-မဲခေါင်နိုင်ငံများနှင့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာလာသည့် ကွမ်ရှီး

လန်ချန်း - မဲခေါင်ဒေသတွင် စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာဖလှယ်မှုများ၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ဖလှယ်မှုများကို မြှင့်တင်ရန်နှင့် စိုက်ပျိုးရေးဆိုင်ရာနှင့် ကျေးလက်ဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ လန်ချန်း-မဲခေါင် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစင်တာ၏ ကွမ်ရှီးရုံးခွဲအား ဇွန် ၈ ရက်တွင် တည်ထောင်လိုက်ပြီဖြစ်သည်။

လန်ချန်း-မဲခေါင်ပူးပေါင်း ဆောင်ရွက်မှုအား ၂၀၁၆ ခုနှစ်တွင် ဒေသခွဲ ပူးပေါင်း ဆောင်ရွက်ရေးယန္တရား၏ ပုံစံသစ်တစ်ရပ်အဖြစ် လန်ချန်း-မဲခေါင် မြစ်ဝှမ်းရှိ နိုင်ငံခြောက် နိုင်ငံက ပူးတွဲလျက်စတင်ခဲ့ပြီး ထိုပူးပေါင်းဆောင်ရွက်မှုမှာ ရပ်ဝန်းနှင့် ပိုးလမ်းမ တည်ဆောက်ရန် ၎င်းနိုင်ငံများအတွက် အရေးပါသည့် ပေါင်းကူးနေရာ ဖြစ်လာသည်။

ကွမ်ရှီးစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဌာန၏ အချက်အလက်များအရ ကွမ်ရှီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများတွင် တရုတ်-အာဆီယံ ကောက်ပဲသီးနှံစမ်းသပ်ရေးဌာနနှင့် နိုင်ငံခြား စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သရုပ်ပြနယ်မြေများ အပါအဝင် စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကွမ်ရှီး၏ လုပ်ငန်းပေါင်း ၅၀ တို့က လန်ချန်း-မဲခေါင်နိုင်ငံများတွင် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် သိပ္ပံနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုများကို စတင်လာခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာသန်း ၉၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရပါသည်။



ဒေသအတွင်း လန်ချန်း-မဲခေါင် ရန်ပုံငွေလယ်ယာစိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မှုများကို ဖော်ဆောင်ရန် အသစ်တည်ထောင်လိုက်သည့် ကွမ်ရှီးရုံးခွဲက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ၊ သိပ္ပံဆိုင်ရာ၊ ကုန်သွယ်ရေးဖလှယ်မှုဆိုင်ရာနှင့် စိုက်ပျိုးရေးနှင့် လန်ချန်း-မဲခေါင်ဒေသတွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသများသို့ ဆက်သွယ်နေသည့် အသိပညာများ လေ့ကျင့်သင်ကြားပေးမှုများကို အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်သည်။

၎င်းစင်တာသည် ဒေသတွင်းနိုင်ငံများရှိ စိုက်ပျိုးရေးဆိုင်ရာ ဌာနများ၏ အဆင့်မြင့် အရာရှိများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်သွားမည်ဖြစ်သည်။

အနာဂတ်တွင် နယ်စပ်ဖြတ်ကျော် စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးနှင့် တည်ဆောက်ရေး ပေါင်းကူးနေရာတွင် ပူးပေါင်းဆောင်ရွက်ရေးအားဖြင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၊ အလယ်-တောင်ပိုင်းနှင့် လန်ချန်း-မဲခေါင်နိုင်ငံများအကြား ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နိုင်ရန်အတွက် အကောက်ခွန်နှင့် အခြားဌာနများအကြား ဆက်စပ်မှုကို အားကောင်းခိုင်မာစေရေး၊ ဒေသအတွင်း၌ ပေါင်းစည်းထားသည့် မူဝါဒများ၊ ရန်ပုံငွေများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ထပ်ဆောင်းနိုင်စေရေးတို့အတွက် လန်ချန်း-မဲခေါင် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာ၏ ကွမ်ရှီးရုံးခွဲကို အားထား ဆောင်ရွက်သွားမည်ဖြစ်သည်။

**ရင်းမြစ်၊ en.gxzf.gov.cn**
**ဒေါက်တာ ရွှေဇင်ကို**
**စီးပွားရေးသံမှူးနန်နင်းမြို့**

# ထိုင်းစီးပွားရေးလုပ်ငန်းရှင်များက ပိတ်ဆို့မှုများ ဖြေလျှော့ပေးရန် တိုက်တွန်း




စီးပွားရေးလုပ်ငန်းကဏ္ဍများအနေဖြင့် ပိတ်ဆို့ထားမှု အစီအမံများ ဖြေလျှော့ခြင်းကို အရှိန်မြှင့်၍ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းများ ပြန်ဖွင့်ခွင့်ပြုရန် အစိုးရအား ဆက်လက်တိုက်တွန်းလျက်ရှိကြောင်း၊ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်သော ခရီးသွားလုပ်ငန်းနှင့် နယ်စပ်ကုန်သွယ်ရေးတို့နှင့် ဆက်စပ်နေသောလုပ်ငန်းများဖြစ်သည်။

ထိုင်းကုန်သည်ကြီးများအသင်း တက္ကသိုလ်ဥက္ကဋ္ဌ Thanavath Phonvichai က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နောက်ဆုံးစီးပွားရေးစစ်တမ်းကောက်ယူမှုအရ ဒေသအားလုံးရှိလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေး ပြုတ်တောက်မှု၊ အလုပ်လက်မဲ့နှုန်းများမြင့်တက်လာမှု နှင့် အလားတူကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းစီးပွားရေးကျဆင်းမှုတို့အပေါ် စိုးရိမ်ပူပန်လျက်ရှိသည်ကို တွေ့ရှိရကြောင်းပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် ထိုင်းစီးပွားရေးတို့သည် ၂၀၂၂ ခုနှစ်အထိ ကြာရှည်စွာ စီးပွားရေးကျဆင်းခြင်းမှုကို တွေ့မြင်ရမည့်အပေါ် စိုးရိမ်မှုများ တိုးပွားလျက်ရှိနေကြပါသည်။

စီးပွားရေးကဏ္ဍများအနေဖြင့် အစိုးရအား ချေးငွေ (soft loan)များ ထုတ်ချေးခြင်းကို အရှိန်မြှင့်၍ဆောင်ရွက်ပေးစေလိုကြောင်း၊ SMEs လုပ်ငန်းများအနေဖြင့် ဝန်ထမ်းများကို ဆက်လက် ထိန်းသိမ်းထားရန်နှင့် ၎င်းတို့၏ ငွေကြေးလည်ပတ်မှု(ငွေဖြစ်လွယ်မှု)တို့အတွက် ချေးငွေရရှိနိုင်ရေး သတ် မှတ်ချက်များအား ဖြေလျှော့ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများပြန်လည်နာလန်ထူလာစေရန် နယ်စပ်ကုန်သွယ်ရေးဂိတ် (Border Check Points) များ ပြန်လည်ဖွင့်လှစ်ရန်လည်း အစိုးရအား တိုက်တွန်းထားသည်။

ယခုအခါ အိမ်နီးချင်းနိုင်ငံများမှ နေ့စဉ်သုံးကုန်ပစ္စည်း ဝယ်လိုအားများ အလွန်များပြား တိုးတက်နေကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များပိတ်ခြင်းတို့ကြောင့် တရုတ်၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံများမှ ကုန်ပစ္စည်းများအနေဖြင့် ထိုင်းကုန်ပစ္စည်းများ၏ ဈေးကွက်ဝေစုကို ရယူ၍ ကမ္ဘောဒီးယားနိုင်ငံတွင် ဈေးကွက်လွှမ်းမိုးလျက်ရှိနေကြောင်း Mr.Thanavath က ပြောကြားခဲ့သည်။

**Source:Bangkok Post**
**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဗန်ကောက်မြို့**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com
(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရုပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041


(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924




**တနင်္ဂနွေသားသမီးများ** ဒီရက်တွေအတွင်းမှာ ဘာသာရေးကိစ္စ၊ ပညာရေးကိစ္စ၊ စာစုစည်းမှုနိုင်ရေးကိစ္စ၊ ငွေဟောင်း၊ ကြွေးဟောင်းကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ပစ္စည်းပျောက်ခြင်း၊ အခိုးခံရခြင်းများကို သတိပြုပါ။ အကြော၊ အာရုံကြော ကျန်းမာရေးသတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ဆွေမျိုးအသိုင်းအဝိုင်း တို့ရဲ့ အကူအညီကောင်းကို ရတတ်ပါတယ်။ **၅၂ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ အုန်းသီး သုံးစိတ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဂမုန်း ငါးညွန့်နဲ့ ရိုက်ပါလေ . . . ။

**တနင်္လာသားသမီးများ** ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စများ၊ ရုပ်ဝေးပြည်ပနှင့် ပတ်သက် သောကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာကြုံတတ်ပါတယ်။ အဖျားအနာ ကြုံတတ်ပါတယ်။ ချစ်သူ၊ အိမ်ထောင်ဖက်တို့ရဲ့ သတင်းကောင်းကို ကြားမယ်။ **၆၃ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ ပေါက်စီလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ယပ်တောင်နဲ့ ယပ်ခတ်ပါလေ . . . ။

**အင်္ဂါသားသမီးများ** ဒီရက်တွေအတွင်းမှာ ယာဉ်ရထားကိစ္စ၊ စက်ပစ္စည်းကိစ္စ ပြတ်ပြတ်သားသား ပြောဆိုဖြေရှင်းရမယ့် ကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ လုပ်ငန်းပြိုင်တွေ၊ အတိုက်အခံတွေ များတတ်ပါတယ်။ ဆွေမျိုးသားချင်း တို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ မတော်တဆထိခိုက်မိ ဖြစ်တတ်တာကို သတိပြုပါ။ အချစ်ရေးနှင့်အိမ်ထောင်ရေးမှာ ညှိနှိုင်းရခက်တာတွေ များနေတတ်ပါတယ်။ **၇၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ သပြေ ၂၀ ညွှန့်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဇော်စိမ်း ရှစ်ညွှန့်နဲ့ ရိုက်ပါလေ . . . ။

**ဗုဒ္ဓဟူးသားသမီးများ** ဒီရက်တွေအတွင်းမှာ မရေမရာ၊ မတင်မကျတွေ များနေတတ်ပါတယ်။ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်နေတတ်ပါတယ်။ အရောင်းများ၊ အဝယ်များ၊ ကတိပေးများ၊ စကားများတာတွေကို သတိပြုပါလေ။ ခရီးတို၊ ခရီးနီးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခြေထောက်ပိုင်းကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဖြစ်နေတတ်ပါတယ်။ **၄၀ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကလေးများကို မုန့်ဝေကျွေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဆီးသီးနဲ့ ခေါက်ပါလေ . . . ။

**ကြာသပတေးသားသမီးများ** ဒီရက်တွေအတွင်းမှာ လုပ်ငန်းသစ်စခြင်း၊ အစီအစဉ်အသစ်စခြင်း၊ ခရီးသွားလာခြင်းနှင့် သယ်ယူပို့ဆောင်ရေးအလုပ်တွေကို ဦးစားပေးသင့်ပါ တယ်။ ငွေကြေး၊ ပစ္စည်း၊ စာရင်းဇယားအရှုပ်အထွေး ဖြစ်တတ်တာကိုတော့ သတိပြုပါ။ လက်မှာ ထိမိခိုက်မိဖြစ်ခြင်း ကြုံတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ရုတ်တရက် အပြောင်းအလဲတွေ များတတ်ပါတယ်။ **၁၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ သံပရာရည် ကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဘဲဥနဲ့ခေါက်ပါလေ . . . ။

**သောကြာသားသမီးများ** ဒီရက်တွေအတွင်းမှာ အလှူပွဲ၊ မင်္ဂလာပွဲ၊ ပျော်ပွဲရွှင်ပွဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးကိစ္စနှင့် စာချုပ်စာတမ်းကိစ္စ၊ ကားကိစ္စတွေ ဦးစားပေးသင့်ပါတယ်။ ဘာမဆို နှစ်မျိုးနှစ်ခု ကြုံရတတ်ပါတယ်။ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျများမယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဝမ်းသာစရာ ကြုံမယ်။ **၂၇ အစ ထီကိုထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ နှင်းဆီ ကိုးပွင့် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို ရွက်လှ လေးညွှန့်နဲ့ ရိုက်ပါလေ . . . ။

**စနေသားသမီးများ** ဒီရက်တွေအတွင်းမှာ ပညာရေးကိစ္စ၊ လျှောက်လွှာကိစ္စ၊ ရာထူးကိစ္စ၊ ကြီးကဲသူများနှင့် ဆက်ဆံပြောဆိုရမည့်ကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မိန်မကြီးတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ဆီး၊ မျက်စိ၊ အစာအိမ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆွေမျိုး တွေက ဝင်ရောက်ကူညီတတ်ပါတယ်။ **၃၉ အစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် နွားနို့နှင့်ပေါင်မုန့်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သပြေ ခြောက်ညွှန့်နဲ့ ရိုက်ပါလေ . . . ။

# မွန်ပြည်နယ် နာနတ်သီးစိုက်ကော၊ ဈေးနှုန်းဈေးကွက်

အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်အတွင်း ကြိုက်နှစ်သက်ပြီး ၂၀ ဒီဂရီစင်တီဂရိတ်အောက်နှင့် ၃၆ ဒီဂရီ စင်တီဂရိတ်အထက်ဆိုပါက အပင်ကြီးထွားမှုနှေးကွေးကြောင်း၊ မိုးရေချိန် ၅၅ လက်မမှ ၁၀၀ လက်မအတွင်း ရွာသွန်းသောဒေသများ၊ သဲဆန်ဆန်နုန်းမြေတွင် ကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး ရေမကြောက်သလို ရေငတ်ဒဏ်ကို ခံနိုင်သော်လည်း ရေဝပ်ခြင်းကို အထူးကြောက်ရွံ့တတ်ကြောင်း သိရှိရသည်။

မွန်ပြည်နယ် ၁၀ မြို့နယ် နာနတ်စိုက်ဧကမှာ ၇၁၃၇၊ စိုက်ပျိုးသည့်နာနတ်မျိုးမှာရိုးရိုးနာနတ် နှင့် ပျားနာနတ်ဟု ဒေသတွင်းခေါ် ဆိုပြီး သံဖြူဇရပ်နှင့်ရေးမြို့နယ်တွင် အများဆုံး စိုက်ပျိုးထားကြောင်း၊ ရာဘာပင်ငယ်များကြားတွင် ကြားသီးနှံအဖြစ် နှစ်နှစ်ခန့် စိုက်ပျိုးလေ့ရှိကြောင်းနှင့် ဘီးလင်းမြို့နယ်တွင် သီပေါ်နာနတ်များကို မြေငှားရမ်းစိုက်ပျိုးပြီး ထွက်ရှိသီးနှံများကို ရန်ကုန်သို့တင်ပို့ကြောင်း သိရှိရသည်။ ပြည်နယ်ဈေးကွက်အတွင်းသို့ဝင်ရောက်သော နာနတ်သီးမှာ သီပေါမြို့နှင့် ထိုင်းနိုင်ငံမှဖြစ်ပြီး မော်လမြိုင်မြို့ပေါ် နာနတ်သီးတစ်လုံးဈေးနှုန်းမှာ ဒေသသီး ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ ဖြင့် ဈေးနှုန်းအများဆုံး ရရှိကြောင်း၊ သီပေါနာနတ်တစ်လုံး ကျပ် ၇၀၀ မှ ကျပ် ၁၀၀၀၊ ယိုးဒယားနာနတ်သီး ငါးလုံးတစ်ဆွဲလျှင် ကျပ် ၈၀၀၀ မှ ကျပ် ၈၅၀၀ ဖြစ်ပေါ်နေပြီး နာနတ်သီး လိုင်လိုင်ပေါ်များသည့်အချိန် ဒေသသီးတစ်လုံး ကျပ် ၃၀၀ မှ ကျပ် ၁၀၀၀ ခန့်သာရှိကြောင်း နာနတ်သီးဈေးကွက်အတွင်းမှ သိရှိရသည်။

**ဝင်းမြတ် (ရာမညကုန်သွယ်မှုဗဟိုဌာန)**

# မိုးရာသီတွင် ချည်မျှင်ရှည်ဝါ ဧက နှစ်ထောင်နီးပါး စိုက်မည်

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်တွင် ယာမြေများ၌ မိုးရာသီသီးနှံချည်မျှင်ရှည် ဝါဧက ၁၇၈၀ လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နှစ်စဉ် တောင်သူများဝင်ငွေရရှိစေရန်အတွက် ဝါစံပြစိုက်ကွက်များဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ ပညာပေးခဲ့သောကြောင့် အထွက်ကောင်းခဲ့ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် ယခုနှစ် ၂၀၁၉/၂၀၂၀ ခုနှစ် မိုးသီးနှံချည်မျှင်ရှည်ဝါဧက ၁၇၈၀ ကို လျာထားစိုက်ပျိုးမည်ဖြစ်သည်။

ယခင်နှစ်တွင် ဝါစိုက်တောင်သူများ ဝါဈေးကောင်းမွန်သောကြောင့် တွက်ခြေကိုက်ခဲ့ပြီး ဝါကနေ ဝင်ငွေရခဲ့ကြောင်း ဝါစိုက် တောင်သူများထံမှ သိရှိရသည်။

**ဆန်းညွှန့်(ရေနံချောင်း)**

# မြစ်ကြီးနားမြို့ ဒူးရင်းသီးဈေးကွက် အခြေအနေ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သစ်သီးဈေးတန်းထဲတွင် ရောက်ရှိနေသည့် ဒူးရင်းသီးဈေးကွက်အနေဖြင့် တစ်နှစ်ထက်တစ်နှစ်ပိုမို ကျယ်ပြန့်လာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံအောက်ပိုင်း တောင်ငူ၊ မော်လမြိုင်၊ သံတောင် စသည့် ဒေသများမှ စိုက်ပျိုးထွက်ရှိလာသော ဒူးရင်းသီးသည် ယခုအခါ မြန်မာနိုင်ငံ အနှံ့ အပြားရှိဈေးကွက်များသို့ စားသုံးသူ၏ လိုအပ်ချက်အရ ရောက်ရှိနေပြီဖြစ်သည်။ ကချင်ပြည်နယ်တွင် စိုက်ပျိုးထွက်ရှိမှု မရှိသည့်အတွက် ဒေသခံပြည်သူများကလည်း စားသုံးမှုနည်းခဲ့ကြပြီး ယခုအခါ စားသုံးသူများလာသည့်အတွက် ဈေးကွက်ထဲတွင် ဆိုင်ထိုင်ရောင်းချနေသူများ တွေ့ရှိရသည်။ ယခင်က ဒူးရင်းသီးကို မြစ်ကြီးနားမြို့ပေါ်တွင် အောက်ပိုင်းမှ လိုက်ထရပ်ကားများဖြင့် လာရောက်၍ သုံးရက် တစ်ပတ်ခန့် လှည့်ပတ်ရောင်းချပြီး ပြန်သွားကြောင်း သိရှိခဲ့ရသည်။


ဒူးရင်းသီးဈေးနှုန်းများ အနေဖြင့် ကျပ် ၆၀၀၀ မှ ၁၅၀၀၀ အထိရှိပြီး အရွယ်အစား အသေး၊ အလတ်၊ အကြီး ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိကြောင်းသိရှိရပြီး ပုပ်ကုန်ဖြစ်၍ ရက်အနည်းငယ်ကြာလာလျှင် လျှော့ဈေးဖြင့် ရောင်းချရကြောင်းလည်း သိရှိရသည်။

**ငွေးလှိုင်**
**(မနောမြေကုန်သွယ်မှုဗဟိုဌာန)**

# ရေနံချောင်းမြို့နယ်တွင် ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်စိမ်း ဧကသုံးသောင်းကျော် လျာထားစိုက်ပျိုးမည်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မိုးသီးနှံ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်စိမ်း ဧကသုံးသောင်းကျော် လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြည်ပဈေးကွက်ဝင် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပြည်တွင်းခွဲခြမ်းစက်နှင့် ပဲပင်ဖောက်လုပ်ငန်းများက အသုံးပြုသည့် ကုန်ကြမ်းဖြစ်သည့် ပဲနောက်စိမ်းကို မိုးရာသီနှင့် ဆောင်းရာသီ၊ နွေရာသီတို့တွင် အလှည့်ကျစိုက်ပျိုးကြရာ တောင်သူများ အဓိက အားထားရသောသီးနှံများဖြစ်သည်။



ယခုနှစ်မိုးရာသီတွင်ပဲစင်းငုံ ၁၁၈၂၉ ဧက၊ ပဲတီစိမ်း ၁၂၉၄၅ ဧက၊ ပဲနောက်စိမ်း ၁၃၈၅၃ လျာထားစိုက်ပျိုးရန် ဆောင်ရွက်နေကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရှိရသည်။ **ဆန်းညွှန့် (ရေနံချောင်း)**

# စီးပွားရေး

## ဖွံ့ဖြိုးတိုးတက် ပြောင်းလဲမှု

ငြိမ်းဝေနှင်း (ကယား)

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မည်သည့်အချိန်တွင် မည်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကိုမည်ကဲ့သို့ ထုတ်လုပ်မည်၊ မည်မျှထုတ်လုပ်မည်ဟူ၍ ဆုံးဖြတ်ချက်များ ချမှတ်ရပါသည်။ သယံဇာတများဖြစ်သည့် သဘာဝသယံဇာတများ (Natural Resources)၊ လူဖန်တီးသောသယံဇာတများ (Man-made Resources) နှင့် လူ့အရင်းအမြစ်စွမ်းအားများကို ထိရောက်စွာခွဲဝေအသုံးပြုရန် လိုအပ်ပါသည်။ ထိုအရင်းအမြစ်စွမ်းအား စုများသည် အကန့်အသတ်ဖြင့် တည်ရှိနေသောကြောင့် လူသားတို့၏ ဆန္ဒအားလုံးကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်မည် မဟုတ်သောကြောင့် စွန့်လွှတ်လိုက်ရမည့် အခွင့်အလမ်းစရိတ်များ (Alternative Opportunity Costs) လည်း ရှိနိုင်ပါသည်။

အကောင်းဆုံး ထုတ်လုပ်မှုနည်းလမ်းဆိုသည်မှာ ပေးထားသော သယံဇာတစွမ်းအားစုများကို အသုံးပြု၍ အများဆုံးထုတ်လုပ်ခြင်းပင် ဖြစ်ပါသည်။ ကုန်စည်တစ်ခုတည်းအတွက်သာ ထုတ်လုပ်ခြင်းသည် တိုင်းပြည်အတွက် ဖွံ့ဖြိုးတိုးတက်အောင်ထုတ်လုပ်ခြင်းမမည်ပါ။ ကျွမ်းကျင်သော အလုပ်သမားများထွက်ပေါ်ရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ခြင်းစသည်တို့လည်း ပါဝင်ပါသည်။ အကောင်းဆုံးထုတ်လုပ်နည်းလမ်းများတွင် နည်းပညာအရ စွမ်းဆောင်ရည်နှင့် စီးပွားရေးစွမ်းဆောင်ရည်ဟူ၍ နှစ်မျိုးရှိပါသည်။ နည်းပညာစွမ်းဆောင်ရည်အားဆိုသည်မှာ သတ်မှတ်ထားသော ကုန်ထုတ်လုပ်မှုပမာဏကို သွင်းအားစုယူနစ်စနစ်ဖြင့် ရရှိအောင် ထုတ်လုပ်ခြင်းပင်ဖြစ်ပါသည်။ စီးပွားရေး စွမ်းဆောင်ရည်ဆိုသည်မှာ သတ်မှတ်ထားသော ထုတ်လုပ်မှုပမာဏကို စရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်ခြင်းဖြစ်ပေသည်။ တိုင်းပြည်တစ်ပြည်၏ စီးပွားရေးစနစ်သည် ထိုတိုင်းပြည်၏ လူနေမှုအဆင့်အတန်းကို တစ်နှစ်ထက်တစ်နှစ် မြင့်မားလာစေရန် လုပ်ဆောင်နိုင်ရမည်ဖြစ်ပြီး တိုင်းပြည်တွင်းရှိ သယံဇာတခွဲဝေအသုံးချမှုသည် စနစ်တကျရှိရပေမည်။ မည်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်သည့်နည်းလမ်းဖြင့် ထုတ်လုပ်မည်၊ မည်သည့်ရည်ရွယ်ချက်များကြောင့် ထုတ်လုပ်ရသည်ဟူသော ရည်မှန်းချက်များရှိရပေမည်။ သို့မှသာ စီးပွားရေး တိုးတက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုပိုမြင့်မားလာမည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးမှု (Economic Development) ဆိုသည်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာဖြစ်သည်ဟု မှတ်ယူ၍ မရပေ။ ကုန်စည်နှင့် ဝန်ဆောင်မှုများကို များများထုတ်လုပ်ခြင်း၊ ရသလောက် ထုတ်လုပ်နိုင်ခြင်းသည် စီးပွားရေးတိုးတက်မှုဟုခေါ်နိုင်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ဆိုလျှင် ပြည်သူအားလုံးအတွက် လိုအပ်သောဆန္ဒများကို ပြည့်မီနိုင်သမျှ ဖြည့်ဆည်းပေးရပေမည်။ တိုင်းပြည်ဝင်ငွေမြင့်မားလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းနှင့် သက်ဆိုင်သော ဆင်းရဲချမ်းသာကွာဟမှုနည်းပါးစေရေးနှင့် သက်ဆိုင်သော ဆင်းရဲချမ်းသာကွာဟချက်နည်းစေရေး၊ လူ၏ပျှမ်းမျှသက်တမ်း ပိုရှည်လာမှု၊ ကူးစက်တတ်သောရောဂါဘယ နည်းပါးစေရေးနှင့် သက်ဆိုင်သော ဝင်ငွေခွဲဝေဖြန့်ဖြူးမှု (Disrtibution of Income) ကွာဟချက်နည်းစေရေး၊ လူနေမှုဘဝ ပျော်ရွှင်မှုနှင့် လိုအင်ဆန္ဒများ ဖြည့်ဆည်းနိုင်မှုများ တိုးတက်လာသည်နှင့်အမျှ စီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ကို ပြဆိုခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကို ကဏ္ဍ ၁၄ ခု ခွဲခြားထားပြီး အဆိုပါ ကဏ္ဍကို အုပ်စုသုံးစုဖြင့် ပိုင်းခြားထားပါသည်။ ထိုအုပ်စုသုံးစုမှာ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးတို့ပင် ဖြစ်ပါသည်။ ကုန်သွယ်ရေးသည် ဝန်ဆောင်မှုလုပ်ငန်းတွင် ပါဝင်သော်လည်း သီးခြားအုပ်စုတစ်ခု ခွဲခြားထားပါသည်။

ကုန်ပစ္စည်းထုတ်လုပ်မှုတွင် လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အားနှင့် ဆောက်လုပ်မှုဟူ၍ပါဝင်ပါသည်။

ဝန်ဆောင်မှုတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အိမ်ငှားခနှင့် အခြားဝန်ဆောင်မှုဟူ၍ ပါဝင်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်ရေးဝန်ကြီးဌာန ခေတ်အချိန်ကပင် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ စီးပွားရေးမူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်တာဝန်များ အပြင် ဝန်ကြီးဌာနမှ ကျင့်သုံးလျှက်ရှိသော ကုန်သွယ်ရေးမူဝါဒ(၅)ရပ်၊ ဥပဒေများ၊ စားသုံးသူရေးရာဦးစီးဌာန၏ မူဝါဒများ၊ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေ၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေများကို ကျင့်သုံးလျှက်ရှိပါသည်။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၏ ရည်ရွယ်ချက်များမှာ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်များကို အထောက်အကူပြုရန်၊ ပြည်သူအများ အလုပ်အကိုင်ရရှိစေရန်၊ ယင်းတို့၏လူနေမှု အဆင့်အတန်းမြင့်မားစေရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရန်၊ နိုင်ငံတော်အတွင်း စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးခြင်း၊ မြှင့်တင်ခြင်းနှင့် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြားစက်မှုလုပ်ငန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် နိုင်ငံသားများအား အသက်မွေးဝမ်းကြောင်း ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများရရှိစေရန်၊ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အခြေခံကောင်းများ တည်ဆောက်ခြင်းဖြင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်းနှင့် ဆွဲဆောင်ခြင်းပြုရန်နှင့် အထူးစီးပွားရေးဇုန်တွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးပြီး အထူးစီးပွားရေးဇုန်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ စက်မှုလုပ်ငန်းများအကြား ရှေ့နောက်ချိတ်ဆက်ဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန်တို့ဖြစ်သည်။

နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံခြားသားနှင့် နိုင်ငံခြားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခွင့်ပြုခြင်း၊ စီးပွားရေးနှင့် သက်ဆိုင်သော ဌာန/အဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ ဘဏ်ရုံးခွဲများနှင့် အခြားစီးပွားရေးလုပ်ငန်းအသီးသီးတို့တွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန်၊ တိုးတက်မှုများရရှိနိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာအထူး စီးပွားရေးဇုန်နှင့် ပတ်သက်၍ ကျောက်ဖြူ၊ ထားဝယ်၊ သီလဝါဟူ၍ ဇုန်(၃)ဇုန် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး တောင်သူလယ်သမားများ နည်းပညာအပြည့်အဝရရှိစေရေး၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူလျင်မြန်စွာ ပံ့ပိုးပေးနိုင်ရေးနှင့် လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၊ ဆန်၊ စပါးဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ဆန်၊ စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒဖြင့် ကာလတို၊ ကာလရှည် လုပ်ငန်းစီမံကိန်းများ၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ဒေသန္တရဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းအခြေခံစားကုန်၊ ပြည်ပ တင်ပို့သည့် ပဲမျိုးစုံ၊ နှမ်းနှင့် အစေ့ထုတ်ပြောင်း ဈေးနှုန်း၊ ဈေးကွက်များ၊ ကုန်စည်ဒိုင်များသို့ ကွင်းဆင်း၍ စာရင်းကောက်ယူ စိစစ်ပြုစု၍ နိုင်ငံတော်အကြီးအကဲများထံ တင်ပြသည့်အပြင် မိမိဌာနနှင့် လုပ်ငန်းဆက်စပ်မှုရှိသည့် ဝန်ကြီးဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် အခွင့်အလမ်းများ၊ နည်းလမ်းသစ်များကို ရှာဖွေဖော်ထုတ်နိုင်ရန်၊ လူမှုစီးပွားရေးကို အကျိုးပြုမည့် သတင်းအချက်အလက်နှင့် စီးပွားရေးအခြေအနေများကို Website များတွင် ဖော်ပြနိုင်ရန်၊ တစ်ရွာ ထုတ်ကုန်တစ်မျိုးထွက်ကုန်များကို လေ့လာပြုစု၍ ရှေ့အလားအလာကောင်းရှိနိုင်သော စီးပွားရေးဆိုင်ရာ အခြေအနေများ၊ အချက်အလက်များကို ပြည်သူများထံ သတင်းပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

■

## စာမျက်နှာ (၂၀) ဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးကျင့်ဝတ်နှင့်အညီ . . . မှအဆက်

စာမျက်နှာ (၂၀) ... မှအဆက်

အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် စားသုံးသူများသည် ဘေးဥပဒ်အန္တရာယ်ရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူသုံးစွဲမှုမပြုရေး၊ ထိုသို့မသုံးစွဲ၊ မရယူရေးအတွက် မိမိ မိသားစု၊ ဆွေမျိုးသားချင်း မိတ်ဆွေများထံ သတင်းအချက်အလက်များ မျှဝေရေး စားသုံးသူ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၊ CICC များသို့ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ တိုင်ကြားကြရန် လွန်စွာ အရေးကြီးပါသည်။

### ပြည်သူများပူးပေါင်းပါဝင်

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်မှု ရရှိစေရေးအတွက် ဌာနများမှ ဆောင်ရွက်ကြရုံဖြင့် မအောင်မြင်နိုင် နှေးကွေးနေမည် ဖြစ်သည်၊ ပြည်သူများ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုသာ မြန်မာတစ်နိုင်ငံလုံးရှိ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော အိမ်သုံး၊ လူသုံးပစ္စည်းများ စားသုံးကြ၍ ကျန်းမာစွာဖြင့် အသက်ရှည်ရပ်တည်နေထိုင်လာနိုင်ကြမည် ဖြစ်သည်။ မိမိဆောင်ရွက်သည့် လုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်လာနိုင်မည်။ မိမိ မိသားစု ဝင်ငွေတိုးလာမည်။ နိုင်ငံ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလာမည်ဖြစ်သည်။ အလားတူ လုပ်ငန်းရှင်များသည်လည်း နိုင်ငံတကာစံနှုန်းများဖြင့် အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်သဖြင့် ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိသို့ ထိုးဖောက်လာနိုင်မည်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်။ နိုင်ငံတကာသို့ ဝင်ဆံ့ကာ နိုင်ငံဖွံ့ဖြိုး တိုးတက်မှုကို ကူညီရာရောက်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ ဈေးများ၊ ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့များတွင်လည်း စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့များ ဖွဲ့စည်းထားသလို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားသော စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့များ များစွာပေါ်ပေါက် တိုးတက် ဖွဲ့စည်းနေခြင်းသည် များစွာ အားရဖွယ်ကောင်းလှပါသည်။ စားသုံးသူရေးရာ ဦးစီးဌာနမှလည်း ထိုအသင်းအဖွဲ့များနှင့် ငွေကြေးကိစ္စမှလွဲ၍ ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်၍ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများ ပွဲပြီးမီးသေမဖြစ်စေရေးအတွက် တစ်နိုင်ငံလုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ တိုးတက်လာသော ခေတ်နှင့်အညီ ပေါ်ပေါက်လာသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ပတ်သက်၍ စားသုံးသူပြည်သူများက အသိတရားလက်ကိုင်ထား၍၊ သတိထား၍ ဝယ်ယူသုံးစွဲကြပါရန်၊ ဘေးဥပဒ်အန္တရာယ်ရှိသော ပစ္စည်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသော ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်း မပြုကြပါရန်၊ မိမိကြုံတွေ့ရသော နစ်နာမှုများကို မိမိ မိသားစုသာမက မိတ်ဆွေ၊ အပေါင်းအသင်း၊ ဆွေမျိုးသားချင်းများကို သတင်းအချက်အလက်များ မျှဝေ ဖြန့်ဝေပေးကြပါရန်၊ စားသုံးသူအခွင့်အရေး အပြည့်အဝ မရရှိခြင်း၊ ထိခိုက် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ CICC များတွင် အလွယ်တကူ တိုင်ကြားကြပါရန် မှန်ကန်သော သစ္စာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# မဂ္ဂါဝပ်တစ်ထောင်ကျော် ထုတ်လုပ်မည့် ဆိုလာစက်ရုံ စီမံကိန်းများ တင်ဒါပိတ်ရက် တစ်လတိုးမြှင့်ပေး

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဆိုလာစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများ တင်ဒါပိတ်ရက်ကို အချိန်တစ်လ ထပ်မံ တိုးမြှင့်လိုက်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်မည့် နေရောင်ခြည်သုံး စက်ရုံ ၃၀ ကျော်ကို တည်ဆောက်၊ လည်ပတ်၊ ပိုင်ဆိုင် (BOO) စနစ်ဖြင့် ဆောက်လုပ်ရန် ဝန်ကြီးဌာနက ပြီးခဲ့သည့် မေလတွင် တင်ဒါ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် တင်ဒါပိတ်ရက်ကို ဇွန် ၁၈ ရက်တွင် သတ်မှတ်ခဲ့ပြီး ယခုအခါ ဇူလိုင် ၁၇ ရက်အထိ အချိန်တစ်လ တိုးမြှင့်ပေးလိုက်ခြင်း ဖြစ်သည်။

အစိုးရက ၂၀၂၀ နွေရာသီ မီးမပြတ်စေရေးအတွက် ဓာတ်အားမဂ္ဂါဝပ် ၁၀၀၀ ကျော် ထုတ်လုပ်မည့် ဓာတ်ငွေ့သုံး စီမံကိန်းငါးခုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် အရေးပေါ် ဖိတ်ခေါ်ခဲ့ပြီး ယင်း စီမံကိန်းသည် ဝန်ကြီးဌာနက ဒုတိယအကြိမ် မဂ္ဂါဝပ် ၁၀၀၀ ကျော် ထပ်မံ တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်းစီမံကိန်းသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းဖြစ်၍ ဓာတ်ငွေ့သုံး စီမံကိန်းများထက် နိုင်ငံခြားကုမ္ပဏီများ ပိုမိုစိတ်ဝင်စားကြကြောင်း သိရသည်။ ယင်းသို့ နိုင်ငံတကာ စွမ်းအင်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားရာတွင် အိန္ဒိယ၊ ကိုရီးယား၊ အမေရိကန်နှင့် ဥရောပ ကုမ္ပဏီများ ပါဝင်ကြောင်း သိရ သည်။

အဆိုပါ စီမံကိန်းများလေ့လာရန်နှင့် တိုင်းတာရန် အချိန်တစ်လမှာ မလုံလောက်သည့်အတွက် စီမံကိန်းများ၏ နောက်ဆုံးတင်ဒါ ကန့်သတ်ရက်နှင့် ပတ်သက်ပြီး အမေရိကန်၊ ဗြိတိန်နှင့် ဥရောပနိုင်ငံများမှ ကုန်သည်ကြီးများ အသင်းတို့က တင်ဒါပိတ်ရက် တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ကြသောကြောင့် ဝန်ကြီးဌာနက ယခုလို ပြင်ဆင် သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ယခုစီမံကိန်းတွင် အစိုးရက လျှပ်စစ်ဓာတ်အား အနှစ် ၂၀ ဝယ်ယူမည်ဖြစ်ပြီး တည်ဆောက်၊ လည်ပတ်၊ ပိုင်ဆိုင် (BOO) စနစ်ဖြင့် ဆောက်လုပ်ရမည်ဟု ဆိုထားသည်။

ဓာတ်အားပေး စက်ရုံများသည် မဂ္ဂါဝပ် ၃၀ မှ ၅၀ ထုတ်လုပ်မည့် စက်ရုံများဖြစ်ပြီး မဂ္ဂါဝပ် ၁၀၀၀ ကျော် ထုတ်လုပ်ရန်ဖြစ်ကာ ယင်း စီမံကိန်းများသည် မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ရန်ဖြစ်ပြီး ပြည်တွင်း၌ ဆောင်ရွက်နေသည့်အသေးစား စီမံကိန်းအဆင့်မဟုတ်ကြောင်း သိရသည်။

ထိုစီမံကိန်းများကို နေပြည်တော်၊ မကွေး၊ မန္တလေး၊ ပဲခူး၊ စစ်ကိုင်း၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တည်ဆောက်မည်ဖြစ်ပြီး စီမံကိန်းများအား အဆိုပါ တိုင်းဒေသကြီးများအတွင်း ဓာတ်အားခွဲရုံများရှိသည့် နေရာများတွင် တည်ဆောက်မည်ဖြစ်ကာ သို့မှသာ ဓာတ်အားသွယ်တန်းရန် အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနက ထုတ်ပြန်ရာတွင် ၃၃ ကေဗီ ဓာတ်အားခွဲရုံသည် မဂ္ဂါဝပ် ၃၀ စက်ရုံများဖြင့် ချိတ်ဆက် ရန်နှင့် ၆၆ ကေဗွီသည် မဂ္ဂါဝပ် ၄၀ နှင့် ၅၀ စက်ရုံများဖြင့် ချိတ်ဆက်ရန်ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**



# ဖိလစ်ပိုင်ဆန်အဝယ်တင်ဒါကို မြန်မာက တန်ချိန် ခုနစ်သောင်းခွဲ အောင်မြင်

ဖိလစ်ပိုင်နိုင်ငံမှ တင်ဒါစနစ်ဖြင့် ဆန်ဝယ်ယူရန် ကမ်းလှမ်းမှုတွင် မြန်မာနိုင်ငံက ဆန်တန်ချိန်ခုနစ်သောင်းခွဲတင်ဒါ အောင်မြင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် (MRF) မှ သိရသည်။

ပြည်ပမှ ဆန်တန်ချိန် သုံးသိန်းကို တင်ဒါစနစ်ဖြင့်ဝယ်ယူရန် ဖိလစ်ပိုင် အစိုးရက ဖိတ်ခေါ်ရာတွင် မြန်မာ၊ ထိုင်း၊ အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံတို့က တင်ဒါဝင်ပြိုင်ခဲ့ကြပြီး လက်ရှိတွင် မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့က တင်ဒါ အောင်မြင်ခဲ့ကာ ကျန်နှစ်နိုင်ငံက မပါဝင်သေးကြောင်း MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဇွန် ၁၇ ရက်တွင် ပြောသည်။

“နှစ်နိုင်ငံ အစိုးရချင်း သဘောတူညီမှုနဲ့ စာချုပ်ချုပ်ဆိုပြီး ရောင်းချရမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ အနေနဲ့ လက်ရှိမှာ ဈေးနှုန်းနဲ့ အသေးစိတ် အချက်အလက်တွေကိုတော့ အတိအကျ ထုတ်ပြန်နိုင်ခြင်း မရှိသေးပါဘူး” ဟုၦင်းက ပြောသည်။

လက်ရှိ ဖိလစ်ပိုင်သည် နှစ်စဉ် ပြည်ပမှ ဆန်ဝယ်ယူနေရသည့်နိုင်ငံဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်ဒါ အောင်မြင်ခြင်းက ယခုနှစ်အတွက် အာဆီယံအဖွဲ့အတွင်း ဈေးကွက်သစ်တစ်ခု ထပ်မံရရှိခြင်း ဖြစ်ကြောင်း MRF ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသူရအေးက ဆက်လက် ပြောဆိုသည်။

“ဒီတင်ဒါ အောင်လိုက်တာလာမယ့်ရာသီ လယ်ယာကဏ္ဍအတွက် အားတက်စေတာပေါ့”ဟု ၎င်းကမှတ်ချက်ပြုသည်။

ဈေးကွက်တစ်ခု ရရှိထားခြင်းကြောင့် ပြည်ပသို့ ဆန်တင်ပို့ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေသည်ဟု ဆိုသည်။

ယခု ဘဏ္ဍာနှစ် ရှစ်လအတွင်း ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းခန့် ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် လေးသိန်းနီးပါး ပိုမိုရောင်းချခဲ့ကာ မေလကုန်အထိ ပြည်ပသို့ ဆန်ရောင်းချမှုမှ ဒေါ်လာ ၅၇၈ သန်းကျော် ရရှိထားကြောင်း သိရသည်။ **ပန်းဆု**

# ပြည်မြေပဲဆန် အရောင်းအဝယ်ဖြစ်ပြီး ဈေးပြန်မြင့်

ပြည်မြေပဲဆန်များ ဝယ်လက်သမားများကြောင့် ယခုတစ်ပတ်အတွင်း ဈေးပြန်မြင့်လာသည်။ ဝင်ရောက်မှုမှာလည်း တောင်ကုတ်၊ မင်းတုန်းနှင့် ကံမဘက်မှ အဝင်ရှိပြီး အဝယ်ရှိနေသည့်အတွက် ဈေးကွက်တွင် အရောင်းအဝယ် ဖြစ်နေသည်။

ယခုတစ်ပတ် မြေပဲ(အခွံဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀ နှင့် (အခွံနီ) တစ်ပိဿာလျှင်ကျပ် ၂၆၅၀ ဖြင့် အောင်လံဘက်မှ အဝယ်ရှိသည့်အတွက် တစ်ရက်လျှင်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။

မြေပဲလုံးဆန်အဖြူမှာ တစ်ပိဿာလျှင် ကျပ် ၂၉၅၀၊ မြေပဲလုံးဆန်အနီမှာ တစ်ပိဿာလျှင် ကျပ် ၃၀၅၀ ဖြင့် ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်း အကြော်ဖို သမားများ အဝယ်ရှိနေသည့်အတွက် တစ်နေ့လျှင်အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

# အလုပ်အကိုင် ၂၅၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကိုးခု ခွင့်ပြု

ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၅၀၇ နေရာကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခုကို ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

ဇွန် ၁၈ ရက်က Video Conferencing စနစ်ဖြင့် ပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးတွင် အဆိုပါလုပ်ငန်း ကိုးခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယင်း အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ခြောက်ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် အခြားကဏ္ဍတို့မှ လုပ်ငန်းသစ် ကိုးခုကိုခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်နှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၃၈၉ သန်းနှင့် မြန်မာကျပ်ငွေ ၆၄၃၄၁ ဒသမ ၈၂၇ သန်းရှိကြောင်း သိရသည်။

ယခုနှစ် မေလကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။

နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၆၀ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၅၁ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၁ ရာခိုင်နှုန်း စသည်ဖြင့် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**ပန်းဆု**

# မြောင်းမြ၊ မော်လမြိုင်ကျွန်းနှင့် ဟင်္သာတမြို့နယ်တို့၌ အိန္ဒိယဒန့်သလွန်မျိုး စမ်းသပ်စိုက်ပျိုး

ဧရာဝတီတိုင်းဒေသကြီး အတွင်း ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် အလားအလာရှိသော (အိန္ဒိယ) ဒန့်သလွန်မျိုးများကို မြောင်းမြ၊ မော်လမြိုင်ကျွန်းနှင့် ဟင်္သာတမြို့နယ်များတွင် ၁၅ ဧက စမ်းသပ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးနှင့် ဈေးကွက်အလားအလာရှိသော ဒန့်သလွန်သီးနှံစိုက်ပျိုးရာ ကျေးရွာများသို့ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံများမှ သွားရောက်ကွင်းဆင်းခဲ့ရာတွင် အိန္ဒိယ ဒန့်သလွန်မျိုး မျိုးစေ့တစ်စေ့ကို ကျပ် ၁၀၀ နှုန်းဖြင့် ရန်ကုန်တိုင်းမှ ဝယ်ယူပြီး အစေ့ကို တစ်ညအိပ်ရေစိမ်ပြီး ပျိုးပင်ဖောက်ကာ ရှစ်ရက်အကြာ အစို့ထွက်ရှိ၍ တစ်လသားခန့်တွင် ၁ ဒသမ ၅ ပေ ပတ်လည် တူးထားသော ကျင်းတွင် စိုက်ပျိုးနိုင်ပြီး ၁၀ × ၉ ပေ ပတ်လည် အကွာအဝေးဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် ဒန့်သလွန်ပင် ၄၈၄ ပင် စိုက်ပျိုးနိုင်ကြောင်း၊ ၁၂ × ၁၀ ပေ ပတ်လည်အကွာအဝေး စိုက်ပျိုးပါက ၃၆၃ ပင် စိုက်ပျိုးနိုင်ကြောင်း၊ ဒန့်သလွန်ပင်သည် သက်တမ်း ၁၅ နှစ်ကြာနှစ်ရှည်ပင်ဖြစ်ပြီး ဒန့်သလွန် စိုက်ပျိုးချိန်မှ အသီးထွက်ပေါ်သည့်အချိန်အထိ ၁ဧကကို ကျပ် ၅၀၀၀၀၀ ကုန်ကျ၍ အပင်သက်တမ်းနုပါက အသီးအထွက်နည်းပြီး အပင်သက်တမ်းရင့်ပါက အသီးပိုမိုထွက်ရှိကြောင်း တစ်ဧကတွင် တစ်နှစ်အသီး ၄၀၀၀၀ ခန့် ထွက်ရှိ၍ ဒန့်သလွန်သီး တစ်ဧကလျှင် ကျပ် ၁၀ သိန်း ဝန်းကျင်ခန့်အထိ အကျိုးအမြတ်ရရှိနိုင်ကြောင်း ဒန့်သလွန်ရွက်မှာ ပုံမှန်ဈေးကွက်မရှိဘဲ ရန်ကုန်ဈေးကွက်မှ လိုအပ်လျှင် အရွက်အစို တစ်ပိဿာကို ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူမှုရှိပြီး ဝယ်ယူသူမှ ဒန့်သလွန်ရွက်များကို အခြောက်ခံ၍ အမှုန့်ကြိတ်ကာ ဆပ်ပြာလုပ်ငန်းနှင့် ကွတ်ကီးမုန့်လုပ်ရာတွင် အသုံးပြုကြောင်း သိရသည်။

**ဧရာမြေ (ပုသိမ်)**




# ကိုရီးယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေ ဆယ်စုနှစ်တစ်ခုအတွင်း အကြီးမားဆုံးကျဆင်း

အမေရိကန်-တရုတ်ကုန်သွယ်ရေး အငြင်းပွားမှုကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ ကိုရီးယားဝမ်ငွေတန်ဖိုးမှာ ကျဆင်းမှုများဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံရှိလူတစ်ဦးချင်းစီ၏ စုစုပေါင်းအမျိုးသားဝင်ငွေ (Nation's Per Capital Gross National Income) သည် ဆယ်စုနှစ်တစ်ခုတာကာလအတွင်း အကြီးမားဆုံးသော ကျဆင်းမှုကို ဖြစ်ပေါ်ခဲ့ကြောင်း Bank of Korea (BOK) ၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လဆန်းတွင် ဖော်ပြချက်အရ သိရှိရသည်။

လူတစ်ဦးချင်းစီ၏ စုစုပေါင်းအမျိုးသားဝင်ငွေသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၁၁၅ ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ်ထက် ၄ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ရာကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်းကာလတွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်၂၀၀၉ ခုနှစ်က နှုန်းထက်ပင် ပိုမိုသည့်အကြီးမားဆုံးသော ကျဆင်းမှုဖြစ်ခဲ့ကြောင်း၊ ယခုကဲ့သို့ GNI Per Capita ကိန်းဂဏန်း၏ ကျဆင်းမှုသည် ၂၀၂၀ပြည့်နှစ်တွင်ပါ COVID–19 ရိုက်ခတ်မှု၏ ကျိုးဆက်အဖြစ် နိုင်ငံတွင်းနှင့် ပြည်ပသက်ရောက်မှုများကြောင့် အမေရိကန်ဒေါ်လာ (၃၀၀၀၀)အောက်သို့ပင် ကျဆင်းလာနိုင်ကြောင်းနှင့် ကမ္ဘာ့ကပ်ရောဂါက ပြည်တွင်းစီးပွားရေးကို ပြင်းထန်စွာ ရိုက်ခတ်ကာပြည်ပပို့ကုန်နှင့် ပုဂ္ဂလိကသုံးစွဲမှုများတွင်ပါ သိသာစွာကျဆင်းသွားနိုင်ကြောင်း ဖော်ပြထားသည်။

ဗဟိုဘဏ် Bank of Korea (BOK) က ၂၀၂၀ ပြည့်နှစ် တစ်နှစ်ပတ်လုံးကိုရီးယားဝမ်တန်ဖိုးသည် အမေရိကန်ဒေါ်လာတန်ဖိုးထက် ၅ ရာခိုင်နှုန်းထက် ပိုမိုကျဆင်းနေပါက ယခုခန့်မှန်းချက်မှာ ဖြစ်နိုင်ကြောင်းနှင့် ကိုရီးယားဝမ်မှ အမေရိကန်ဒေါ်လာသို့ ငွေလဲလှယ်နှုန်းမှာ နှစ်ကုန်အထိ အမေရိကန် တစ်ဒေါ်လာလျှင် ၁၂၅၀ ဝမ်မှ ၁၂၆၀ ဝမ်အတွင်းတွင် ရှိနေသင့်ကြောင်း၊ အကယ်၍ စီးပွားရေးကျဆင်းမှုကို ကာကွယ်ရန် ငွေကြေးဆိုင်ရာ မူဝါဒပြောင်းလဲမှုလုပ်ငန်းစဉ်များကို အစိုးရက ထပ်မံ၍ လုပ်ဆောင်ခဲ့လျှင် GNI ကျဆင်းမှုသည် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ဝန်းကျင်ထိ ရောက်နိုင်မည့် အနေအထားများ နည်းပါးသွားနိုင်မည်ဟု ပြည်တွင်းစီးပွားရေးပညာရှင်များက သုံးသပ်ထားကြကြောင်း သိရှိရသည်။

အစိုးရက Gross National Income (GNI) ကို အမေရိကန်ဒေါ်လာ ၃၀၀၀၀ အထက် ဖြစ်စေရေး ထိန်းသိမ်းရန် ငွေကြေးဆိုင်ရာမူဝါဒများ ထပ်တိုးမိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် ငွေကြေးဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသူများက COVID–19 ကြောင့် ထိခိုက်နေသော ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများအား နောက်ထပ်အရေးပေါ် ကုစားရေးရန်ပုံငွေများကို ခွင့်ပြုပေးနိုင်ကြောင်းKorea Capital Market Institute မှ စီးပွားရေးပညာရှင် Noh San-ha က ပြောကြားခဲ့ပါသည်။ ဗဟိုဘဏ်ကလည်း GDP သည် ၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလပတ်ကာလအတွင်း ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး၊ ၂၀၀၈ ခုနှစ်၏ စတုတ္ထသုံးလပတ်ကာလတွင် ၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီးသည့် နောက်အကြီးမားဆုံးသော ကျဆင်းမှုပင်ဖြစ်ကြောင်း၊ ထိုသို့ကျဆင်းခဲ့ခြင်းမှာ ကပ်ရောဂါကြောင့် ပို့ကုန်ကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍသုံးစွဲမှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ကျဆင်းမှုများကြောင့်ဖြစ်ကြောင်း Bank of Korea ကပြောကြားထားသည်။ ဝန်ဆောင်မှုကဏ္ဍသည် COVID–19 ကြောင့်အထိခိုက်ခံရဆုံးသောကဏ္ဍများတွင် တစ်ခုပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍတွင် သယ်ယူပို့ဆောင်ရေး၊ အစားအစာ၊ လက်လီကုန်စည်ရောင်း ဝယ်ရေးလုပ်ငန်းများပါဝင်ပြီး၊ ထိုကဏ္ဍများသည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လတို့အတွင်းတွင် အနီးစပ်ဆုံးသုံးလပတ်ကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဒုတိယသုံးလပတ်တွင် GDP သည် ပိုမိုကျဆင်းနိုင်ကြောင်း ဗဟိုဘဏ် Bank of Korea (BOK) က ခန့်မှန်းထားရာ၊ လက်ရှိအနေအထားမှသည် နောက်ထပ် ၂ ရာခိုင်နှုန်း ထပ်မံကျဆင်းသွားနိုင်ကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလနှင့် ဇွန်လအတွင်း GDP အခြေအနေများ ကပို့ကုန်တင်ပို့နိုင်မှုနှင့် အစိုးရ၏စီးပွားရေးပြန်လည် တည့်မတ်ရန် ဘဏ္ဍာရေး ဆိုင်ရာပံ့ပိုးမှုများ တိုးချဲ့ဆောင်ရွက်ပေးနိုင်မှုတို့အပေါ်တွင် မူတည်နေမည်ဖြစ်ကြောင်း၊ ထို့ပြင် အမေရိကန် -တရုတ်ကုန်သွယ်ရေး အငြင်းပွားမှုဆိုင်ရာကိစ္စ၏ တိုးတက်မှုအခြေအနေများက ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အလားအလာပေါ်တွင်သက်ရောက်မှုရှိသည်ကိုလည်း သတိမူရန်လိုအပ်ကြောင်း စသည်ဖြင့် ဗဟိုဘဏ် Bank of Korea (BOK) ၏ စီးပွားရေးဆိုင်ရာစာရင်းအင်းဗျူရို၏ ညွှန်ကြားရေးမှူး Park Yang-soo က ခန့်မှန်းထားကြောင်း သိရှိရသည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး (မြန်မာသံရုံး၊ ဆိုးလ်မြို့)**
**Source: The Korea Times, Bank of Korea (BOK)**

# G7 ထိပ်သီးအစည်းအဝေးသို့ ကိုရီးယားနိုင်ငံကို ဖိတ်ကြားရန် စီစဉ်ထားဟု သမ္မတထရမ့်ပြော

၂၀၂၀ ပြည့်နှစ် ဇွန်လနှောင်းပိုင်းတွင် ဆောင်ရွက်ရန် မူလစီစဉ်ထားခဲ့ရာမှစက်တင်ဘာလအထိ ရွှေ့ဆိုင်းလိုက်သော Group 7 သို့မဟုတ် G-7 Summit ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံကို ဖိတ်ကြားသွားရန် စီစဉ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့ကြောင်း၊ ယင်းအနေဖြင့် G-7 Summit ကို ရွှေ့ဆိုင်းလိုက်ခြင်းမှာ လက်ရှိ G-7အဖွဲ့အနေဖြင့် ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသော အခြေအနေများအတွက် သင့်လျော်သည့် ရပ်တည်မှုတစ်ခုအဖြစ် ရှိနေနိုင်သည်ဟု မထင်မိသောကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် G-7 သည် စက်မှုနိုင်ငံများဖြင့် ဖွဲ့စည်းထားပြီး ခေတ်မမီတော့ကြောင်း၊ ယင်းအဖွဲ့ကို တိုးချဲ့ခြင်းကို အပြည့်အဝထောက်ခံကြောင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကို ဖိတ်ကြားသွားမည်ဟု အမေရိကန်သမ္မတက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၁၉၇၅ ခုနှစ်မှစတင်၍ အမေရိကန်ပြည်ထောင်စု၊ ဗြိတန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့သည် နှစ်စဉ် G-7 ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ကြပြီး ကမ္ဘာ့စီးပွားရေးရာစိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြကြောင်း၊ အမေရိကန်သမ္မတ ထရမ့်အနေဖြင့် ဩစတေးလျ၊ အိန္ဒိယနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကဲ့သို့ ကောင်းမွန်သည့်နိုင်ငံများပါဝင်သည့်အဖွဲ့ လိုအပ်ကြောင်း၊ထို့ပြင် ဖြစ်နိုင်ပါက G-10 သို့ G-11 တွေ့ဆုံပွဲ အစည်းအဝေးဖြစ်စေလိုကြောင်း၊ သို့ရာတွင် G-7 အဖွဲ့ကို တိုးချဲ့ခေါ်ယူခြင်းမှာ အခြားအဖွဲ့ဝင်နိုင်ငံများ၏ သဘောဆန္ဒလည်း လိုအပ်လိမ့်မည်ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားအစိုးရအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ဆွေးနွေးသွားဖွယ်ရှိကြောင်း သမ္မတအိမ်ပြာတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ထုတ်ဖော်ပြောကြားချက်အရသိရှိရသည်။

တောင်ကိုရီးယားနိုင်ငံမှ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ G-7 ထိပ်သီးအစည်းအဝေးသည် ကျင်းပမည်ဖြစ်သည့်အားလျော်စွာ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ရှိရင်းစွဲမဟာမိတ်ဆက်ဆံရေးအပေါ်ကို ထောက်ရှုရမည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီးပွားရေးမိတ်ဖက်အရ ဆက်ဆံရေးကိုလည်းကြည့်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် တောင်ကိုရီးယားအနေဖြင့် အမေရိကန်သမ္မတ၏ ဖိတ်ကြားမှုကိုလက်ခံကာ G-7 အစည်းအဝေးတွင် အခြားသောနိုင်ငံများနှင့် ညွှန့်ပေါင်းမဟာမိတ်ဖွဲ့ခြင်းကို ဆောင်ရွက်သင့်ကြောင်း၊ လက်ရှိအခြေအနေသည် တရုတ်နိုင်ငံ၏ စီးပွားရေးအရ ကြီးစိုးခြယ်လှယ်မှုများကို တွန်းလှန်သင့်သည့် အခြေအနေဖြစ်ကြောင်း၊ ထို့ပြင် G-7 တွင် တစ်နေရာ အမြဲလိုချင်လျက်ရှိသည့် ရုရှားနိုင်ငံကိုပင်လျှင် ဖိတ်ကြားခြင်းကို ကြည့်ခြင်းအားဖြင့် တရုတ်-ရုရှား ဆက်ဆံရေးအကြား သပ်လျှိုစေရေး ရည်ရွယ်လျက် တရုတ်နိုင်ငံကိုဆန့်ကျင်သည့် ယာယီညွှန့်ပေါင်းမဟာမိတ်အဖွဲ့ (Anti-China Coalition) ကို အမေရိကန်ပြည်ထောင်စုအနေဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို သိသာစွာ သုံးသပ်နိုင်ပါကြောင်းဖြင့် မူဝါဒရေးရာ လေ့လာသော AnsanInsticute ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Choi Kang မှ တယ်လီဖုန်းအင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့ကြောင်း သိရှိရသည်။

G-7 သည် ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍတွင် ဦးဆောင်လျက်ရှိသော နိုင်ငံများဖြင့်သာ ဖွဲ့စည်းထားသည်ဖြစ်ရာယခုအခါ ကုန်ထုတ်လုပ်မှုအားကောင်းသည့် တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများကို အမေရိကန်နိုင်ငံအနေဖြင့် ထည့်သွင်းဖိတ်ကြားလာသည်ကို ကြည့်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှု၏ ကဏ္ဍသည်လည်း လွန်စွာအရေးပါခြင်းကို အသိအမှတ်ပြုခြင်းပင် ဖြစ်ကြောင်းလည်း အချို့သောပညာရှင်များက သုံးသပ်ကြပါသည်။

အမေရိကန်သမ္မတ ထရမ့်က ၎င်း၏အုပ်ချုပ်ရေးအဖွဲ့အား ဟောင်ကောင်အတွက် အမေရိကန်၏ အထူးကုစားရေးအစီအစဉ်များ အဆုံးသတ်ခြင်း စတင်ရန်နှင့် ဟောင်ကောင်၏ တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်စီရင်စု၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်ထိန်းချုပ်သော အမျိုးသားလုံခြုံရေးဥပဒေ အငြင်းပွားမှုတွင်ပါဝင်နေသည့် တရုတ်အရာရှိများအား ပိတ်ပင်မှုများကို ပြုလုပ်သွားရန်အတွက် အမိန့်ပေးခဲ့ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့ထုတ်ထားသော One Country, Two Systems ဖော်မြူလာကို One Country, One system နှင့်အစားထိုးနေကြောင်း ပြောဆိုခဲ့သည်။ အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့အကြား ဆက်ဆံရေးကိုလည်း တရုတ်နိုင်ငံက World Health Organization (WHO) ကို ကျော်လွန်ထိန်းချုပ်နေသည့်အတွက် ရပ်ဆိုင်းလိုက်ကြောင်း သိရှိရသည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး (မြန်မာသံရုံး၊ ဆိုးလ်မြို့)**
**Source: The Korea Times**

Vol: 20, No.18 Monday June 22 2020

# ယင်းမာပင်၊ ဆားလင်းကြီးနှင့် ကနီမြို့နယ်တို့ရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဒု-ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ်အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ကျန်းမာရေး ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ NGO အမျိုးသမီးရေးရာအဖွဲ့များ၊ စားသုံးသူရေးရာအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာရေးများ ပူးပေါင်း၍ ဈေးကွက်အတွင်းရှိဈေးဆိုင်များ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရန် ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးခြင်း ကုန်အညွှန်း အမှတ်အသားများအကြောင်း ရှင်းလင်း ဆွေးနွေးခြင်းများ စိစစ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဇွန် ၁၇ ရက်တွင် ယင်းမာပင်ခရိုင်၊ ယင်းမာပင် မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် ငါးရက်တစ်ကြိမ် ရောင်းချသော ပွဲကျဈေးသည်များနှင့် ဈေးဝယ်သူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးမြင့်က ဦးဆောင်ပြီး COVID-19 ကာလ ထိန်းချုပ် ကာကွယ်မှုရှိစေရန် နှာခေါင်းစည်းများ အခမဲ့ ကူညီဖြန့်ဝေခြင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ကျေးရွာဈေးဆိုင်များအား FDA မှ စားသုံးရန်မသင့် ကြော်ငြာထားသည်များ ရောင်းချခြင်းမရှိစေရန် မျက်မြင်မှုတက် သက်တမ်းလွန်များ ရောင်းချခြင်းမရှိစေရန် ဆွေးနွေးပြောကြားခြင်း၊ COVID-19 ကာလအတွင်း သတ်မှတ်ထားသော အရေးကြီး ကုန်စည်များအား ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမပြုရန်၊ အမိန့် ကြော်ငြာစာအား ရှင်းလင်းပြောကြားခြင်း၊ သက်ဆိုင်ရာ မိတ်ဖက်ဌာနများမှလည်း စံပြကျေးရွာအနေဖြင့် သန့်ရှင်းခြင်း စည်းလုံးခြင်း စည်းကမ်းလိုက်နာထိန်းသိမ်းခြင်းများ ဆောင်ရွက်စေရန်များ ပြောကြားခဲ့သည်။ ဇွန် ၁၈ ရက်တွင် ဆားလင်းကြီးမြို့နယ်၊ ကျားတက်ကျေးရွာ ကုန်စုံဆိုင်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် နေကြာစေ့၊ မြေပဲယို၊ နှမ်းယို၊ ဆန်ချောင်း ထုတ်လုပ်သော လုပ်ငန်းရှင် ခုနှစ်ဦးနှင့် တွေ့ဆုံပြီး အခန်း(၁၈) ပုဒ်မ (၄၁/၄၂/၄၃) ကုန်အညွှန်း အမှတ်အသားများအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားခြင်းနှင့် ကနီမြို့နယ် ဝင်မနား စံပြကျေးရွာရှိ ကုန်စုံဆိုင်ကြီးများအား COVID-19 ကာလအတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းမပြုစေရန် ခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်းက ရှင်းလင်းပြောကြားပြီး ဌာန၏ ပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့သည်။

**ခိုင်မို့မို့(မြင်းမူ)**



## မအူပင်မြို့နယ် ကမ်းနားလမ်းရှိ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူးဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲ တွင် ထိမအူပင်မြို့နယ် ကမ်းနားလမ်းရှိကုန်မျိုးစုံလက်ကားကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးပညာပေးဆောင်ရွက်ရာတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်ထားသော COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံး ကုန်ပစ္စည်းများ၊ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ အခန်း(၁၈)ကုန်အညွှန်းအမှတ်အသားများအကြောင်းကိုစားသုံးသူ၊ ထုတ်လုပ်ရောင်းချသူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားပြီး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**CONSUMER-MT**

## ကယားပြည်နယ်၊ စားသုံးသူရေးရာကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

ကယားပြည်နယ်၊ စားသုံးသူရေးရာကော်မတီ၏(၂/၂၀၂၀)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက် နေ့လယ် ၂ နာရီတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စားသုံးသူရေးရာ ကော်မတီဒုဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်စားသုံးသူရေးရာ ကော်မတီဒုဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူကာကွယ်ရေးဥပဒေသစ်ကို ၂၀၁၉ မတ် ၁၅ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး စားသုံးသူ နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင်လည်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဈေးကွက်အတွင်းထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးနှင့်စပ်လျဉ်း၍ ထုတ်လုပ်သောလုပ်ငန်းရှင်များက မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ကြောင်း၊ မိမိတို့ကယားပြည်နယ်အတွင်း စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက သောက်ရေသန့်တိုင်ကြားမှုနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခဲ့မှုတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များအား အသိပေးဆွေး နွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသောကော်မတီ အဖွဲ့ဝင်များကလည်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

**မိုင်သီဂီလင်း (စားသုံးသူ၊ ကယား)**

# အင်းတော်မြို့နယ် မဲဇာကျေးရွာဈေးအတွင်း ရှောင်တခင်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မဲဇာကျေးရွာ၊ မဲဇာဈေးအတွင်း COVID-19 ကာလအတွင်း စားသုံးသူပြည်သူများ အခြေခံစားသောက်ကုန်များ၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ အင်းတော်မြို့နယ် တာဝန်ခံဦးကြည်နိုင်ဦးမှဦးဆောင်၍ မိတ်ဖက်အဖွဲ့ ဝင်များဖြစ်သည့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မဲဇာ အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် ဇွန် ၁၉ ရက်တွင် မဲဇာဈေးအတွင်း/အပြင်ရှိ ဈေးဆိုင်များအား ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင်COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး ဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများအား ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ/မရှိ



ဈေးဆိုင်ပေါင်း ၁၅ ဆိုင်အား ဝင်ရောက်စစ်ဆေးရာ စားသောက်ကုန်များ၊ ဆေးဝါးများ၊ Mask နှင့်လက်သန့်စင်ဆေးရည်များ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိသည်ကို တွေ့ရှိရသော်လည်း စားသောက်ကုန်များအချို့တွင် ရက်လွန်အချိုရည်များ၊ မှိုတက်နေသော မုန့်များ၊ ကုန်အမှတ်တံဆိပ်မရှိသည့် စားသောက်ကုန်များ၊ FDAမှ တရားဝင်ထုတ်ပြန်ထားသော တားမြစ်စားသောက်ကုန်များ တွေ့ရှိရ၍ ဆက်လက်မရောင်းချရန် တားမြစ်သိမ်းဆည်းခဲ့ပြီး စားသုံးသူကာကွယ် ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**လှလှခိုင်(ကသာ)**

Vol: 20, No.18 Monday June 22 2020



# ကစားသမား ခေါ်ယူမှုအတွက် ငွေကြေး အလုံအလောက် သုံးခွင့်မရဟု မော်ရင်ဟိုပြော

စပါးအသင်းနည်းပြ မော်ရင်ဟိုက မိမိအသင်းအနေဖြင့် လာမည့်အပြောင်းအရွှေ့ ရာသီတွင် ကစားသမား ခေါ်ယူမှုအတွက် ငွေကြေး အလုံအလောက် သုံးစွဲခွင့် ရရှိမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

'စပါးအသင်းမှာ လာမယ့်ရာသီအတွက် ကစားသမားလိုအပ်မှုက ရှိနေပါတယ်။ လက်ရှိ အသင်းမှာ အားထားနေရတဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ အနာဂတ်ကလည်း မသေချာ မရေရာဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အတွက် နောက်ရာသီမှာ တိုက်စစ်ပိုင်းကစပြီး ပြဿနာရှိလာနိုင်ပါတယ်။ စပါးအသင်းရဲ့ လက်ရှိအနေအထားက ပြည့်စုံမှုမရှိပါဘူး။ နေရာစုံအတွက် ကစားသမားခေါ်ယူမှုတွေ မဖြစ်မနေလုပ်ရဖို့ရှိနေပါတယ်။ ဒီလို ခေါ်ယူနိုင်မှလည်း လာမယ့်ရာသီမှာ ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်စွမ်းရှိလာမှာပါ။ အသင်းမှာ ဘဏ္ဍာငွေ အခက်အခဲရှိနေတာကြောင့် ရာသီသစ်အတွက် ကစားသမားခေါ်ယူမှုမှာ ငွေကြေးအလုံအလောက်ရရှိဖို့ အခွင့်အလမ်း နည်းပါးနေပါတယ်'ဟု ပြောဆိုခဲ့သည်။

လတ်တလောကာလတွင် ချယ်လ်ဆီးအသင်းက လိုက်ဇစ်အသင်းမှ တိုက်စစ်မှူး တီမိုဝါနာကို အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သလို နောက်ထပ်လည်း ကစားသမားသစ်များခေါ်ယူရန် ပြင်ဆင်နေသည်ကို သိရကြောင်း၊ ထို့ပြင် မန်ယူအသင်းကလည်း ကစားသမားခေါ်ယူမှုတွင် ခြေသွက်လက်သွက်ရှိလာနိုင်ကြောင်း၊ အသင်းကြီးထဲတွင် မိမိတို့ တစ်သင်းတည်းသာ မျက်နှာငယ်ရဖွယ်ရှိနေကြောင်း စပါးအသင်းနည်းပြ မော်ရင်ဟိုက ထပ်မံပြောဆိုခဲ့သည်။

# ဘိုင်ယန်မြူးနစ်အသင်း ရာသီမကုန်မီ ချန်ပီယံဖြစ်

ဂျာမန်ဘွန်ဒက်စ်လီဂါမှ ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ မကုန်ဆုံးမီ အမှတ်ပေးချန်ပီယံဆုကို ရရှိသွားနိုင်ခဲ့ပြီ ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဇွန် ၁၇ ရက် နံနက်ပိုင်းက ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂)အဖြစ် ဝါဒါဘရီမင်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး လီဝန်ဒေါစကီး၏ သွင်းဂိုးတစ်ဂိုးတည်းဖြင့်အနိုင်ရရှိခဲ့သည်။ အဆိုပါ နိုင်ပွဲကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ဘောလုံးရာသီ ပြီးဆုံးရန် နှစ်ပွဲအလိုတွင် ဂျာမန်ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကို ရှစ်ကြိမ်ဆက်တိုက် ရရှိခြင်းဖြစ်ပြီး အသင်းသမိုင်းတစ်လျှောက်တွင် ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကို အကြိမ်(၃၀) မြောက် ရရှိခြင်းလည်းဖြစ်သည်။

ယခုနှစ်ရာသီတွင် ဂျာမန်ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကို ရှစ်ကြိမ်ဆက်တိုက် ရရှိခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းသည် လေဗာကူဆင်အသင်းနှင့် ဂျာမန်ပိုကယ် နောက်ဆုံးဗိုလ်လုပွဲ ကစားရန် ကျန်ရှိနေသေးသလို ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့တွင် ချယ်လ်ဆီးအသင်းကို အဝေးကွင်း၌ ၃-၀ ဂိုးဖြင့် အနိုင်ရထားပြီး အိမ်ကွင်းတွင် ဒုတိယအကျော့ပွဲစဉ် ကစားရန်ရှိနေသေးသည်။ ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံဆုဖလားများ ထပ်မံရရှိရန် နီးစပ်နေသည့်အသင်းဖြစ်သည်။



# ဂျက်ဂရီးရယ်လက်ချ်ကို ပေါင်သန်း ၈၀ ဖြင့် မန်ယူအသင်း ကမ်းလှမ်း



မန်ယူအသင်းသည် အက်စ်တွန်ဗီလာအသင်းမှ အသင်းခေါင်းဆောင် ဂျက်ဂရီးရယ်လက်ချ်ကို ခေါ်ယူနိုင်ရန်အတွက် ပေါင်သန်း ၈၀ ဖြင့် စတင်ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

အသက်(၂၄)နှစ်ရှိ ဂျက်ဂရီးရယ်လက်ချ်သည် မိခင်နိုင်ငံ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်း မခံရသော်လည်း အင်္ဂလန် ယူ-၂၁ အသင်းတွင် ပါဝင်ကစားခဲ့ဖူးသည်။

လက်ရှိအချိန်တွင် ဂျက်ဂရီးရယ်လက်ချ်သည် အက်စ်တွန်ဗီလာအသင်းတွင် အသင်းခေါင်းဆောင်ဖြစ်ပြီး တောင်ပံပိုင်းနှင့် နောက်ချန်တိုက်စစ်မှူးအဖြစ်ပါ ကစားနေသူဖြစ်သည်။

လက်ရှိ မန်ယူအသင်းတွင် ထိပ်တန်းတိုက်စစ်မှူး တစ်ဦး မဖြစ်မနေလိုအပ်နေသလို ကွင်းလယ်ပိုင်းတွင်လည်း အတွေ့အကြုံရင့်ကျက်သည့် ကစားသမားကောင်း လိုအပ်နေသည်။

'ကျွန်တော်တို့အသင်းမှာ တိုက်စစ်မှူးကောင်း တစ်ဦး လိုအပ်နေသလို ကွင်းလယ်ပိုင်းမှာလည်း အရည်အချင်းပြည့်ဝတဲ့ ကစားသမားကောင်း လိုအပ်နေပါတယ်။ ဒါကြောင့် လာမယ့် အပြောင်းအရွှေ့ရာသီမှာ အသင်းအတွက် ကစားသမားကောင်းတွေ ခေါ်ယူအားဖြည့်သွားဖို့ ရှိနေပါတယ်'ဟု မန်ယူအသင်း၏ ဒုဥက္ကဋ္ဌဖြစ်သူ အက်ဝုဒ်ဝတ်ဒ်က မီဒီယာများကို ပြောသည်။

မန်ယူအသင်းအနေဖြင့် ဒေါ့မွန်အသင်းမှ တောင်ပံကစားသမား ဂျာဒွန်ဆန်ချိုနှင့် စပါးအသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်းတို့ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေသလို လက်စတာအသင်းမှ ဂျိမ်းစ်မက်ဒီဆင်ကိုလည်း ခေါ်ယူရန် ပြင်ဆင်နေကြောင်း အက်ဝုဒ်ဝတ်ဒ်က ထပ်မံပြောဆိုထားသည်။

**ဟန်နေသစ် စုစည်းသည်**

| CHELSEA'S TOP EARNERS AFTER SIGNING TIMO WERNER | |
|---|---|
| PLAYER | WEEKLY WAGE |
| TIMO WERNER | £170,000 |
| KEPA ARRIZABALAGA | £150,000 |
| N'GOLO KANTE | £150,000 |
| CHRISTIAN PULISIC | £145,000 |
| WILLIAN | £120,000 |
| CALLUM HUDSON-ODOI | £120,000 |
| JORGINHO | £110,000 |
| OLIVIER GIROUD | £110,000 |
| MATEO KOVACIC | £105,000 |
| ROSS BARKLEY | £100,000 |
| PEDRO | £100,000 |



# ချယ်လ်ဆီးအသင်း တီမိုဝါနာကို ပေါင် ၅၃ သန်းဖြင့် အပြီးသတ်ခေါ်ယူ

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် လိုက်ဇစ်အသင်းမှ ဂျာမနီ လက်ရွေးစင်တိုက်စစ်မှူး တီမိုဝါနာကို ပြောင်းရွှေ့ကြေး ပေါင် ၅၃ သန်းဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။

ချယ်လ်ဆီးအသင်းသည် အသက်(၂၄)နှစ်ရှိ တီမိုဝါနာကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ၎င်းကစားသမားသည် ချယ်လ်ဆီးအသင်းတွင် တစ်ပတ်လုပ်ခလစာ ပေါင် ၁၇၅၀၀၀ ရရှိမည်ဖြစ်ခြင်းကြောင့် အသင်းတွင် လစာအများဆုံး ကစားသမားလည်း ဖြစ်လာမည်ဖြစ်သည်။

'ချယ်လ်ဆီးအသင်းနဲ့ ငါးနှစ်သက်တမ်းရှိတဲ့ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့တာကို ကျွန်တော် အလွန်ပင် ဝမ်းသာရပါတယ်။ ချယ်လ်ဆီးလို ထိပ်တန်းအသင်းကြီးမှာ ကစားခွင့်ရတာကိုလည်း ကျွန်တော် များစွာဂုဏ်ယူမိပါတယ်။ လေးနှစ်တာကာလအတွင်း ကျွန်တော့်ကို ထောက်ပံ့ပေးခဲ့ကြတဲ့ လိုက်ဇစ်အသင်းနဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်'ဟု တီမိုဝါနာက ပြောဆိုခဲ့သည်။

ချယ်လ်ဆီးအသင်းနည်းပြ လမ်းပတ်က မိမိတို့အသင်းအနေဖြင့် တီမိုဝါနာကိုခေါ်ယူနိုင်ခဲ့သည်မှာ ကြီးမားသည့် ကစားသမားခေါ်ယူမှုတစ်ရပ်ဖြစ်ကြောင်း၊ အသင်းတွင် လိုအပ်နေသည့် တိုက်စစ်ပိုင်းပြဿနာကို တီမိုဝါနာက ကောင်းစွာဖြည့်ဆည်းပေးနိုင်မည်ကို ယုံကြည်ထားကြောင်း၊ နောက်ထပ်လည်း ထိပ်တန်းကစားသမားများကို ခေါ်ယူသွားရန် ပြင်ဆင်နေကြောင်း ပြောဆိုသည်။ ချယ်လ်ဆီးအသင်းသည် တီမိုဝါနာကို ခေါ်ယူပြီးနောက်တွင် အသင်း၏ကွင်းလယ်ကစားသမား ကန်တီကို ရောင်းထုတ်သွားရန် ရှိနေသလို လေဗာကူဆင်အသင်းမှ ကီရာဟာဗက်ဇ်နှင့် လက်စတာအသင်းမှ ဘင်ချီဝဲလ်တို့ကိုလည်း ထပ်မံခေါ်ယူသွားရန် ပြင်ဆင်နေကြောင်း အင်္ဂလန်မီဒီယာများက ရေးသားဖော်ပြနေကြသည်။

# ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ် စင်ကာပူ၊ ချီလီနှင့် နယူးဇီလန်နိုင်ငံတို့ လက်မှတ်ရေးထိုး

စင်ကာပူ၊ ချီလီနှင့် နယူးဇီလန်နိုင်ငံတို့အကြား ဒီဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Digital Economy Partnership Agreement – DEPA) ကို စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Chan Chun Sing၊ ချီလီနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Teodoro Ribera Neumann နှင့် နယူးဇီလန်နိုင်ငံ ကုန်သွယ်ရေးနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး David Parker တို့က ဇွန် ၁၂ ရက်တွင် video conference ပြုလုပ်၍ အီလက်ထရွန်နစ် နည်းလမ်းဖြင့် (electronically) လက်မှတ်ရေးထိုးခဲ့ကြသည်။

DEPA သည် စင်ကာပူနိုင်ငံ၏ ပထမဆုံး ဒီဂျစ်တယ်စီးပွားရေး သဘောတူစာချုပ်ဖြစ်ပြီး ၎င်းသဘောတူစာချုပ်သည် ဒီဂျစ်တယ် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ကြရန် ၎င်းတို့၏ကတိကဝတ်များကို ခိုင်မာစေကြောင်း၊ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ အဓိက ပေါ်ပေါက်လာသော ကိစ္စရပ်များကို လက်တွဲဆောင်ရွက်ကြရန်နှင့် ၎င်းတို့၏ မတူညီသောစနစ်များအကြား သတင်းအချက်အလက်များ အသုံးပြုနိုင်မှုနှင့် ဖလှယ်နိုင်မှုတို့ကို အားပေးမြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ချီလီနှင့် နယူးဇီလန်နိုင်ငံများရှိ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့်အတူ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို ဒီဂျစ်တယ် နည်းလမ်းဖြင့် ထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သောကြောင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်တိုးတက်ခြင်း၊




ကုန်ကျစရိတ် သက်သာခြင်းနှင့် လုပ်ငန်းများအကြား ယုံကြည်မှု တည်ဆောက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အီလက်ထရွန်နစ် နည်းလမ်းဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကလည်း COVID-19 ကာလအတွင်း စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဒီဂျစ်တယ်နည်းလမ်းက ဖန်တီးပေးနေသော အခွင့်အလမ်းများဖြစ်ပါကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်း ဒီဂျစ်တယ် စီးပွားရေးအသွင်ကူးပြောင်း ဆောင်ရွက်မှုကို များစွာ အရှိန်မြှင့်တင်ပေးခဲ့ပြီဖြစ်ကြောင်း၊ လုပ်ငန်းများက ဒီဂျစ်တယ်နည်းလမ်းဖြင့် ပိုမိုဆောင်ရွက်လာကြပြီဖြစ်ရာ အဆင်ပြေချောမွေ့မှုရှိစေရေး ကူညီပေးနိုင်ရန်အတွက် DEPA ကဲ့သို့သော သဘောတူ စာချုပ်များသည် ပို၍ပင်အရေးပါလာကြောင်း၊ လုပ်ငန်းများအနေဖြင့် ဒီဂျစ်တယ် စီးပွားရေးမှ ပေါ်ပေါက်လာသောအခွင့်အလမ်းများကို ပိုမိုဖမ်းဆုပ်နိုင်ရန်နှင့် ဒီဂျစ်တယ်ချိတ်ဆက်မှု ပိုမိုခိုင်မာအားကောင်းလာစေရန် ချီလီ၊ နယူးဇီလန်နိုင်ငံတို့နှင့် အနီးကပ် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး၊ သဘောထားတူညီသော မိတ်ဖက်နိုင်ငံများနှင့်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Chan Chun Sing က ပြောကြားသည်။

စင်ကာပူ၊ ချီလီနှင့် နယူးဇီလန်နိုင်ငံတို့သည် DEPA ၏ အဓိကလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပူးတွဲစီမံကိန်းများဖြင့် စတင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်လျက် ရှိကြောင်း၊ စင်ကာပူသည် နိုင်ငံတကာဈေးကွက်များသို့ ပိုမိုဝင်ရောက်နိုင်ရန်နှင့် ဒီဂျစ်တယ် စီးပွားရေးအသွင်ကူးပြောင်း ဆောင်ရွက်ခြင်းမှ အကျိုးအမြတ်ရရှိနိုင်ရန် DEPA နှင့် ကိုက်ညီသည့် SME Go Digital programme နှင့် Nationwide E-invoicing Network စသည့် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုမြှင့်တင်ရေး အစီအစဉ်များတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် အားပေးပံ့ပိုးလျက်ရှိကြောင်း ဖော်ပြထားပါသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့**
**သတင်းရင်းမြစ် ။ ။ Ministry of Trade & Industry, Singapore**

## COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် အာရှနှင့် ပစိဖိတ်ဒေသအတွက် ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းချက်အား ပြန်လည်လျှော့ချသွားမည်

အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) ကထုတ်ပြန်မည့် ကမ္ဘာ့စီးပွားရေးသုံးသပ်ချက်တွင် အာရှ နှင့် ပစိဖိတ်ဒေသအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ခန့်မှန်းချက်အား ပြန်လည် ပြင်ဆင်သွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပထမလေးလပတ်တာ ကာလအတွင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး တိုးတက်နှုန်းသည် အကျဘက်သို့ ဦးတည်လျက်ရှိပြီး အချို့သောနိုင်ငံများသည် ကမ္ဘာ့ကပ်ရောဂါ ပျံ့နှံ့မှုအား ထိန်းချုပ်ရန် ခက်ခဲလျက်ရှိသည့်အတွက် အဆိုပါနိုင်ငံများ၏ စီးပွားရေးအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာသည်။

IMF အနေဖြင့် ကမ္ဘာ့စီးပွားရေး အပေါ် သုံးသပ်ချက်အသစ်အား ၂၀၂၀ ပြည့်နှစ် ဇွန် ၂၄ ရက်တွင် ထုတ် ပြန်ရန် မျှော်မှန်းထားသည်။ အဆိုပါ သုံးသပ်ချက်တွင် မျှော်မှန်းထားသည်ထက် ပိုမိုကြာမြင့်စွာ ပိတ်ဆို့ထားခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုသည် အကျဘက်သို့ ဦးတည်လျက် သွယ်ဝိုက်အကျိုးသက်ရောက်မှုများ မြင့်တက်လာခြင်းတို့ကြောင့် IMF အနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်များအားပြန်လည်ပြင်ဆင်သွားမည် ဖြစ်သည်။ IMF မှ ၂၀၂၀ ပြည့်နှစ် ဧပြီအတွင်း ထုတ်ပြန် ခဲ့သည့် ကမ္ဘာ့စီးပွားရေးသုံးသပ်ချက်တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်နှုန်းအား ၁၉၆၀ ပြည့်လွန်နှစ်များမှစတင်၍ အနိမ့်ဆုံးနှုန်းဖြစ်သည့် သုညရာခိုင် နှုန်း၌ ရှိနေမည်ဟု ခန့်မှန်းထားသည်။ တရုတ်နိုင်ငံအနေဖြင့် ၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အသင့်အတင့် တိုးတက်မည်ဟု ခန့်မှန်းထားသည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံအတွင်း ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုအား လျင်မြန်စွာ ထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီး တည်ငြိမ်မှုရှိစေမည့် မူဝါဒ အထောက်အပံ့၊ စီမံဆောင်ရွက်မှုများအား အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ဒုတိယလေးလပတ်အတွင်း၌လည်း ကမ္ဘာ့ကုန်သွယ်ရေး ဆက်လက်ကျဆင်းမည်ဖြစ်ပြီး တရုတ်နိုင်ငံအနေ ဖြင့်လည်း ရှောင်လွှဲနိုင်မည်မဟုတ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှနောက်ဆုံး ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်အတွင်း အရှေ့အာရှပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုသည် သုည ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်သည်။

အဆိုပါဒေသသည် ယခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည့် တစ်ခုတည်းသော ဒေသဖြစ်ကြောင်း၊ တောင်အာရှဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာမူ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုအပေါ် အပြည့်အဝပြန်လည် ခုခံသွားရန်လိုအပ်ကြောင်း၊ အကယ်၍ ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက အသုံးစရိတ်များအား ကျန်းမာရေးအတွက် လွှဲပြောင်း အသုံးပြုသင့်သည်ဟု IMF အကြီးတန်း အရာရှိက ပြောကြားခဲ့သည်။

**source:https://www.global times.cn/content/1191146.shtml**
**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့။**

## ကမ္ဘာ့ကုန်သွယ်ရေး ပြန်လည် ရှင်သန်နိုးထလာစေရေး ကူညီပေးရန် ကန်တုန်ပြပွဲအား ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကျင်းပ

တရုတ်သွင်းကုန်ပို့ကုန်ပြပွဲအား ကျင်းပလာသည်မှာ (၆၃)နှစ်အတွင်း (၁၂၇)ကြိမ် မြောက်ရှိပြီဖြစ်သည်။ ယခုနှစ်အတွင်း COVID-19 ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးမတည်မငြိမ် ကမောက်ကမများ ဖြစ်နေစဉ်တွင် ကုန်စည်ထောက်ပံ့မှုများနှင့် လုပ်ငန်းဆိုင်ရာ ကွင်းဆက်များအား တည်ငြိမ်စေရေးကူညီပေးရန် ၎င်းပြပွဲ၏သမိုင်းတွင် ပထမဆုံးအကြိမ် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်ပြသသည့် ပွဲအဖြစ် စတင်ကျင်းပလိုက်ပြီဖြစ်သည်။

ကန်တုန်ပြပွဲဟု လူသိများကြသည့် ၎င်းပြပွဲအား တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပလေ့ရှိပြီး ယခု အကြိမ်ပြပွဲအား ဇွန် ၁၆ ရက် မှ ၂၄ ရက်နေ့အထိ ကွမ်တုန်းပြည်နယ်၊ ကွမ်ကျိုးတွင် ကျင်းပလျက်ရှိသည်။ ဖွင့်ပွဲအခမ်းအနားအား အွန်လိုင်းမှ ကျင်းပခဲ့ခြင်းဖြစ်သည်။ ၎င်းပြပွဲကျင်းပခြင်းမှာ ကပ်ရောဂါဖြစ်ပွားနေခြင်းကြောင့် နိုင်ငံအများအပြားရှိ စီးပွားရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေများ နှောင့်နှေးနေကြသော်လည်း တရုတ်ဘက်မှ ကုန်စည်ထောက်ပံ့သူများနှင့် ဆက်သွယ်ရန် ဆန္ဒရှိကြသည့် နိုင်ငံခြားဖောက်သည်များထံမှ နွေးထွေးသည့် တုန့်ပြန်မှုကို ဆွဲဆောင်နိုင်ကြောင်း ပြပွဲကျင်းပရေးကော်မတီ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Li Jinqi က ပြောကြားခဲ့သည်။

ပြပွဲတွင် ကုန်စည်အမျိုးအစားအုပ်စု ၁၆ ခုအပေါ် ပြပွဲခင်းကျင်းပြသသည့်ဧရိယာ ၅၀ ရှိပြီး တရုတ်ပို့ကုန်ဦးစားပေးကုမ္ပဏီပေါင်း ၂၅၀၀၀ အား ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကုန်စည်ရောင်းချသူနှင့် ဝယ်ယူသူတို့အကြား တွဲဖက်ညီမှုကို မြှင့်တင်ရန် ရောင်းချသူတို့က ကုန်စည်နှင့် ဝန်ဆောင်မှုပေါင်း ၁ ဒသမ ၈ သန်းအား ဓာတ်ပုံများ၊ ဗီဒီယိုများနှင့် 3D ပုံစံများဖြင့် ခင်းကျင်းပြသကြလျက် စီးပွားရေး ညှိနှိုင်းမှုများအား ၂၄ နာရီပြုလုပ်နိုင်ကြမည်ဖြစ်ကြောင်း ပြပွဲကျင်းပသူများက ပြောကြားထားပါသည်။

နိုင်ငံခြားမှ ဝယ်ယူသူများက ၂၄ နာရီ livestreaming platform ပေါ်တွင် မှတ်ပုံတင်နိုင်ကြပြီး ပြပွဲကာလ၏ မည်သည့် အချိန်၌မဆို ဝယ်ယူသည့် ညှိနှိုင်းဆွေးနွေးမှုများကို စတင်နိုင်ကြကာ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအား မြှင့်တင်ရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးရလဒ်များဖြစ်ထွန်းစေရန်အလို့ငှာ ကုမ္ပဏီအားလုံးတို့အား ပြပွဲကြေး ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကြီးမားကျယ်ပြန့်သော ဈေးကွက်အခွင့်အလမ်းများကို အခြား နိုင်ငံများအား ဝေမျှရေးအတွက် လုပ်ငန်းများအား ကူညီရန်နှင့် သွင်းကုန်လွယ်ကူ ချောမွေ့စေခြင်းကို မြှင့်တင်ပေးရန် ဆက်လက်၍ ကြိုးစားပေးကြရေးအတွက် ဝန်ကြီးချုပ် မစ္စတာ လီခကျန်းက ပြပွဲဖွင့်ပွဲမိန့်ခွန်းပြောကြားစဉ် တောင်းဆိုခဲ့ကာ၊ နိုင်ငံတကာမှ လုပ်ငန်းနှင့် ကုန်စည်ကွင်းဆက်များ စိတ်ချရစေရန်နှင့် တံခါးဖွင့်မှု ကျယ်ပြန့်လာစေရန် နိုင်ငံရှိ လုပ်ငန်းများ၏ ဖြေရှင်းနည်းတစ်ရပ်အဖြစ် ဤကဲ့သို့သော အွန်လိုင်းပြပွဲမျိုး ကျင်းပရေးအတွက် တရုတ်က ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ရင်းမြစ်၊ China Daily**
**ဒေါက်တာရွှေဇင်ကို၊ နန်နင်းမြို့**

# အိန္ဒိယနိုင်ငံ၌ အရည်အသွေးနိမ့် ကုန်စည်များ တင်သွင်းခြင်းမပြုရန် ပြဋ္ဌာန်းမည်

အိန္ဒိယနိုင်ငံမြောက်ပိုင်း Ladakh ဒေသနှင့် တရုတ်နိုင်ငံတို့ နယ်နိမိတ် ထိစပ်နေသော Galwan တောင်ကြား ဒေသရှိ ထိန်းချုပ်မှုကြားခံနယ်မြေ (Line of Actual Control) တွင် နှစ်နိုင်ငံ တပ်ဖွဲ့များ ထိပ်တိုက်ရင်ဆိုင်လျက် ရှိရာမှ ဇွန် ၁၅ ရက်တွင် ထိတွေ့ခိုက်ရန်ဖြစ်ပွားခဲ့ရာ အိန္ဒိယနိုင်ငံဘက်မှ စစ်သည် ၂၀ သေဆုံးပြီး တပ်ဖွဲ့ဝင် အများအပြား ဒဏ်ရာရရှိခဲ့မှုကြောင့် ပြည်တွင်း လူမှုကွန်ရက် မီဒီယာများ၌ တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများအား သုံးစွဲခြင်း မပြုရန် လှုံ့ဆော်မှုများ ဖြစ်ပေါ်နေချိန်၌ အိန္ဒိယအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများမှ ထုတ်လုပ်သော ဈေးနှုန်းချိုသာပြီး အရည်အသွေးနိမ့်ကျသည့် ကုန်ပစ္စည်းများ တင်သွင်းမှုမရှိ စေရန်အတွက် လုပ်ထုံးလုပ်နည်းများကို မကြာမီ ထုတ်ပြန်ပြဋ္ဌာန်းမည်ဖြစ်ကြောင်း အိန္ဒိယ စားသုံးသူရေးရာ၊ အစားအစာနှင့် ပြည်သူ့ ဖြန့်ဖြူးမှုရေးရာဝန်ကြီး Mr. Ram Vilas Paswanu Economi က Times သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဝန်ကြီး Mr. Paswan က အိန္ဒိယ စံချိန်စံညွှန်းများဗျူရို (BIS) ကို အားကောင်းခိုင်မာစွာ တည်ထောင်ထားပြီး ဖြစ်ရာ လက်ရှိကာလ၌ ကုန်စည်အမျိုးအမည် ၂၅၀၀၀ ကျော်၏အိန္ဒိယနိုင်ငံ အမျိုးသားအဆင့် စံချိန်စံညွှန်းများအား ပြုစုထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ စံချိန် စံညွှန်း ဥပဒေအသစ်ကိုလည်း ပြဋ္ဌာန်း ထားပြီး ၎င်းဥပဒေအရ လုပ်ထုံးလုပ် နည်းများနှင့် စည်းကမ်းသတ်မှတ် ချက်များကို ရေးဆွဲပြုစုမှုမှာ နောက်ဆုံး အဆင့်သို့ ရောက်ရှိ နေပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်းများအား တင်ပို့ရာတွင် ပြည်ပ၌ တင်းကျပ်စွာ စစ်ဆေးခံရသော်လည်း ပြည်ပနိုင်ငံ များမှ ကုန်စည်များမှာမူ အရည်အသွေး ပိုင်းဆိုင်ရာ စစ်ဆေးကြပ်မတ်မှုမရှိဘဲ အိန္ဒိယသို့ တင်သွင်းခွင့်ရလျက်ရှိ ကြောင်း၊ သို့ဖြစ်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များ ထုတ်ပြန်ပြီးစီးပါက အရည်အသွေးစံမမီသည့် ထုတ်ကုန် များအား ပြည်တွင်းဈေးကွက်သို့ ဝင် ရောက်မှုမရှိအောင် တားဆီး ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေ အနေ၌ တရုတ်နိုင်ငံနှင့် နယ်စပ်ပြဿနာ ကိစ္စရပ်သည် ပေါ့ဆစွာ ကိုင်တွယ်၍မရ ကြောင်း၊ တစ်ဖက်တွင် သံတမန် နည်း လမ်းဖြင့် ဖြေရှင်း ဆောင်ရွက်နေချိန်၌ အိန္ဒိယနိုင်ငံသားများအနေဖြင့် တရုတ် နိုင်ငံထုတ် ကုန်ပစ္စည်းများကို ဝယ်ယူ သုံးစွဲမှုမပြုဘဲ သပိတ်မှောက်ခြင်းဖြင့် တုံ့ပြန်နိုင်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (WTO) ၏ စည်းမျဉ်းများအောက် တွင် အရည်အသွေးဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များဖြင့် သွင်းကုန်များ အား တားမြစ် ပိတ်ပင်နိုင်မှု ရှိ/မရှိကို ၎င်းအနေဖြင့် ပြောကြားနိုင်ခြင်း မရှိ သော်လည်း ပြည်သူလူထု၏ နိုးကြား သိမြင်မှုရှိပါက မည်သူကမျှ ၎င်းတို့၏ ထုတ်ကုန်များကို ဝယ်ယူတင်သွင်းရန် တွန်းအားပေး၍ ရမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာ၌ ပိုမိုကျယ် ပြန့်သည့် မဟာဗျူဟာဖြင့် လုပ်ဆောင် နိုင်ရန်မှာ ဘဏ္ဍာရေးနှင့် ကူးသန်း ရောင်းဝယ်ရေးတို့ကဲ့သို့သော ဝန်ကြီး ဌာနများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးကြောင်း၊ ၎င်း၏ဌာနအနေ ဖြင့်မူ တရုတ်နိုင်ငံမှ ထုတ်လုပ်သော စံမမီသည့် ကုန်စည်များအား ဝယ်ယူ တင်သွင်းခြင်းကို လိုလားမှုမရှိကြောင်း စသည်ဖြင့် ပြောဆိုပါသည်။

နှစ်နိုင်ငံနယ်စပ်ပြဿနာဖြစ်ပွား မှုအပေါ် အိန္ဒိယကုန်သည်များ ကွန်ဖက် ဒရေးရှင်း (CAIT) က ပြည်တွင်းထုတ် ကုန်စည်များဖြင့် အစားထိုးသုံးစွဲနိုင် သည့် တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကုန်ပစ္စည်း ၃၀၀၀ ကျော်၏ အမျိုး အမည်စာရင်းအား ဇွန် ၁၇ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ပြီး ၎င်းကုန်ပစ္စည်းများ အား ဝယ်ယူသုံးစွဲခြင်းမပြုဘဲ သပိတ် မှောက်ရန် တိုက်တွန်းနှိုးဆော်လျက်ရှိ သည်။ သို့ရာတွင် အိန္ဒိယပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းများစွာသည် တရုတ် နိုင်ငံမှတင်သွင်းလာသည့် ကုန်ကြမ်း များအပေါ် မှီခိုနေရဆဲဖြစ်သည်။

ထိုကဲ့သို့ တရုတ်နိုင်ငံထုတ်ကုန် များအား သပိတ်မှောက်ပါက ၎င်းကုန် စည်များအပေါ် အမှီပြုနေရသည့် ပြည် တွင်းရှိ လုပ်ငန်းငယ်များအပေါ် သက် ရောက်နိုင်မှုနှင့်ပတ်သက်၍ Economic Times သတင်းဌာန၏ မေးမြန်းချက် အပေါ် Mr. Paswanu က ပုဂ္ဂိုလ်တစ်ဦး ချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၏ အရေး ကိစ္စထက် နိုင်ငံ၏အရေးကိစ္စကို ဦးစား ပေးရန် လိုအပ်ကြောင်း၊ ပြည်တွင်း လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပြည့်မီမှုနှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မှု ရှိအောင် ကြိုးစားဆောင်ရွက်ရန် လိုအပ် ကြောင်းနှင့် ဝန်ကြီးချုပ်၏ Atmanirbhar Bharat ခေါ် ကိုယ့်အားကိုယ်ကိုး ရပ် တည်နိုင်ရေး ရည်မှန်းချက်နှင့် အိန္ဒိယ တွင် ထုတ်လုပ်ရေး (MakeinIndia) တွန်းအားပေး လမ်းညွှန်ချက်တို့နှင့် အညီမလိုအပ်သော သွင်းကုန်များအား လျှော့ချရမည်ဖြစ်သည်ဟု ပြောကြား ခဲ့သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကိုရီးယားနိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် တစ်နာရီလျှင်ရရှိမည့် အနိမ့်ဆုံးအခြေခံလုပ်ခလစာနှုန်းသတ်မှတ်ရေး ဆွေးနွေး

ကိုရီးယားသမ္မတနိုင်ငံ အခြေခံ လစာသတ်မှတ်ရေးကော်မရှင် (Minimum Wages Commission) အနေဖြင့် ၂၀၂၁ ခုနှစ်အတွက် အနိမ့်ဆုံးအခြေခံလုပ်ခ လစာနှုန်းသတ်မှတ်ရေး အစည်းအဝေး ကို ဇွန် ၁၁ ရက်တွင် စတင်ကျင်းပလျက် ရှိပြီး လက်ရှိအနေအထားများအရ Coronavirus ကြောင့် ကိုရီးယားသမ္မတ နိုင်ငံ၏စီးပွားရေး အခြေအနေအပေါ် ရိုက်ခတ်မှု အနေအထားများအား ဆွေး နွေးရာတွင် စီးပွားရေးလုပ်ငန်းရှင်များ နှင့် အလုပ်သမားကိုယ်စားလှယ်များ သည် မတူညီ ကွဲပြားသော အမြင်များ ဖြင့် ရှုထောင့်အသီးသီးမှ ဆွေးနွေးတင်ပြ နေကြကြောင်း၊ ဆွေးနွေးမှုများအဆင် ပြေချောမွေ့စေရေး အားလုံးမှမျှော်လင့် လျက်ရှိကြကြောင်း သိရှိရသည်။

အနိမ့်ဆုံး အခြေခံလုပ်ခလစာ သတ်မှတ်ခြင်းကို နှစ်စဉ်သတ်မှတ် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် အတွက် အနိမ့်ဆုံးအခြေခံလစာနှုန်းမှာ တစ်နာရီလျှင် ကိုရီးယားဝမ် ၈၅၉၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၂) ဖြစ်ပြီး၊ ၂၀၁၉ ခုနှစ်ကနှုန်းထားထက် ၂ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုမြင့်မားသည့်နှုန်းထား ဖြစ်သည်။ Coronavirus ၏ ရိုက်ခတ်မှု ကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ရိုက်ခတ်မှုကြောင့် လက်ရှိအခြေအနေ များအရ ၂၀၂၁ ခုနှစ်အတွက်ကို မူလ နှုန်းထားအတိုင်း မပြောင်းလဲရန် သို့ မဟုတ် ထပ်မံလျှော့ချရန်ပင် တောင်း ဆိုဆွေးနွေးလျက်ရှိကြသည်။

Korea Enterprises Federation နှင့် Korea Federation of SMEs တို့မှ ကိုရီးယားအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ၆၀၀ အပေါ်တွင် ကောက်ခံခဲ့သော စစ်တမ်းများအရ စစ်တမ်းဖြေဆိုသူ ၈၈ ဒသမ ၁ ရာခိုင် နှုန်းမှ ၂၀၂၁ ခုနှစ်အတွက်ကို မူလ နှုန်းထားအတိုင်း မပြောင်းလဲရန် သို့ မဟုတ် ထပ်မံလျှော့ချရန် ဖြေဆိုခဲ့ကြ ကြောင်း၊ ထို့ပြင် အဆိုပါ စစ်တမ်းအရ ၅၈ ဒသမ ၈ ရာခိုင်နှုန်းသော အလုပ်ရှင် တို့သည် ထိုကဲ့သို့ ဆောင်ရွက်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်းလည်း သိရှိ ရသည်။ သို့ရာတွင် ကိုရီးယား အလုပ် သမားသမဂ္ဂ အဖွဲ့ချုပ်အပါအဝင် အလုပ် သမားကိုယ်စားလှယ်များဘက်မှမူ Corona virus ကြောင့် ဝင်ငွေနည်းသည့် အလုပ်သမားများအပေါ် ဆိုးကျိုးသက် ရောက်မှုများကို လျှော့ချနိုင်ရန် အလုပ် သမားများ၏ အခြေခံလုပ်အားခနှုန်းကို ပိုမိုတိုးမြှင့် ပေးသင့်ကြောင်း၊ ထိုသို့ တိုးမြှင့်ပေးခြင်းဖြင့် လက်ရှိရင်ဆိုင်နေရ သော ပြဿနာများကို ဖြေရှင်းရာ ရောက်သည့်အပြင် ပြည်တွင်း အသုံး စရိတ်များကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးခြင်းဖြင့် စီးပွားရေး နာလန် ထူရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မတူညီသောအမြင်ဖြင့် ဆွေးနွေးလျက် ရှိကြပါသည်။

Coronavirus ဆိုင်ရာ အကန့် အသတ်များကြောင့် ယခုနှစ်အစည်း အဝေးသည် မျက်နှာစုံညီကျင်းပနိုင်ရန် ယခင်နှစ်ကထက် နောက်ကျခဲ့ရကြောင်း၊ ယခင်နှစ်တွင် ၂၀၁၉ ခုနှစ်၊ မေလ နှောင်းပိုင်းကတည်းက စတင်ကျင်းပ နိုင်ခဲ့ကြောင်း၊ သမ္မတမွန်ဂျေအင်းအနေ ဖြင့် ၂၀၁၇ ခုနှစ်တွင် အာဏာရရှိခဲ့ပြီး သည့်နောက် ငါးနှစ်တာ သမ္မတသက် တမ်းအတွင်း အနိမ့်ဆုံးအခြေခံလစာ နှုန်းထားကို တစ်နာရီလျှင် ကိုရီးယား ဝမ် ၁၀၀၀၀ နှုန်းအထိ တိုးမြှင့်ပေးသွား မည်ဟု ကတိပြုထားခဲ့မှုလည်းရှိကြောင်း၊ အနိမ့်ဆုံးအခြေခံလစာနှုန်းထားသည် ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၉ ရာခိုင် နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းအသီးသီးတိုးမြှင့်ပေးခဲ့ပြီး သည့်နောင်လာမည့် ၂၀၂၁ ခုနှစ်အတွက် မှု ၁၆ ဒသမ ၄ ရာခိုင်နှုန်း တိုးမြှင့်သွား ဖွယ်ရာရှိကြောင်း အချို့က ခန့်မှန်း သုံးသပ်လျက်ရှိသည်။

အလုပ်သမား၊ စီးပွားရေးနယ်ပယ် နှင့် အစိုးရပိုင်းတို့မှ ကိုယ်စားလှယ် ကိုးဦးအပါအဝင် စုစုပေါင်းကိုယ်စား လှယ် ၂၇ ဦးပါဝင်သော Minimum Wages Commission သည် ဆွေးနွေးမှု များကို ဆက်လက်ဆွေးနွေးလျက်ရှိပြီး လာမည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် (၅) ရက်တွင် ၂၀၂၁ ခုနှစ်အတွက် တစ်နာရီ အတွက် အနိမ့်ဆုံးအခြေခံလစာနှုန်း ထားကို တရားဝင်ထုတ်ပြန် ကြေညာ သွားမည်ဖြစ်သည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး**
**(မြန်မာသံရုံး၊ ဆိုးလ်မြို့)**
Source: The Korea Herald

စာမျက်နှာ (၂၉) မြန်မာ့သရက်တိုးတက်ဖို့ တန်ဖိုးမြှင့် . . . မှအဆက်

### သရက်သီးစည်သွတ်

သရက်သီးကိုစည်သွတ် (ခေါ်) Canned Mango Fruit သရက်သီး Canned Food သည်နိုင်ငံတကာဈေးကွက်တွင် နာမည်ကျော်ကြားသော တာရှည်ခံစားသောက်ကုန်တစ်မျိုးဖြစ်ပါသည်။

### သရက်သီးသနပ်နှင့် သရက်ပျဉ်

မြန်မာလူမျိုးများ၏ စားသောက်ဖွယ်ရာအရံဟင်းများထဲတွင် သရက်သီးသနပ်သည် အမယ်တစ်မျိုးအဖြစ် ပါဝင်လျက်ရှိသည်။ သရက်သီးသနပ်ကို မြန်မာအများစုသည် ကျွမ်းကျင်စွာ ထုတ်လုပ်တတ်ကြသောကြောင့် ပြည်ပနိုင်ငံများသို့ စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရန် ကြိုးစားသင့်ပါသည်။ အိမ်နီးချင်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများတွင် သရက်သီးသနပ်စားသုံးမှုဓလေ့များစွာရှိပြီးသာ ဖြစ်ပါသည်။ ထို့ပြင် သရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် မြန်မာလူမျိုးတို့သည် အချိုတည်းစရာအဖြစ် သရက်ပျဉ်ပြုလုပ်စားသုံးလေ့ရှိပေသည်။ သရက်သီးနှင့်ပတ်သက်သည့် ထုတ်ကုန်များနှင့်ပတ်သက်၍ စီးပွားဖြစ်အမြောက်အမြားထုတ်လုပ်ပါက နည်းပညာပိုင်းဆိုင်ရာ Pilot Skill များဖြင့် ဦးစွာတွက်ချက်စမ်းသပ်၍ စက်မှုဓာတုအင်ဂျင်နီယာများ၏ ပညာရပ်ဖြင့် စက်ရုံဒီဇိုင်းဆွဲခြင်း တို့ကိုပြုလုပ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်သရက်သီးပွဲတော်ကို စည်ကား သိုက် မြိုက်စွာ ကျင်းပလျက်ရှိသည်။ မြန်မာသရက်ကို ကမ္ဘာက ပိုမိုသိရှိလာစေရန်နှင့် သရက်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသည့် နေရာတွင် ခိုင်မာသည့်ဈေးကွက်ဖြစ်လာစေရန် အချင်းချင်းချိတ်ဆက်မှု ရရှိစေရန်ဖြစ်ကြောင်း သိရ၏။ ဈေးကွက်ထိုးဖောက်မှုရှိစေရန် များစွာသောတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်ကြိုးပမ်းရမည်ဖြစ်ပြီး အရည်အသွေးမြင့်မားစေရန်အဓိကလိုအပ်လျက်ရှိပါသည်။ သရက်သီးသည်လည်းမြန်မာနိုင်ငံ၏ စီးပွားရေးဈေးကွက်အနေဖြင့် တစ်ထောင့်တစ်နေရာမှ အမြဲပါဝင်လျက်ရှိသည်ဟု တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

# ကမ္ဘာ့ဘဏ်အနေဖြင့် GDP အပေါ် လျှော့ချဖြတ်တောက်

ကမ္ဘာ့ဘဏ်အနေဖြင့် ထောက်ပံ့ရေး ကွင်းဆက်ပြတ်တောက်မှုနှင့် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းမှ ပိတ်ဆို့မှုများကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်စေခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် ထိုင်းနိုင်ငံ၏GDP အလားအလာကို ယခင် ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မှုမှနေ၍ (-၅) ရာခိုင်နှုန်းသို့ သိသိသာသာ လျှော့ချဖြတ်တောက်ခဲ့သည်။ စက်ရုံများ ပိတ်သိမ်းခြင်းနှင့် အလယ်အလတ်အဆင့် သွင်းအားစုထုတ် လုပ်ခြင်းများကို အနှောင့်အယှက်ဖြစ်စေခြင်းများက ကမ္ဘောဒီးယား၊ မလေးရှား၊ မြန်မာနှင့် ထိုင်းနိုင်ငံများသို့ ထောက်ပံ့ရေး ကွင်းဆက်အပေါ် ဆိုးကျိုးများ သက်ရောက်စေခဲ့သည်ဟု ကမ္ဘာ့ဘဏ်၏ ၂၀၂၀ ပြည့်နှစ် ဇွန်လကထုတ်ပြန်သော "Global Economic Prospects Report"တွင် ဖော်ပြထားသည်။

ပြည်တွင်း ကန့်သတ်ချက်များနှင့် ပြင်ပမှအကျိုးဆက်များကြောင့် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် ကုန်စည် စီးဆင်းမှုများ သိသိသာသာ ကျဆင်းခြင်းကို ဖြစ်ပေါ်စေခဲ့ပြီး နိုင်ငံအများစုအတွက် အာရှဘဏ္ဍာရေး အကျပ်အတည်း ကာလတည်းကစ၍ သိသိသာသာ ကျဆင်းခြင်းကို ဖြစ်ပေါ်စေခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။ အလားတူ ခရီးသွားလာမှု လျှော့ချခြင်း၊ ကုန်သွယ်မှုနှင့် ထုတ်လုပ်မှု အပေါ် အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘဏ္ဍာရေးဈေးကွက်မှ အကျိုးသက်ရောက်မှုများနှင့် မလေးရှားနိုင်ငံ၌ ကုန်ပစ္စည်းတန်ဖိုးများကျဆင်းခြင်းတို့၏ သက်ရောက်မှုများကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၏ဒေသတွင်းစီးပွားရေး အလားအလာအား ကိုရိုနာဗိုင်းရပ်စ်၏ ဒုတိယလှိုင်းကို ရှောင်ကွင်းလျက် အဓိက စီးပွားရေးနိုင်ငံများအပေါ် ခန့်မှန်းထားသည်။ အဆိုပါ စီးပွားရေး အလားအလာကို တရုတ်နိုင်ငံတွင် ပထမသုံးလပတ်၌ စီးပွားရေးကျုံ့သွားခြင်းဖြစ်သည်ဟု ယူဆခဲ့ပြီး ဒုတိယသုံးလပတ်တွင်ကျန်ရှိသည့် ဒေသတွင်းများတွင် အလားတူ ကျဆင်းပြီး တဖြည်းဖြည်းနှင့် စဉ်ဆက်မပြတ်ပြန်လည်နာလန်ထူလာမည်ဟု ယူဆထားသည်။

စီးပွားရေး အလားအလာအား အဓိကစီးပွားရေးနိုင်ငံများမှ အကောင်အထည်ဖော်နေသည့် ကြီးမားသော ဘဏ္ဍာရေးနှင့် ငွေကြေးအထောက်အပံ့ အစီအမံများသည် ကြာရှည်သော စီးပွားရေးကျဆင်းမှုနှင့် ဘဏ္ဍာရေး အကျပ်အတည်းများကို တားဆီးရာတွင် အောင်မြင်သည်ဟူသည့် ယူဆချက်အပေါ် တွင်လည်း အခြေခံထားသည်။ ၂၀၂၀ ပြည့်နှစ် ဒုတိယနှစ်ဝက်တွင် ကမ္ဘာ့သွင်းကုန်ဝယ်လိုအား ပြန်လည်မြင့်တက်လာခြင်း၊ ကမ္ဘာ့ဘဏ္ဍာရေးအခြေအနေပုံမှန်ဖြစ်လာခြင်း၊ ဒေသတွင်းသို့ အရင်းအနှီးများပြန်လည်စီးဝင်ခြင်းနှင့် တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်ရေးတင်းမာမှုများ မြင့်တက်လာမှုမရှိဟု ယူဆကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၏အဆိုအရ ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၁ ခုနှစ်တွင် တိုးတက်မှုနှုန်း ၄ ဒသမ ၁ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိရန် မျှော်မှန်းထားပြီး ယခင်ခန့်မှန်းထားသည် ထက် ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကြောင်း သိရှိရသည်။ သို့ရာတွင် ရောဂါဖြစ်ပွားမှုတိုးတက်နေဆဲနိုင်ငံများ၏ ဒုတိယလှိုင်းကူးစက်မှုသည် အမှန်တကယ်ဖြစ်နိုင်ခြေရှိနေသည်။ ကိုဗစ်-၁၉ ဆေးရုံတက်သည့် လူနာများအရေအတွက် သိသိသာသာ တိုးတက်လာခြင်းက ဒေသတွင်းရှိကျန်းမာရေး စောင့်ရှောက်မှု စနစ်များအပေါ် တွင် ဖိအားများ တိုးလာနိုင်သည်ဟု ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဂျပန်နှင့် ဗြိတိန်တို့အကြား Brexit အလွန်ကာလအတွက် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် စတင်ဆွေးနွေး

ဂျပန်အစိုးရနှင့် ဗြိတိန်အစိုးရများအကြားဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ပြီးနောက်ပိုင်းကုန်သွယ်ရေး သဘောတူညီချက်အသစ်များ ညှိနှိုင်းဆွေးနွေးရေးစတင်ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံစလုံးအနေဖြင့် ယခုနှစ်အကုန်တွင် အကျိုးသက်ရောက်မှုရှိမည့် နှစ်နိုင်ငံအကြားကုန်သွယ်ရေးသဘောတူညီချက်ကိုလာမည့် နွေရာသီခန့်တွင် စတင်အကောင်အထည်ဖော်ရန် မျှော်လင့်နေကြသည်။ အဓိကရည်မှန်းချက်မှာ ဂျပန်မှ ဗြိတိန်သို့ တင်ပို့သည့် မော်တော်ကားနှင့် ၎င်းနှင့်ဆက်စပ်ပစ္စည်းများအတွက် အကောက်ခွန်နှုန်းဆိုင်ရာကိစ္စနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုပိုင်းသဘောတူညီချက်ကိုဦးစားပေးဆောင်ရွက်ရန်ဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. ToshimitsuMotegi နှင့် ဗြိတိန်နိုင်ငံ နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာအတွင်းဝန်ဖြစ်သူ Ms. Liz Truss တို့သည် အင်တာနက်မှတစ်ဆင့် ဆွေးနွေးခဲ့ကြပြီး ယခုအကောင်အထည်ဖော်ရန် ပြင်ဆင်နေသည့် သဘောတူညီချက်သည် ဗြိတိန်နှင့် ဂျပန်နှစ်နိုင်ငံအကြားကုန် သွယ်ဆက်ဆံမှုကို ထပ်မံချဲ့ထွင်မည့် ကိစ္စရပ်ဖြစ်ပါကြောင်း Ms. Liz Truss ကပြောကြားခဲ့သည်။ Mr. ToshimitsuMotegiကလည်းအဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံအကြား ကိုရိုနာကပ်ဘေးအလွန်ကာလအတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အပံ့ပြုစေမည့် အချက်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဂျပန်နှင့် ဥရောပသမဂ္ဂအကြားလက်မှတ်ရေးထိုးထားသည့် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (EPA) ကို ဂျပန်နှင့် ဗြိတိန်တို့အကြား နှစ်နိုင်ငံကုန်သွယ်ရေးတွင် ကျင့်သုံးဆောင်ရွက်နေကြသည်။ ယခုနှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက်ကိုလည်းလာမည့် ဒီဇင်ဘာလကုန် ခန့်တွင် လက်မှတ်ရေးထိုးနိုင်ရန် ဂျပန်အစိုးရက လွှတ်တော်သို့ တင်ပြခွင့်ပြုချက်ရယူရေးပြင်ဆင်ဆောင်ရွက်နေသည်။

ဂျပန်နှင့် ဥရောပသမဂ္ဂအကြားလက်မှတ်ရေးထိုးထားသည့် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (EPA) အရဂျပန်၏ ခရီးသည်တင်မော်တော်ကားများဗြိတိန်သို့ တင်ပို့မှုတွင် အကောက်ခွန်နှုန်း ၇ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်းမပြုပါကအဆိုပါ (EPA) အရစာချုပ်သက်ဝင်ပြီး ရှစ်နှစ်မြောက် အချိန်တွင် အကောက်ခွန်နှုန်းသည် သုည ၀ ရာခိုင်နှုန်း အဖြစ်ရောက်ရှိမည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံအကြားသတင်းအချက်အလက်နည်းပညာပူးပေါင်း ဆောင်ရွက်မှု၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒေတာအချက်အလက်ဆိုင်ရာ သဘောတူညီချက်ကို နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေး လမ်းစဖော်ထုတ်ရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်နည်းပညာအတွက် စည်းမျဉ်းများ လွယ်ကူချောမွေ့စေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ဗြိတိန်အနေဖြင့် ဂျပန်အပါအဝင်လက်ရှိ ၁၁ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် ပစိဖိတ်ဖြတ်ကျော်နိုင်ငံများကုန်သွယ်ရေးအဖွဲ့ (TPP) တွင် ပူးပေါင်းပါဝင်ရေးကိုလည်း စိတ်ပါဝင်စားကြောင်း၊ ဂျပန်ဘက်မှလည်း (TPP) အဖွဲ့တွင် ဗြိတိန်ပါဝင်လာပြီး ပိုမိုတက်ကြွစွာ လှုပ်ရှားဆောင်ရွက်ရန် မျှော်လင့်နေပါကြောင်း သိရသည်။ **နန္ဒာဝင်း (စီးပွားရေးသံမှူး) မြန်မာသံရုံး၊ တိုကျိုမြို့**

# တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်ထား

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN) သည် တရုတ်နိုင်ငံ၏ အရေးကြီးသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာသဖြင့် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းအောင် တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်စတင်ကူးစက်ပျံ့နှံ့သည့် အချိန်မှစတင်၍ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် ဥရောပသမဂ္ဂနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့နှင့် ကုန်သွယ်မှုကျဆင်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ပထမ ငါးလတာကာလ အတွင်း အကောက်ခွန်ဌာနမှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ အာဆီယံနိုင်ငံများနှင့်ကုန်သွယ်မှုပမာဏ(၁ ဒသမ ၇)ထရီလီယံယွမ်( အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံ) ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၄ ဒသမ ၂) ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တရုတ်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့သည်။ ထိုကဲ့သို့ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုတိုးတက်လာခဲ့ခြင်းသည် အပြန်အလှန်ကုန်သွယ်မှု ဖွံ့ဖြိုးနိုင်မည့် အလားအလာများအား ထင်ဟပ်ပြသနေခြင်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်း၍ စက်မှုနှင့် တန်ဖိုး ချိတ်ဆက်ကူးပြောင်းမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် တည်ငြိမ်မှုရှိစေရန် သက်ဆိုင်ရာ ဒေသတွင်း လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ စီမံဆောင်ရွက်မှုများအား အပြည့်အဝ အသုံးချခြင်းဖြင့် ယခုအနေအထားအား ဆက်လက် တည်ရှိစေလိုသည်။

အလားတူပင် လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ချဲ့ထွင်နိုင်ရန် ထောက်ပံ့ပေးမှုများ ဆက်လက် လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး၊ တရုတ်နှင့် အာဆီယံနိုင်ငံများသည် စီးပွားရေးအရ အပြန်အလှန်မှီခိုလျက်ရှိသည်၊ နှစ်ဖက်စလုံးအနေဖြင့် အကျိုးကျေးဇူးများ ရရှိခဲ့ကြပြီး ကဏ္ဍစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်၊ အလားတူပင်




အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ အရ ဈေးကွက် ဖွင့်လှစ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးခြင်း၊ ကမ္ဘာ့စက်မှုနှင့် တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုများ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်နိုင်ငံ၊ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Gao Feng မှ ပြောကြားခဲ့သည်၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် စီးပွားရေး အကျဘက်သို့ဦးတည်နေချိန်တွင် တရုတ်နိုင်ငံသည် အာဆီယံ၏ အဓိက စီးပွားဖက်နိုင်ငံဖြစ်လာခဲ့သည်။ အလားတူပင် အာဆီယံနိုင်ငံများအတွက် ကြီးမားသည့်ဈေးကွက်ဖြစ်ပြီး တရုတ် နိုင်ငံသည် စီးပွားရေးကျဆင်းရာမှ ပြန်လည်နလန်ထူလာ ပြီဖြစ်သဖြင့် အာဆီယံနိုင်ငံများမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ integrated circuits များ၊ ရော်ဘာ၊ သံသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် ကြေးနီတို့ကို ပိုမိုဝယ်ယူနိုင်ဖွယ်ရှိကြောင်း စီးပွားရေးလေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။

**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ ပေကျင်း**

# ပြည်တွင်းဝယ်လိုအား မြင့်တက်နေသောကြောင့် ပြည်ပသို့ ပြောင်းတင်ပို့မှု ရပ်ဆိုင်းထား

ယခု ကာလအတွင်း ပြည်တွင်း၌ ပြောင်းသီးနှံ ရောင်းချမှုအခြေအနေမှာ ဝယ်လိုအား မြင့်တက်နေပြီး ဈေးနှုန်းရရှိမှုလည်း မြင့်တက်နေသောကြောင့် ပြည်ပနိုင်ငံများသို့ ပြောင်းတင်ပို့မှုကို ရပ်ဆိုင်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

လက်ရှိတွင် ပြည်တွင်း၌ ပြောင်းတစ်ပိဿာပေါက်ဈေး ကျပ် ၅၇၀ မှ ကျပ် ၅၈၀ အထိ ဈေးနှုန်းရရှိနေသောကြောင့် တောင်သူများအနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များကို ဦးစားပေး ရောင်းချနေခြင်းဖြစ်ကာ ပြည်တွင်း၌ ပြောင်းအသုံးပြုမှုဖူလုံပြီး အဝယ် လျော့နည်းလာပါက ပြည်ပတင်ပို့ရေး အပိုင်းများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ယင်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က ဇွန် ၁၆ ရက်တွင် ပြောသည်။

"လောလောဆယ် ပြည်တွင်းက အစာချက်လုပ်ငန်းတွေက သူတို့ရဲ့လိုအပ်ချက်ကို ပြည့်မီအောင်ဝယ်ထားဖို့ လိုအပ်တာကြောင့် တိုးမြှင့်ဝယ်လာကြတဲ့အခါမှာ ပြည်တွင်းက ပြောင်းဈေးတွေက မြင့်လာတယ်။ ပြည်ပကိုတင်ပို့ရင် ပြည်တွင်းလောက် ဈေးမရတာကြောင့် ပြည်ပတင်ပို့မှုက ရပ်သလောက် ဖြစ်နေတယ်"ဟု ၎င်းကပြောသည်။

မေလပိုင်းမှစတင်၍ ပြည်တွင်း၌ ပြောင်းဝယ်လိုအား မြင့်တက်လာခြင်းဖြစ်ကာ မြဝတီဘက်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင် ရရှိသောပြောင်းဈေးနှင့် ရန်ကုန်ဈေးကွက်တွင်ရရှိသော ပြောင်းဈေး ကွာဟသောကြောင့် ရန်ကုန်ဈေးကွက်တွင် ဦးစားပေး ရောင်းချလာခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင်လည်း ပြည်တွင်းပြောင်းဈေးကွက်ခိုင်မာခဲ့သောကြောင့် ပြည်တွင်းဈေးကွက်ကို ဦးစားပေးရောင်းချမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

"အခု မြန်မာနိုင်ငံမှာ တစ်နှစ်ကို ပြောင်းတန်ချိန် နှစ်သန်းခွဲကနေ သုံးသန်းလောက် ထွက်တယ်။ ပြည်တွင်းလုပ်ငန်းတွေက တန်ချိန် ၁ ဒသမ ၂ သန်းသုံးတယ်။ ဒီနှစ်မှာတော့ ၁ ဒသမ ၅ သန်းလောက်သုံးမယ်ဆိုပြီးရှိလို့ ပြည်တွင်း ဝယ်လိုအားလည်း များလာတယ်။ ဒီနှစ်မှာ ကျွန်တော်တို့ပိုင်းကနေ ပြောင်းပို့ထွက်နိုင်တယ်ဆိုပြီး ခန့်မှန်းထားပေမယ့် ရာသီဥတု အခြေအနေရယ်၊ ပိုးဖျက်တာတွေခံရတော့ မျှော်မှန်းတာထက် ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းကြား လျော့ထွက်သွားတယ်။ လျော့ထွက်တဲ့ အချိန်မှာ တိုးဝယ်တာတွေ ရှိလာလို့ ဈေးနှုန်းတက်တဲ့ အခြေအနေမျိုး ဖြစ်သွား ယ်။ လာမယ့် ၂၀၂၁ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်မှာလည်း ပြောင်းကဏ္ဍက အခြေအနေ ကောင်းဦးမယ်လို့ မျှော်မှန်းထားတယ်"ဟု ဦးမင်းခိုင်က ပြောသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းဧက တစ်သန်းကျော် စိုက်ပျိုးကြပြီး ထပ်မံ၍စိုက်ပျိုးရရှိသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဧကပေါင်း နှစ်သန်းကျော် ကျန်ရှိနေသေးသောကြောင့် တိုးချဲ့စိုက်ပျိုးလိုပါက စိုက်ပျိုးရန် မြေနေရာများရှိကာ လာမည့်နှစ်များတွင်လည်း ပြောင်းကဏ္ဍမှာ တိုးတက်လာသောကြောင့် ပိုမိုစိုက်ပျိုးသင့်သည့် အခြေအနေဖြစ်ကြောင်း ပြောင်းလုပ်ငန်းရှင်များက ပြောသည်။

ပြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ထုတ်လုပ်သူ၊ ကုန်သည်၊ အစာစက်ရုံများ၊ အသင်းအဖွဲ့များနှင့် အစိုးရတို့ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပြီး စိုက်ပျိုးတောင်သူများအတွက် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိအောင် ဆောင်ရွက်ပေးသင့်သည့်အပြင် တစ်ဧက စိုက်ပျိုးစရိတ် ကုန်ကျငွေများ လျှော့ချရေးနှင့် အထွက်နှုန်း တိုးစေရေးအတွက် ဈေးနှုန်းသက်သာသော သွင်းအားစုများ အလွယ်တကူ ရရှိရေးနှင့် နည်းပညာများလည်း ပံ့ပိုးပေးသင့်ပြီး အားလုံးပါဝင်နိုင်သော အကျိုးတူပူးပေါင်းစနစ်ကိုလည်း ဖန်တီးပေးသင့်ကြောင်း ၎င်းတို့က ပြောသည်။

**ပန်းဆု**

# မြိတ်မြို့ ဆေးရုံအတွင်းရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပါဝင်သည့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနတို့ပူးပေါင်း၍ ဇွန် ၁၂ ရက်တွင် မြိတ်မြို့ ဆေးရုံအတွင်း ရောင်းချလျက်ရှိသော ဆေးဆိုင်များအား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆေးရုံအတွင်းရှိဆေးဆိုင်များ၌ ကောင်းမွန်သော ဆေးဝါးရောင်းချမှု ကျင့်စဉ်သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ၊ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိသောဆေးဝါးများ၊ အများပြည်သူသောက်သုံးရန်မသင့်သော တားမြစ်ဆေးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ online ပေါ်မှတစ်ဆင့်ရောင်းချလျက်ရှိသော တရားမဝင်လိုင်စင်မဲ့ Vaxigrip Tetra Flu Vaccine (ခေါ်) တုပ်ကွေးရောဂါ ကာကွယ်ဆေးများ ရောင်းချမှု ရှိ/မရှိ စစ်ဆေးခဲ့ရာ ဆေးဆိုင်များမှာ GPP သတ်မှတ်ချက်နှင့်အညီ ရောင်းလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၂/ ၂၀၁၉)နှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသော ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍၊ တွဲလျက်ဖြစ်စေ ဖော်ပြပေးရမည့်အချက်များအား ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်ဝင်းနိုင်(မြိတ်)**


ပထမပုဂ္ဂလိကဘဏ်လီမိတက်
'အများနှင့်သက်ဆိုင်သောကုမ္ပဏီ'
myKyat your mobile money
'ဘဏ်ဝန်ဆောင်မှုများ'




ငွေစုဘဏ်စာရင်း၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ ပြည်တွင်းငွေလွှဲလုပ်ငန်း၊ နိုင်ငံခြားငွေ စာရင်းရှင်အပ်ငွေစာရင်းဖွင့်လှစ်ခြင်း၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းငွေလွှဲစာတမ်း(LC) ကြေးနန်းဖြင့် ငွေလွှဲပေးပို့ခြင်း (TT)နိုင်ငံခြားငွေလွှဲလုပ်ငန်း၊ Western Union နှင့်ချိတ်ဆက်ပြီးနိုင်ငံပေါင်း(၂၀၀)ကျော်မှ ငွေလွှဲပေးပို့ခြင်း၊ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ခြင်းလုပ်ငန်း၊ ချေးငွေလုပ်ငန်း၊ ပစ္စည်းအငှားဝယ်ယူခြင်းလုပ်ငန်း (Hire Purchase) Mykyat မိုဘိုင်းလုပ်ငန်းနှင့် ပြည်နယ်နှင့်တိုင်း(၁၄)ခုရှိမြန်မာ့စာတိုက်ခွဲ(၆၄၈)ခု၊ ကိုယ်စားလှယ်ပေါင်း(၁၄၅၂)ဦးနှင့် ချိတ်ဆက်ပြီး မိုဘိုင်းလ်ဖုန်းဖြင့် ငွေလွှဲပေးပို့နိုင်ခြင်း

ပထမပုဂ္ဂလိကဘဏ် - ရန်ကုန်(ရုံးချုပ်)၊ နေပြည် တော်၊ ဘုရင့်နောင်၊ မန္တလေး၊ မန္တလေး လမ်း(၃၀)၊ မုံရွာ၊ သိမ်ကြီးဈေး၊ ပြည်၊ ဟသ်ာတ၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မကွေး၊ ထားဝယ်၊ မြိတ်၊ လသာ၊ ကော့သောင်း၊ အောင်ပန်း၊ အလုံ၊ မော်လမြိုင်၊ ကလေး၊ တောင်ကြီး၊ လှိုင်ကော်၊ သီရိရတနာ၊ ဘားအံ၊ ဂန့်ဂေါ၊ မုံရွာဘဏ်ခွဲ(၂၅)၊ ဘုတလင်၊ မင်းလှ၊ ပုသိမ်၊ ကမ္မ၊ တီးတိန်၊ မအူပင်၊ မြစ်ကြီးနား၊ မြဝတီ၊ မြိုင်၊ ရွှေဘိုဘဏ်ခွဲများနှင့် ထွန်းကော်မာရှယ်ဘဏ်၊ ရွာဝတီဘဏ်၊ သမဝါယမဘဏ်၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ခွဲများရှိသောမြို့များနှင့်ချိတ်ဆက်ပြီး လွယ်ကူမြန်ဆန်စွာ ငွေလွှဲပေးပို့နိုင်ပါသည်။

Email : hofirst.private@gmail.com, fpbbank@myanmar.com.mm, fpb.hq@mptmail.net.mm, fpbhohr@gmail.com
No.(619/621), corner of Merchant road and Bo Soon Pat Street, Pabedan Township, Yangon,
TEL : (95-1)246786, 251748, 251749, 251750, 388502, 242320, 250148, 252408, 376452, 378268, 378269; Fax : 01-251749
https://www.firstprivatebank.com.mm




Oishi
RIBBED
CRACKLINGS
CHICKEN CURRY FLAVOR
Oishi
O, Wow!

RobAIoTric
RobAIoTric
Leading the Future
FESTO
TURCK
SIEMENS
BANNER
PEPPERL+FUCHS
MITSUBISHI MOTORS
Drive your Ambition
Address : No.(41/1), Moe Swe Street, (14/2)Quarter, South Okkalapa Township, Yangon, Myanmar
Hot Line : 01-572028, 09-420168985, 095146582
Email : sales@robaiotric.com
Website : www.robaiotric.com

Royal
Apex
Sanitary Ware
Showroom : Future Royal Sky Line Intemational Trading Co.,Ltd.
Add : No.1256(B-1), Bo Min Yaung Road, (41) Ward, North Dagon Township, Yangon.
Tel : +959 5203055, +959 423643464.
Email : Foyalskyline@gmail.com
AUSTRALIA STANDARD
WATER MARK
AS 1172
Lic WMKA 22127

COMMERCE INTERNATIONAL

# ဂျပန်က ပြည်ဝင်ခွင့် ကန့်သတ်ချက်များကို လျှော့ချနိုင်ရေး ဆွေးနွေးမည်

ဂျပန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ် ပြန့်ပွားမှုကို ထိန်းချုပ်ရန် ချမှတ်ထားသော ခရီးသွားကန့်သတ်ချက်များကို တဖြည်းဖြည်း လျှော့ချသွားရန် နည်းလမ်းများရှာဖွေလျက်ရှိရာ ဩစတြေးလျ၊ နယူးဇီလန်၊ ထိုင်းနှင့် ဗီယက်နမ်တို့ပေါ် ချမှတ်ထားသော ပြည်ဝင်ခွင့်ကန့်သတ်ချက်များကို လျှော့ချနိုင်ရေးဆွေးနွေးသွားမည်ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဇွန် ၁၈ ရက်တွင်ပြောကြောင်း မိုင်နိအိချိသတင်းတွင်ဖော်ပြသည်။

ဗိုင်းရပ်စ်ကူးစက်မှုမရှိကြောင်း စစ်ဆေးချက်နှင့် ဆက်သွယ်မှုကို နောက်ကြောင်းခံနိုင်ရန်အတွက် စမတ်ဖုန်းများတွင် GPS Data ကိုထည့်သွင်းသိမ်းဆည်းထားမည်ဆိုပါက ဤနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကို ဂျပန်နိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုမည်ဖြစ်သည်။

ယခုဆောင်ရွက်မှုသည် အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုကို ဂျပန်နိုင်ငံက ပြန်လည်လက်ခံရာတွင် ဆောင်ရွက်သော ပထမဆုံးခြေလှမ်းဖြစ်သည်။ ဤလေးနိုင်ငံကို ရွေးချယ်ရခြင်းမှာ ထိုနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ကိုထိန်းချုပ်နိုင်ပြီးဖြစ်ကြောင်းနှင့် တခြားသောနိုင်ငံများအပေါ် ချမှတ်ထားသော ကန့်သတ်ချက်များကိုလည်း အခြေအနေတိုးတက်ကောင်းမွန်သည်နှင့် နောက်ပိုင်းတွင် လျှော့ချသွားမည်ဖြစ်ကြောင်း ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေး အစိုးရလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် အာဘေးက ပြောသည်။

ဤသို့ လျှော့ချလိုက်ခြင်းဖြင့် ဩစတြေးလျ၊ နယူးဇီလန်၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ နိုင်ငံခြားသားခရီးသွားအားလုံးကို လက်ခံမည့်သဘောမဟုတ်ဘဲ ဂျပန်နှင့် မိခင်နိုင်ငံနှစ်နိုင်ငံကိုသာ ခရီးသွားသည့် နိုင်ငံသားများကိုသာ လက်ခံမည်ဖြစ်သည်။

အမှုဆောင်အရာရှိများ၊ နည်းပညာဝန်ထမ်းများနှင့် နည်းပညာဆိုင်ရာ အလုပ်သင်လေ့လာရေးအစီအစဉ်တွင် ပါဝင်သူများသည် ဤအစီအစဉ်တွင် အကျုံးဝင်သည်။ ကျောင်းသားများမှာ အချိန်ပို စောင့်ရဦးမည်ဖြစ်ပြီး သူတို့နောက်မှသာ နိုင်ငံခြားသားခရီးသွားများကို လက်ခံမည်ဖြစ်သည်။



## ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့် လျှပ်စစ်ကားများအဖြစ် ပြောင်းလဲရန် အွန်လိုင်းတက္ကစီ Lyft ကတိပြု

ကုမ္ပဏီ၏ အွန်လိုင်းတက္ကစီလုပ်ငန်းနှင့် အငှားကား ပလက်ဖောင်းတွင်ရှိသော ယာဉ်မှန်သမျှကို ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ကားများအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း အွန်လိုင်းတက္ကစီလုပ်ငန်း Lyft က ဇွန် ၁၇ ရက်တွင်ပြောသည်။ သို့သော်လည်း ဓာတ်ငွေ့ဖြင့်မောင်းသောကားများကို ပြောင်းလဲရေးအတွက် ယာဉ်မောင်းများကို တိုက်ရိုက်ထောက်ပံ့ပေးမည်မဟုတ်ဟု ရိုက်တာတွင် ဖော်ပြသည်။

ပြိုင်ဘက်များ၊ ဥပဒေပြုအမတ်များနှင့် မော်တော်ကားထုတ်လုပ်သူများအား ငွေကြေးဆိုင်ရာ မက်လုံးများ ဖန်တီးပေးခြင်းဖြင့် လျှပ်စစ်ကားအဖြစ် ပြောင်းရာတွင် ယာဉ်မောင်းများအတွက် ပိုမိုလွယ်ကူအောင် ဆောင်ရွက်နိုင်စေရန် ကုမ္ပဏီကစီစဉ်ထားသည်။ မူဝါဒပြောင်းလဲမှုကို ဆောင်ရွက်ရန်အတွက် ကုမ္ပဏီက အတိုင်းအတာတစ်ခုအထိ ရောက်နေပြီဖြစ်ကြောင်း Lyft ကုမ္ပဏီ ပူးတွဲတည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဂျွန်ဇင်းမားကပြောသည်။

မက်လုံးပေးသည့် ရန်ပုံငွေများကို ယာဉ်မောင်းများ လက်လှမ်းမီရရှိရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးပမ်းကူညီသွားမည်ဖြစ်ကြောင်း လောလောဆယ် အသုံးပြုနေသော ကားများတွင် လျှပ်စစ်ကား ၁ ရာခိုင်နှုန်းကို ထည့်သွင်းအသုံးပြုနေသော Lyft က ပြောသည်။

'မူဝါဒရေးဆွဲသူတွေက လာမယ့်နှစ်အနည်းငယ်အတွင်း သူတို့လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွား မယ်ဆိုရင် လျှပ်စစ်ကားတွေက ဆယ်စုနှစ်ဝက်လောက်မှာ ဓာတ်ဆီသုံးကားတွေနဲ့ ကုန်ကျစရိတ်ကို ယှဉ်နိုင်သွားမှာပါ'ဟု ကုမ္ပဏီကပြောသည်။

ကားများကိုလျှပ်စစ်ဓာတ်အားသုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် Lyft နှင့် သူ့ထက်ကြီးသောပြိုင်ဘက် Uber Technologies တို့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူတို့က တိုက်တွန်းထားသည်။ ပုဂ္ဂလိကကားသွားလာမှုထက် အွန်လိုင်းတက္ကစီလုပ်ငန်းများကြောင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုကြောင်းဖေဖော်ဝါရီကပြုလုပ်သော စစ်တမ်းအရ သိရသည်။

လောလောဆယ်တွင် လျှပ်စစ်ကားများက ဓာတ်ဆီကားများထက် ပိုဈေးကြီးသော်လည်း လုပ်ငန်းလည်ပတ်မှုစရိတ်နှင့် ထိန်းသိမ်းမှုစရိတ်က အချိန်ကြာမြင့်သည်နှင့်အမျှ ပိုသက်သာသည်။

စံမီအောင် စုစည်းသည်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် နော်ဝေနှင့် အိုင်ယာလန်တို့ အဖွဲ့ဝင်အဖြစ် အရွေးခံရ

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မဲပေးသည့်လုပ်ထုံးလုပ်နည်းများ ထူးထူးခြားခြား အမျိုးမျိုးကွဲပြားစွာဖြင့် ကုလသမဂ္ဂတွင် ရွေးကောက်ပွဲများကို ဆောင်ရွက်ခဲ့ပြီးနောက် နော်ဝေနှင့် အိုင်ယာလန်နိုင်ငံတို့သည် တန်ခိုးအာဏာကြီးမားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နေရာများတွင် ရွေးချယ်ခံခဲ့ရကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

အနီးကပ်စောင့်ကြည့်ဆောင်ရွက်သော ပြိုင်ပွဲတွင် အဖွဲ့ဝင် ၁၅ နိုင်ငံပါသောကောင်စီ၌ ဥရောပနိုင်ငံများအတွက် ရရှိသော အဖွဲ့ဝင်နေရာနှစ်နေရာအတွက် အခြားနိုင်ငံနှစ်ခုနှင့် ယှဉ်ပြိုင်ရွေးချယ်ခံရာတွင် ကနေဒါနိုင်ငံ လက်လွတ်ဆုံးရှုံးခဲ့သည်။ ယခုတစ်ကြိမ် ရှုံးနိမ့်ခြင်းသည် နှစ်ကြိမ်ဆက်တိုက်ရှုံးနိမ့်ခြင်းဖြစ်ရာ ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒေါအတွက် ထိုးနှက်ချက်တစ်ခုဖြစ်ခဲ့သည်။

အိန္ဒိယနှင့် အိုင်ယာလန်နိုင်ငံတို့မှာမူ မိမိတိုသက်ဆိုင်ရာနယ်များအတွက် ပြိုင်ဘက်မရှိအနိုင်ရခဲ့သည်။ အာဖရိကနိုင်ငံများအတွက် တစ်နေရာကို ရွေးချယ်ရာတွင် ကင်ညာနှင့် ဂျီဘောက်တီ နှစ်နိုင်ငံစလုံး လိုအပ်သော မဲအရေအတွက် သုံးပုံနှစ်ပုံကို မရသဖြင့်ဇွန် ၁၈ ရက်တွင် ပြန်လည်ရွေးချယ်ခဲ့ရာ ဂျီဘောက်တီက လိုအပ်သော မဲအရေအတွက်ကို မရရှိသဖြင့် ကင်ညာနိုင်ငံက မဲအရေအတွက် ၁၂၉ မဲဖြင့်အနိုင်ရရှိခဲ့သည်။

ယခင်နှစ်များကမူ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံတမန်များသည် လျှို့ဝှက်ဆန္ဒမဲပေးသော ကျယ်ပြန့်သည့် ခန်းမကြီးထဲသို့ ရောက်ရှိလာပြီး မဲပေးကြရသည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကုလသမဂ္ဂသည် စည်းမျဉ်းသစ်များကိုချမှတ်ကာ ရွေးချယ်ပွဲကိုဆောင်ရွက်ခဲ့ရသည်။

နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ် အဆောက်အအုံကြီးကို အရေးကြီးလုပ်သားများအတွက် ဖွင့်ပေးထားသော်လည်း ကိုရိုနာရောဂါကြောင့် ကုလသမဂ္ဂဝန်ထမ်းများကို ဇူလိုင် ၃၁ ရက်အထိ အိမ်မှနေ၍အလုပ်လုပ်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်က အမိန့်ပေးထားသည်။

လုံခြုံရေးကောင်စီတွင် ကြီးမားသော အခွင့်အာဏာရှိသဖြင့် လုံခြုံရေးကောင်စီဝင်အဖြစ် ရွေးချယ်ခံရခြင်းသည် ရွေးချယ်ခံရသော နိုင်ငံအတွက် အောင်မြင်မှုတစ်ခုအဖြစ် မှတ်ယူထားကြသည်။

## ယခုနှစ် ပထမ သုံးလပတ်အတွင်း အရှေ့တောင်အာရှ စမတ်ဖုန်းဈေးကွက် ထိပ်ဆုံးနေရာသို့ ဆမ်ဆောင်းရောက်ရှိ

ယခုနှစ် ပထမသုံးလပတ်တွင် တရုတ်ပြိုင်ဘက်များကို ကျော်လွန်ပြီး အရှေ့တောင်အာရှစမတ်ဖုန်းဈေးကွက်၌ ဆမ်ဆောင်းအီလက်ထရွန်နစ်က ထိပ်ဆုံးနေရာကို ပြန်လည်ရယူခဲ့သည်ဟု ဇွန် ၁၇ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ယွန်ဟပ်သတင်းတွင်ဖော်ပြသည်။

ဇန်နဝါရီ-မတ် သုံးလပတ်ကာလတွင် အရှေ့တောင်အာရှ ဈေးကွက်ဝေစု၏ ၁၈ ဒသမ ၉ ရာခိုင်နှုန်းကို ရယူနိုင်ခဲ့ပြီး တရုတ်ဖုန်းလုပ်ငန်း အော့ပိုကို ကျော်တက်ခဲ့ကြောင်း ဈေးကွက်ထောက်လှမ်းရေးလုပ်ငန်း Counterpoint Research တွင် ဖော်ပြသည်။

တရုတ်ထုတ်လုပ်သူများက ဤစာရင်းတွင် တတိယမှ ပဉ္စမနေရာအထိ ပါဝင်နေသည်။ ရှောင်မီက ဈေးကွက်ဝေစု ၁၄ ဒသမ ၈ ရာခိုင်နှုန်းဖြင့် တတိယနေရာကိုရယူထားပြီး ဗီဗိုက ၁၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် ရီးရဲမီက ၇ ဒသမ ၃ ဖြင့် နောက်မှ အသီးသီးလိုက်ပါလျက်ရှိသည်။

ဆမ်ဆောင်းသည် အရှေ့တောင်အာရှဈေးကွက်တွင် ထိပ်ဆုံးနေရာကို ယူထားခဲ့သော်လည်းယခင်နှစ် စတုတ္ထသုံးလပတ်က အော့ပို၏ ကျော်တက်ခြင်းကို ခံခဲ့ရသည်။

ဒေသတွင်း၌ ပရီမီယံစမတ်ဖုန်းများ ဝယ်လိုအားမြင့်တက်မှုက ဆမ်ဆောင်း၏ ဝယ်လိုအားကို ကောင်းမွန်စေခဲ့ကြောင်း Counterpoint Research သုတေသနဌာနက ပြောသည်။

အမေရိကန်ဒေါ်လာ ၁၀၀ အောက်ရှိသော စမတ်ဖုန်းများ၏ အရှေ့တောင်အာရှဈေးကွက်ဝေစုမှာ ၂၇ ရာခိုင်နှုန်းရှိရာ ယခင်နှစ်က ရှိခဲ့သော ၄၆ ရာခိုင်နှုန်းမှ ကျဆင်းလာခြင်းဖြစ်သည်။

Beat Plastic Pollution

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။